# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကိုယ်ချင်းစာတရားထား

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်    ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၆ ရက်၊ တနင်္လာနေ့    အတွဲ (၅၉)၊ အမှတ် (၀၉၈)


## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၁/၂၀၂၀)
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်) တနင်္လာနေ့၊ ၁၃၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
နာယက

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် (၁/၂၀၂၀)
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ် (၁/၂၀၂၀)
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်) တနင်္လာနေ့၊ နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ

# ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေး

**နေပြည်တော် ဇန်နဝါရီ ၅**

ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စတုတ္ထနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ **(ယာပုံ)**




ယနေ့ပြပွဲတွင် နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုရွေးချယ်၍ ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယခုရောင်းချပွဲကို ဇန်နဝါရီ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ အမှတ် ၁၂၅၁ မှ အတွဲအမှတ် ၂၅၀၀ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ကို ဇန်နဝါရီ ၆ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် ၂၅၀၁ မှ အတွဲအမှတ် ၃၆၉၅ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၁၉၅ တွဲကို ဇန်နဝါရီ ၇ ရက်တွင် လည်းကောင်း


*စာမျက်နှာ ၃ ကော်လံ ၄* ❊



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# လူမှုအဖွဲ့အစည်းကို အခြေခံသည့် ပညာရေး

"လက်မှုပညာသင်ကျောင်းတွေ များလာအောင် ပိုပြီးကြိုးစားရလိမ့်မည်၊ အသက်မွေးဝမ်းကျောင်းပညာ၊ အထွေထွေလက်မှုပညာတွေကို ပိုပြီး အားပေးရမည်။ စာအုပ်တွေထုတ်တဲ့ နေရာမှာလည်း လူအများအတွက် အရေးတကြီးလိုအပ်သည့် စာအုပ်တွေ၊ အသုံးကျမည့် စာအုပ်တွေကို ဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေဖို့ကို စိတ်ထဲမှာ စွဲထားရမည်။ ဘာသာပြန်ဌာနကြီးကြီးတစ်ခုကို ဖွင့်ရမည်။ နိုင်ငံခြားကို ပညာသင်တွေ လွှတ်ရမည်။ သို့သော်လည်း သူတို့ပြန်လာလျှင် တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် လုပ်နိုင်ကိုင်နိုင်အောင် အသုံးကျတဲ့ ပညာမျိုးတွေကို ကျကျနန ယူလာနိုင်အောင်လုပ်ရမည်။ အဆိုပါ ပညာတော်သင်တွေအတွက် သင်ကြားဖို့ရာ ပညာရပ်တွေ ရွေးချယ်သည့်နေရာမှာ တိုင်းပြည်ပြန်လည်ထူထောင်ရေးအသုံးကိုကြည့်ပြီး ရွေးချယ်ရမည်။ ရွေးချယ်ခံရမည့် ကျောင်းသားတွေဟာ အရည်အချင်း ကျကျနန ပြည့်စုံရမည့် ကျောင်းသားတွေဖြစ်ရမည်။ သူတို့ ပညာတော်သင်ပြီး ပြန်လာသည့်အခါမှာ အလုပ်ရဖို့ အာမခံထားနိုင်ဖို့သင့်သည်။ ပြီးတော့ ကျကျနနသင်ကြားရမည့် ပညာရပ်တွေကို သူတို့ကောင်းကောင်းမွန်မွန်သင်ကြဖို့ ကျွန်တော်တို့က အရေးယူရလိမ့်မည်"

အထက်ပါ စကားများသည် အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်နေ့ ပြုလုပ်သည့် ပြန်လည်ထူထောင်ရေးကွန်ဖရင့်တွင် ပြောကြားသည့် မိန့်ခွန်းထဲက ကောက်နုတ်ထားခြင်း ဖြစ်ပါသည်။

နိုင်ငံကို တည်ဆောက်သည့်နေရာတွင် ပညာရေးမည်မျှလောက် အရေးပါသည်၊ ပညာရေးတွင် မည်သို့ဂရုတစိုက်ပြုစုပျိုးထောင်ရမည်ဆိုသည်ကို အလေးအနက်ထားမှုအပြည့်တိကျသော လမ်းညွှန်ချက်များဖြင့် ဖော်ပြထားသည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

ဝိဇ္ဇာသိပ္ပံဘွဲ့ရပညာရှင်များ၊ မဟာဘွဲ့ရှင်များ၊ ပါရဂူများကိုသာ ထုတ်လုပ်နေရမည့် ပညာရေးစနစ်မျိုးမဟုတ်ဘဲ စက်မှုလက်မှုပညာရပ်များကို လက်တွေ့လုပ်နိုင်သည့် ကျွမ်းကျင်သူများကို ပိုမိုများများစားစား လိုအပ်နေမှုနှင့် ကိုက်ညီသည့် ပညာရေး အစီအမံဖြစ်ပါသည်။ အထွေထွေစက်မှုလက်မှုပညာရပ်များဆိုင်ရာ လက်တွေ့လုပ်ငန်းများ၊ ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းများ၊ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့်ခရီးသွား၊ ချက်ပြုတ်ချုပ်လုပ် အစရှိသော နယ်ပယ်အသီးသီးက ပညာရပ်ဆိုင်ရာများတွင် အမှန်တကယ် လုပ်ကိုင်ကျွမ်းကျင်သည့်သူများကို မွေးထုတ်နိုင်ရေးက လိုအပ်ချက် ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် အားယူကြိုးကုတ်နေသည့် ယနေ့လိုကာလအတွက် အရေးကြီးသည့် ပညာရေးရည်မှန်းချက် ဖြစ်ပါမည်။

ထိုကဲ့သို့ အထွေထွေလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်သူများကို လိုအပ်သလို နိုင်ငံတကာနှင့် အမီလိုက်နိုင်သော မဟာပညာရှင်များ၊ ပါရဂူများ အပါအဝင် ခေတ်မီနည်းပညာ အတတ်ပညာရှင်များကိုလည်း နိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီသည်များကို ရွေးချယ်ကာ နိုင်ငံခြားပညာသင်လွှတ်ခြင်းများ ပြုရပါသည်။ နိုင်ငံတကာက ခေတ်မီပညာရပ်များနှင့် အတွေ့အကြုံတို့ကို နိုင်ငံတွင် ပြန်လည်အသုံးချလုပ်ကိုင်နိုင်ရန် အလို့ငှာ ထိုပညာရပ်များဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးခြင်း၊ နိုင်ငံ၏လိုအပ်သည့် လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်မည့် အစီအမံများကို စီစဉ်ပေးခြင်း စသည်တို့ကို မူဝါဒ ချမှတ်ပြင်ဆင်နိုင်သည့် ပညာရေး ဖြစ်ပါသည်။

အမြော်အမြင်ကြီးသည့် ခေါင်းဆောင်များသည် နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားကို ဘက်စုံထောင့်စုံသိမြင်နှံ့စပ်ပြီး ပညာရေး အစီအမံများ ရေးဆွဲချမှတ်ခြင်းသည် အနာဂတ်ကို တည်ဆောက်ခြင်းပင် ဖြစ်ပါသည်။

ပညာရေးသည် သီးခြားကင်းလွတ်နေသည့် နယ်ပယ်တစ်ခု မဟုတ်ဘဲ လူ့အဖွဲ့အစည်းနှင့် ဆက်စပ်ယှဉ်တွဲစဉ်းစားရသည့် လုပ်ငန်း ဖြစ်ပါသည်။ အထူးသဖြင့် တိုင်းပြည်ထူထောင်ရေး ကာလတွင် လက်တွေ့အသုံးကျမည့် ပညာရပ်များနှင့် သက်မွေးကျောင်းမှုဆိုင်ရာ၊ အထွေထွေစက်မှုလက်မှု ပညာရပ်များ ဆိုင်ရာတို့ကို ဦးစားပေးရေးကို အလေးထားကြရမည် မဟုတ်ပါလား။ ။

# (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ထူးချွန်သူများအား ဂုဏ်ပြုဆုပေးအပ်ပွဲ ကျင်းပ

**ပဲခူး ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဇန်နဝါရီ ၄ ရက် ညနေ ၆နာရီက (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ထူးချွန်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိသူငါးဦး၊ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲဆုရရှိသူ ခြောက်ဦး၊ ပဲခူးမြို့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မိုး၊ ရေတာရှည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်၊ ရှေးဟောင်းပစ္စည်းများအပ်နှံသူ ကဝမြို့နယ်မှ ဦးသန်းရွှေ၊ ဦးစန်းမောင်၊ လွတ်လပ်ရေးမော်ကွန်းဝင်တစ်ဦးတို့အား ဂုဏ်ပြုဆုများနှင့် မြင်းကျားဆေးလိပ်ခုံပိုင်ရှင် အလှူရှင် ဦးမြင့်စိန်နှင့် ဒေါ်လှကြည်တို့က ပဲခူးပြည်သူ့ဆေးရုံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်အတူ ညစာသုံးဆောင်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တက်ရောက်လာကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ တေးသံရှင်များက တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုချီးမြှင့်စဉ်။

# မအူပင်မြို့ အထက (၁) ၏ နှစ် (၁၂၀) ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**မအူပင် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း (ယခင် ဟိုက်စကူးကျောင်း) ၏ နှစ် (၁၂၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်းရှိ မြတ်ပညာခန်းမ၌ ကျင်းပခဲ့ရာ အ-ထ-က (၁) ကျောင်းမှ နဝမတန်း ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့်သီဆို၍ အခမ်းအနား ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် သီရိပျံချီ ဦးသိန်းညွန့် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၊ ဒေါက်တာသန်းအောင် (ပြည်ထောင်စုဝန်ကြီး- ငြိမ်း)နှင့် ခရိုင်ပညာရေးမှူး ဦးအောင်ဇေယျတို့က မုဒိတာစကားပြောကြားခဲ့ကြပြီး အခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ နှစ် (၁၂၀) ပြည့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် နှစ် (၁၂၀) ပြည့် အထိမ်းအမှတ် ကျင်းပရန် ပါဝင်လှူဒါန်းကြသည့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

အခမ်းအနားသို့ မအူပင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ခိုင်၊ ဝဏ္ဏနိုင်**

# တောင်ဒဂုံမြို့နယ်တွင် ဘိုးဘွားရိပ်သာနှစ်ထပ်တိုးချဲ့အဆောင်သစ် ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၄၆) ၌ Save the Aged သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး ပရဟိတအသင်းမှ သက်ကြီးအဖိုး၊ အဖွားများ စောင့်ရှောက်နိုင်စေရန် ဘိုးဘွားရိပ်သာ နှစ်ထပ်တိုးချဲ့ အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဘိုးဘွားရိပ်သာတိုးချဲ့ အဆောင်သစ် ဖွင့်ပွဲနှင့်အတူ သက်ကြီး ရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး ပရဟိတအသင်း၏ (၁၀) နှစ်ပြည့် နှစ်ပတ်လည်နှင့် Save the Aged ဘိုးဘွားရိပ်သာ (၅) နှစ်ပြည့် အခမ်းအနားကို ကျင်းပရာ တောင်ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး ပရဟိတအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

"ဂေဟာမှာလမ်းဘေးမှာ စွန့်ပစ်ခံရတဲ့ အဖိုး၊ အဖွားတွေလည်းပါလာပြီး သူတို့မှာစိတ်ပိုင်းဆိုင်ရာ ပုံမှန်မဟုတ်တဲ့ ရောဂါတွေပါလာတယ်။ သူတို့ကို ဒီဂေဟာအဆောင်ထဲမှာ ကောင်းတဲ့ အဖိုး၊ အဖွားတွေနဲ့ ရောထားတော့ ကောင်းတဲ့ အဖိုး၊ အဖွားတွေပါ အခြား ကျန်းမာရေးထိခိုက်မှုတွေ ဖြစ်လာတယ်။ အခုနှစ်ထပ်အဆောင်သစ်ကြီး ပေါ်မှာ ကောင်းတဲ့အဖိုး၊ အဖွားနဲ့ ကျန်းမာရေးထိခိုက်မှုရှိတဲ့ အဖိုး၊ အဖွားတွေ သပ်သပ်စီခြားပြီး ထားမှာဖြစ်လို့ သူတို့နေရေးအတွက် အရင်ကထက်ကို အစဉ်ပြေမှာပါ" ဟု Save the Aged သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး ပရဟိတအသင်း စောင့်ရှောက်ရေးဂေဟာ ဥက္ကဋ္ဌ ဒေါ်ဖြိုးသီရိက ပြောသည်။

ယင်း သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး ပရဟိတအသင်း စောင့်ရှောက်ရေးဂေဟာတွင် အိမ်တန်ရာရောက် စောင့်ရှောက်ပေးသော အဖိုး၊ အဖွား ၁၀ ဦး အပါအဝင် အဖိုး၊ အဖွား ၄၀ ကို စောင့်ရှောက်ပေးနေကြောင်း သိရသည်။

**အာကာလင်း**

# M-9 တွင် Geophysical Site Investigation (GSI) လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M–9 တွင် Geophysical Site Investigation (GSI) လုပ်ငန်းများကို Survey Vessel: R/V PTSC Researcher (Call Sign: 3WJZ) ရေယာဉ်ဖြင့် (၁၄.၁၂.၂၀၁၉) ရက်နေ့မှ (၃၁.၃.၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း (၂၈.၁၁.၂၀၁၉) ရက်စွဲဖြင့် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပြီးဖြစ်သော်လည်း ယခုအခါ လုပ်ငန်းအခြေအနေအရ မူလတင်ပြခဲ့သည့် တည်နေရာများအတိုင်း လုပ်ငန်း ဆောင်ရွက်ရန် လုံလောက်မှုမရှိပါသဖြင့် အဆိုပါလုပ်ကွက်အမှတ် M–9 တွင်ပင် တည်နေရာများ ထပ်မံတိုးချဲ့တိုင်းတာရန်နှင့် တိုင်းတာရေးလုပ်ငန်းများအား Point.1 Prospect. M9–ZTK–02/03/04 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၄ မိနစ် ၅၉ ဒသမ ၇၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၄၈ ဒသမ ၈၇၀ စက္ကန့်၊ Point 2. M9–ZTK–21/22 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၄၆ ဒသမ ၅၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၃ မိနစ် ၁၇ ဒသမ ၄၈၀ စက္ကန့်၊ Point 3. M9–KKN–30 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၃၅ ဒသမ ၃၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၄၆ ဒသမ ၄၉၀ စက္ကန့်၊ Point 4. M9–GTK–34/34A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၀၆ ဒသမ ၆၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၂၁ ဒသမ ၈၃၀ စက္ကန့်၊ Point 5. M9–KKN–33 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၀၇ ဒသမ ၅၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၁၇ ဒသမ ၁၃၀ စက္ကန့်တွင် (၃၁.၃.၂၀၂၀) ရက်နေ့မှ (၁၄.၄.၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ (၃၁.၃.၂၀၂၀) ရက်နေ့မှ (၁၄.၄.၂၀၂၀) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင် အမှတ်-၁၂ (I-12) သို့ ဇန်နဝါရီ ၂၅ ရက် (စနေနေ့)ထက် မစော၊ ဇန်နဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ (၂၇) ရက်၊ တနင်္လာနေ့၊ နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် I-19 (အိုင်-၁၉) သို့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၅) ရက်ထက် မစော၊ (၂၆) ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အရာရှိများနှင့်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၅

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အရာရှိများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အရည်အသွေးရှိသော ပညာသင်ယူမှုအခွင့်အလမ်းမြင့်မားရေးကို ဆောင်ရွက်လျက်ရှိရာတွင် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများတွင် ကျောင်းနေနှုန်းနှင့် ပြီးမြောက်မှုနှုန်း မြင့်မားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကျောင်းများတွင် ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာကိုင်စာအုပ်များ အချိန်မီဖြန့်ဝေနိုင်ရေး အရေးကြီးပါကြောင်း၊ သင်ကြားသင်ယူမှု နည်းလမ်းများ၊ သင်ထောက်ကူပစ္စည်းများ အသုံးပြု၍ Project based Learning ဖြင့် ပူးပေါင်းသင်ယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ဆရာ ဆရာမများ၏ အရည်အသွေး ပိုမိုမြှင့်တင်နိုင်ရေးအတွက် နှစ်နှစ်သင် ပညာရေးကောလိပ်များအားလုံးကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ်သို့ မြှင့်တင်ဆောင်ရွက်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမလိုအပ်ချက်အရ မြို့နယ်အလိုက် တရားမျှတသော ယှဉ်ပြိုင်မှုဖြင့် အားပေးခြင်း၊ တိုင်းရင်းသားဒေသခံများကို ဦးစားပေးခြင်း၊ ရာထူးတိုးပြောင်းများကိုလည်း စွမ်းဆောင်ရည်နှင့်လုပ်သက်အရ အားပေးခြင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက်များ ဖြည့်ဆည်းခြင်း၊ ကျောင်းသား ကျောင်းသူများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်များနှင့် အသင်းအဖွဲ့များအလိုက် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ပြေးခုန်ပစ်၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းစသည့် အားကစားပြိုင်ပွဲများကို ဆောင်ရွက်ပေးလျက်ရှိပြီး (ကြက်တောင်၊ ရေကူး၊ စားပွဲတင်တင်းနစ်) စသည်တို့ကို လာမည့်နှစ်တွင် ထည့်သွင်းကျင်းပသွားမည် ဖြစ်ပါကြောင်း။

### အလေးအနက်ထားဆောင်ရွက်

ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည်မြင့်မားလာစေရန် အင်္ဂလိပ်စာစွမ်းရည် ပြိုင်ပွဲများ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ၊ အိုင်စီတီစွမ်းရည်ပြိုင်ပွဲများကိုလည်း ကျင်းပပေးရမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အရက်သောက်သုံးခြင်း၊ စီးကရက်သောက်သုံးခြင်း အန္တရာယ်ကင်းဝေးစေရေး၊ မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ စည်းကမ်းတကျလိုက်နာရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံ (Healthy Life Style)နှင့် မျိုးဆက်ပွားကျန်းမာရေး၊ ဂိမ်းသုံးစွဲမှုလျှော့ချရေးတို့ကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းများ၌ အမှိုက်ပုံးများတွင် စနစ်တကျ အမှိုက်စွန့်ပစ်တတ်စေရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ဆရာ ဆရာမများ၊ မိဘဆရာအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ကျောင်းစီမံခန့်ခွဲရေး မွမ်းမံသင်တန်းများ၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်စေရန် လမ်းညွှန်စာအုပ်များနှင့်အညီ မြို့နယ်ပညာရေးမှူးများက လိုအပ်ချက်များကို ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားတိုးတက်လာစေရန် နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခြင်းများကိုလည်း အားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ သင်ယူမှုဝန်းကျင်ကောင်းများတွင် သင်ယူတတ်မြောက်မှုအရည်အသွေးကောင်းမွန်ရေး၊ ပြဿနာကို ဖြေရှင်းနိုင်သော စွမ်းရည်များ၊ တစ်သက်တာသင်ယူနိုင်သော စွမ်းရည်များ၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သော စွမ်းရည်များတိုးတက်လာစေရန် အားလုံးက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ဆရာ ဆရာမများအနေဖြင့် Social Media များသုံးစွဲရာတွင် Ethics, Code of Conduct များနှင့်အညီ လိုက်နာသုံးစွဲကြစေလိုကြောင်း၊ G-10 သင်ရိုးသစ်များ၊ Counselling များနှင့် သင်ရိုးသစ်ဘာသာတွဲများနှင့် ပတ်သက်၍ မိဘများသိရှိနိုင်ရန် အသိပေးပြောကြားကြစေလိုပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စာမေးပွဲကာလအတွင်း ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းသင်ကြားပေးကြစေလိုကြောင်း၊ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အခြား ဘာသာရပ်ကို Project based Learning ဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ နေ့စားလပေးရုံးဝန်ထမ်းများ ခန့်ထားနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမများ ရာထူးတိုးပြောင်းများကိုလည်း ကျောင်းဖွင့်ချိန်မတိုင်မီ အပြီးသတ်ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပြီး ဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူများ ကင်းရှင်းရန်လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ပညာရေး ဝန်ဆောင်မှုများပေးရာတွင် ပတ်သက်ဆက်နွှယ်သူများကို နွေးနွေးထွေးထွေး ပြောဆိုဆက်ဆံပြီး လေးလေးစားစား ဆက်ဆံကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပညာရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများက မိမိတို့ခရိုင်၊ မြို့နယ်များအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တင်ပြချက်များအပေါ် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



* ရှေ့ဖုံးမှ

အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### ၁၁၉၂ တွဲ ရောင်းချနိုင်

ယခုရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၂၀၀၀ ကျော် လာရောက်ခဲ့ပြီး ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချပေးခဲ့ရာ ၁၁၉၂ တွဲ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

### ရှင်းလင်းပြသ

ယနေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိလာပြီး ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများအား လွတ်လပ်စွာ စိတ်ကြိုက်ကြည့်ရှု ရွေးချယ်ဝယ်ယူနေမှု အခြေအနေများကို ကြည့်ရှုရာ ပြပွဲဗဟိုကော်မတီဝင်များနှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**မော်စီ(သတင်းစဉ်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဇန်နဝါရီ ၅ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တံခါးကြီးကျေးရွာနှင့် ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသနေပြည်သူများ၊ ကျေးရွာရပ်မိရပ်ဖများ၊ စီမံကိန်းအထောက်အကူပြု ကော်မတီဝင်များနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် တံခါးကြီးကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာရေပေးဝေရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တိုင်းဒေသကြီးဦးစီးမှူးတို့က မန္တလေးတိုင်းဒေသကြီးအတွင်း နွေရာသီ သောက်သုံးရေ ရှားပါးပြတ်လပ်မှုအခြေအနေများ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကျောက်ပန်းတောင်းမြို့နယ် တံခါးကြီးကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**ကူညီဆောင်ရွက်ပေး**

ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၁၀၉ အုပ်စုရှိပြီး ကျေးရွာပေါင်း ၃၃၉ ရွာ၊ အိမ်ခြေ ၄၆၉၄၀ နှင့် လူဦးရေ ၂၅၁၉၃၅ ဦး ရှိသည်။ သောက်သုံးရေရရှိမှုအနေဖြင့် တွင်းတိမ် ၇၂၀၊ တွင်းနက် ၁၈၆ တွင်း၊ လက်တူးတွင်း ၇၂ တွင်း၊ မြေသားရေကန် ၁၃၁ ကန်၊ စိမ့်စမ်း ၆၄ တွင်း၊ အိမ်တိုင်ရေသွယ်စနစ် ကိုးခုတို့မှ ရယူအသုံးပြုနေခြင်းဖြစ်ပြီး နွေရာသီ သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ကြုံတွေ့နေရခြင်းအပေါ် ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

**ကူညီဖြည့်ဆည်းပေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာသို့ ရောက်ရှိကြပြီး ဒေသနေပြည်သူများ၊ ကျေးရွာရပ်မိရပ်ဖများ၊ စီမံကိန်းအထောက်အကူပြုကော်မတီဝင်များနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံကာ ကျေးရွာအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသနေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးနိုင်ရေး မေးမြန်းဆွေးနွေးရာ ကျေးရွာသူကျေးရွာသားများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနတာဝန်ရှိသူများက အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဘဏ္ဍာငွေခွင့်ပြုချက်အရ ဆောင်ရွက်ရန် အခက်အခဲရှိသော လုပ်ငန်းများအတွက် ဝန်ကြီးဌာနက အကောင်အထည်ဖော်လျက်ရှိသည့် မျှဝေခြင်းအစီအစဉ်မှ ကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် အဖွဲ့ နီပေါခရီးသွားနှစ် ၂၀၂၀ ဖွင့်ပွဲအခမ်းအနားနှင့် ခရီးသွားဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၅

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် အဖွဲ့သည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့၌ ဇန်နဝါရီ ၁ ရက်က ကျင်းပသည့် နီပေါခရီးသွားနှစ် ၂၀၂၀ ဖွင့်ပွဲ အခမ်းအနားနှင့် ခရီးသွားဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်သည်။**




ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့၌ ကျင်းပသည့် ခရီးသွားဝန်ကြီးများအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် အဖွဲ့သည် နံနက်ပိုင်းတွင် နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့ Baluwater ရှိ Prime Minister's Residence ၌ကျင်းပသည့် Tourism Ministerial Meeting 2020 သို့ တက်ရောက်အမှာစကားပြောသည်။

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ အိန္ဒိယနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန၊ ဂျမေကာနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန၊ နီပေါနိုင်ငံ ယဉ်ကျေးမှု ခရီးသွားလာရေးနှင့် လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘူတန်နိုင်ငံ Tourism Council of Bhutan နှင့် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီးဌာနတို့မှ ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ တက်ရောက်ခဲ့ကြသည်။

**ခရီးသွားထုတ်ကုန်များ**

အဆိုပါ Tourism Ministerial Meeting 2020 သည် Sustainable Tourism Through Preservation of Natural and Cultural Heritage ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများ၏ ဆောင်ရွက်မှုအတွေ့အကြုံများကို ဆွေးနွေးဖလှယ်နိုင်ရန်၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ထုတ်ကုန်များနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးသွားထုတ်ကုန်များ ထိန်းသိမ်းရေးတို့ ဆောင်ရွက်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့ Sasharah Stadium ၌ ကျင်းပသည့် နီပေါခရီးသွားနှစ် ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ခရီးစဉ်ဒေသ အသစ် ၁၀၀ ရောင်းချ**

အဆိုပါအခမ်းအနားကို နီပေါနိုင်ငံ သမ္မတ မစ္စစ် သီဒီယာဒေဗီသက်ဒါရီ တက်ရောက်၍ဖွင့်လှစ်ပေးခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျမေကာနိုင်ငံ၊ မြန်မာနိုင်ငံတို့မှ ခရီးသွားဝန်ကြီးများ၊ နီပေါနိုင်ငံရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာနိုင်ငံများ၏ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ မီဒီယာအဖွဲ့အစည်း ၄၀ ကျော်တို့ ပါဝင်တက်ရောက်ခဲ့ပြီး နီပေါနိုင်ငံ ယဉ်ကျေးမှုခရီးသွားလာရေးနှင့် လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန၊ Nepal Tourism Board တို့မှ ၂၀၂၀ တွင် နီပေါနိုင်ငံသို့ ခရီးသွား နှစ်သန်းဝင်ရောက်ရန်ရည်ရွယ်၍ ခရီးစဉ်ဒေသအသစ် ၁၀၀ ရောင်းချရေးအစီအစဉ်များကို မိတ်ဆက်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်တော်ရှိ မြတ်စွာဘုရားလောင်း ဖွားမြင်တော်မူရာနေရာ၊ မာယာဒေဝီ ရေသန့်စင်ရာနေရာ၊ မြန်မာရွှေကျောင်းတော်တို့သို့ သွားရောက်လှည့်လည်ကြည့်ရှုခဲ့ရာ နီပေါနိုင်ငံ ပြည်နယ်အမှတ်(၅) ခရီးသွားဝန်ကြီး Mr. Leela Gini နှင့် Lumbini Development Trust မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နီပေါနိုင်ငံ ပြည်နယ်အမှတ်(၅) ခရီးသွားဝန်ကြီး Mr. Leela Gini နှင့် တွေ့ဆုံ၍ နီပေါခရီးသွားနှစ် ၂၀၂၀ အတွင်း မြန်မာနိုင်ငံမှ ခရီးသွားအေဂျင်စီများနှင့်ပူးပေါင်း၍ လုမ္ဗိနီဒေသအား ခရီးစဉ်အဖြစ်သတ်မှတ်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ မော်တော်ယာဉ်တန်းဖြတ်ကျော်ခရီးစဉ်များ ဆောင်ရွက်မည့်အစီအစဉ်များ၊ တိုက်ရိုက်လေကြောင်းပျံသန်းရေးကိစ္စရပ်များ၊ ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်၊ မြန်မာနိုင်ငံ ပုဂံ၊ နီပေါနိုင်ငံ လုမ္ဗိနီနှင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတို့ပါဝင်သည့် Buddhist Pilgrimage Circuit ခရီးစဉ်များ ဆောင်ရွက်ရေး၊ တရားရိပ်သာများ မြှင့်တင်ရေး၊ ခရီးစဉ်များစီစဉ်ရေးဆွဲရေးတို့ကို ဆွေးနွေးခဲ့ပြီး နီပေါနိုင်ငံ ခရီးသွားဆွဲဆောင်မှုတစ်ခုဖြစ်သည့် Mt. Everest ပတ်ဝန်းကျင်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ရေးရာကော်မရှင်ဥက္ကဋ္ဌ၊ ခေါင်းဆောင် ကင်မ်ဂျုံအွန်း ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် အဆွေတော်နှင့် ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများ အောင်မြင်မှုရရှိပါစေကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုများ ပိုမိုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးများ ဆက်လက်ကျယ်ပြန့်တိုးတက်လာမည်ဟု ယုံကြည်ပါသည်။

### နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ မလေးရှားနိုင်ငံ ဘုရင်မင်းမြတ် အာလ် ဆူလ်တန် အဗ္ဗဒူလာ ရီအရာသူဒင် အယ်လ်မူစတာဖာ ဗီလာရှ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၊ ဇနီး ဒေါ်ချိုချိုနှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အနေဖြင့် မိမိတို့၏ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရည်မှန်းချက်ဆန္ဒများအပေါ် နားလည်မှု ပိုမိုရရှိနိုင်ရန်အတွက် ရှိရင်းစွဲ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုများကို ပိုမိုနက်ရှိုင်းလာစေရန် ကြိုးပမ်းအားထုတ်သွားနိုင်ကြမည်ဟု မိမိတို့မှ အလေးအနက် မျှော်လင့်ပါသည်။

အဆွေတော်နှင့် ဇနီး ဒေါ်ချိုချိုတို့ ကျန်းမာရွှင်လန်းကြပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုများ ပိုမိုခံစားရရှိပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မိုဟာမက် အဗ္ဗဒူလ် ဟာမစ် ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူများကိုယ်စားအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း အဆွေတော်နှင့် မြန်မာပြည်သူများအား ဆုတောင်းမေတ္တာ ပို့အပ်ပါကြောင်းနှင့် ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံပြည်သူများနှင့် ဒေသအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝချမ်းသာရေးနှင့် ငြိမ်းချမ်းမှုရရှိစေရေးတို့အတွက် မြန်မာနိုင်ငံနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

ယခုလိုအခါသမယတွင် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်၍ ငြိမ်းချမ်းမှု၊ တိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုများ ရရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စစ် ရှိတ် ဟာဆီနာ ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအား မိမိအနေဖြင့် ချစ်ခင်ရင်းနှီးစွာ နှုတ်ခွန်းဆက်သ၍ ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းဆက်ဆံရေးကို အလေးထားပါသည်။ မိမိတို့နှစ်နိုင်ငံ၏ ကြွယ်ဝချမ်းသာရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရေး ဆောင်ရွက်သွားရန် ဆန္ဒပြင်းပြလျက်ရှိပါသည်။ အနာဂတ်တွင် ကဏ္ဍစုံ၌ နက်ရှိုင်းကျယ်ပြန့်စွာ ဆက်လက်တိုးတက်လိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုလိုအခါသမယတွင် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းမှုရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကာတာနိုင်ငံ၊ ဘုရင် တာမင် ဘင် ဟာမက် အယ်သာနီ ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများအား နှုတ်ခွန်းဆက်သပါကြောင်းနှင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ကာတာနိုင်ငံသားများကိုယ်စား မိမိအနေဖြင့် ပြောကြားလိုပါသည်။ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကာတာနိုင်ငံ၊ ဒုတိယဘုရင် အဗ္ဗဒူလာ ဘင် ဟာမက် အယ်သာနီ ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် အဆွေတော်အား နှုတ်ခွန်းဆက်သပါကြောင်းနှင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါသည်။

### နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကာတာနိုင်ငံ၊ ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး အဗ္ဗဒူလာ ဘင် နာဆာ ဘင် ခါလီဖာ အယ်သာနီ ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် အဆွေတော်အား နှုတ်ခွန်းဆက်သပါကြောင်းနှင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ကာတာအစိုးရအဖွဲ့ကိုယ်စား မိမိအနေဖြင့် ပြောကြားလိုပါသည်။ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါသည်။

# MRTV Channel အား SD စနစ်မှ HD စနစ်သို့ ပြောင်းလဲထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များ အရုပ်/အသံအရည်အသွေး ပိုမိုကြည်လင်စွာ ကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD)စနစ်အပြင် High Definition (HD) စနစ်ကိုပါ တွဲဖက်၍ (၁၅-၁-၂၀၂၀) ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် (၁၅-၂-၂၀၂၀) ရက်နေ့မှစတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံအရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များအနေဖြင့် HD အရည်အသွေးအတိုင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့်ချိန်ညှိမှုကိုမှ ပြုလုပ်ရန်မလိုအပ်ဘဲ ယခင်အတိုင်း ဆက်လက်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြား ပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်သို့ အဆင့်မြှင့်တင်ကြည့်ရှုနိုင်ရန် DVB-T2 Set-top Box (သို့မဟုတ်) DVB-T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည်ပြုလုပ်ခြင်းဖြင့် ရုပ်/သံအရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

(က) DVB-T2 Set-top Box ဖြင့် ဖမ်းယူပါက

Menu မှ Channel Search ကို ရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။

**Menu ⟶ Channel Search ⟶ Auto Search ⟶ OK**

(ခ) DVB-T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက

Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကိုရွေး၍ OK နှိပ်ပါ။ ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် ( DTV+ ATV ) တို့ကိုရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။

**Menu ⟶ Channel ⟶ Tuner Type ⟶ Antenna**

**Auto Scan ⟶ Country (Myanmar) ⟶ Mode (DTV+ATV) ⟶**

**Start ⟶ OK**

(ဂ) Analogue TV (Tube) ကို Set-top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက်

Set-top Box ၏ Menu မှ Picture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကိုရွေး၍ OK နှိပ်ပါ။

**Menu ⟶ Picture ⟶ Aspect Ratio ⟶ 16:9 Wide Screen ⟶ OK**

၅။ ဖမ်းယူချိန်ညှိပြီးပါကChannel Box တွင် အောက်ပါအစီအစဉ်အတိုင်းChannel များကို ဖမ်းယူရရှိမည်ဖြစ်ပါသည်-

(1) MRTV-HD
(2) MRTV-SD
(3) MRTV Hluttaw
(4) MRTV NRC
(5) MRTV Farmer
(6) MRTV Sport
(7) MRTV Entertainment
(8) MI
(9) MRTV-4
(10) Channel-7
(11) 5- Plus
(12) MNTV
(13) Channel-9
(14) Mizzima
(15) DVB
(16) Channel K
(17) YTV
(18) Fortune
(19) Myanma Radio
(20) Upper TineyinThar
(21) Lower TineyinThar

၆။ အထက်အပိုဒ် ၅ ပါ ဒီဂျစ်တယ်ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း(၁၅-၁-၂၀၂၀) ရက်နေ့မှစတင်၍ အထက်အပိုဒ် ၄ ပါ အစီအစဉ်များအတိုင်း Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များအနေဖြင့် ထိုသို့ ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၉၀

(ခ) 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၀

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာ အေဝမ်းမောင်တင်ယုနှင့် ရုပ်ရှင်စကားဝိုင်း

*၁၀-၁၂-၂၀၁၉ ရက်နေ့မှအဆက်*




**ဦးတင်ယု ။** ။ ၁၉၆၉ ခုနှစ်ကျတော့ ‘နန်းတွင်းအရေးတော်ပုံ’။

**ကြည်စိုးထွန်း။** ။ ‘နန်းတွင်းအရေးတော်ပုံ’ က တကယ့်ဂန္ထဝင်ကားလို့ ဆိုရမယ်နော်။ ပိုင်ရှင်ဆိုရင် တစ်ခါတည်းကို အသက်တောင်ပေးသွားရတဲ့ကားပါ။ ဆရာ အဲဒီကားမှာ ရိုက်ထားတာတွေကလည်း တချို့ဟာတွေက ဆရာဝိုင်းကူရိုက်ပေးရတာ၊ ဆရာ့နာမည်နဲ့ပဲ ရိုက်တာနော်။

**ဦးတင်ယု ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း ။** ။ ဆရာ့နာမည်နဲ့ ရိုက်တယ်၊ ဇာတ်ညွှန်းက ဦးညာဏဆိုတော့ တော်တော်ကောင်းတဲ့ကားပါ။ ကျွန်တော်တို့ ကြည့်လိုက်ရသေးတယ်။ ဆေးရောင်စုံ အခုပြန်ရှာတော့ မတွေ့တော့ဘူး။ အဲဒီကားက ကျွန်တော်တို့အဖြူအမည်းလည်း ပြန်ကြည့်ရသေးတယ်။

**ဦးတင်ယု ။** ။ အဖြူအမည်းက ပတ်ကြားအက်နေတယ်။ ကာလာကျတော့ တော်သေးတယ်။

**ကြည်စိုးထွန်း ။** ။ မန္တလေး နန်းရှေ့မှာပေါ့နော်။ နန်းတော်ရှေ့မှာ အဲဒီမှာ စစ်သူကြီးတွေ ဘာတွေ စကားပြောတဲ့အခန်းလေး သိပ်သဘောကျတာ။ ကျွန်တော်က ရုပ်ရှင်သမား ဖြစ်လာတော့ အဲဒီအချိန်မှာကြည့်လိုက်တဲ့အခါကျတော့ ဆရာ camera trick နဲ့ရိုက်ထားတာ ကျွန်တော်သိတယ်။ သိတော့အံ့သြတာပေါ့နော်။ အဲဒီအချိန်မှာ ဒီနန်းတွင်းကလည်း ဒီနန်းတော်ကြီးကလည်း မဆောက်ရသေးဘူး။ မဆောက်ရသေးခင်မှာ ဆရာရိုက်ထားတာ အဲဒါ သိပ်ကောင်းတာပဲ။ တကယ်လို့ရရင်တော့ အဲဒါလေး သိပ်ပြဖို့ကောင်းတာပေါ့။




**ဦးတင်ယု ။** ။ Black and White ကျတော့ ပတ်ကြားအက်တွေ။

**ကြည်စိုးထွန်း ။** ။ ဟုတ်တယ်မကောင်းတော့ဘူး။

**ဦးတင်ယု ။** ။ ကာလာကျတော့ yellow stain ပေါ့။ တော်သေးတယ်။ yellow stain ကျတော့ လက်၊ လူလည်းမထိဘူးပေါ့။

**ကြည်စိုးထွန်း ။** ။ အဲဒါဂျပန်မှာ သွားလုပ်ရတာနော်။

**ဦးတင်ယု ။** ။ ဂျပန်မှာ။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ ငါးချီ။

**ဦးတင်ယု ။** ။ ‘ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာ’။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ဆရာ ဒါလည်းဆရာတို့ မြနန္ဒာထွက်တာပဲနော် ညွန့်ဝင်း၊ ဒေစီကျော်ဝင်း။

**ဦးတင်ယု ။** ။ ၁၉၇၁ ခုနှစ်ကျ ‘စိတ်လှသူ’။

**ကြည်စိုးထွန်း ။** ။ ‘စိတ်လှသူ’ မောင်ကိုဦးနဲ့။

**ဦးတင်ယု ။** ။ ၁၉၇၂ ခုနှစ်ကျတော့ ‘ပုစ္ဆာဆန်သော မိန်းကလေး’။

**ကြည်စိုးထွန်း ။** ။ အို ပုစ္ဆာဆန်သော မိန်းကလေး သီချင်းတွေကတော့ တကယ်ကောင်းတာပဲနော်။

**ဦးတင်ယု ။** ။ ဇော်ဝမ်းနဲ့။

**ကြည်စိုးထွန်း ။** ။ ဇော်ဝမ်းနဲ့ ဟုတ်တယ် မြတ်မွန်၊ အေးအေးသင်း။

**ဦးတင်ယု ။** ။ ၁၉၇၇ ခုနှစ်ကျတော့‘နေရာတိုင်းမှာသူ့တမျက်နှာ’၊ နောက် ‘မေတ္တာဘုံသို့ တခေါက်လေ’။ ‘မေတ္တာဘုံသို့တခေါက်လေ’မှာ။ ဆေးရောင်စုံနှစ်ပိုင်းပါတယ်။

**ကြည်စိုးထွန်း ။** ။ သြော်ဆေးရောင်စုံနှစ်ပိုင်းပါတယ်။

**ဦးတင်ယု ။** ။ နောက် ‘မင်းဘယ်ပြေးမလဲမိချိုသဲ’။

**ကြည်စိုးထွန်း ။** ။ ဝင်းဦးနဲ့ စန္ဒာနဲ့ ‘မင်းဘယ်ပြေးမလဲမိချိုသဲ’။

**ဦးတင်ယု ။** ။ ၁၉၇၈ ခုနှစ်ကျတော့ ‘ဆုတောင်းတိုင်းသာပြည့်ချင်တယ်’။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ဆရာ လင်းထင်နဲ့။

**ဦးတင်ယု ။** ။ သီရိကေခိုင်ကို မင်းသမီးတင်ရိုက်တာ။ ၁၉၈၁ ခုနှစ်ကျတော့ ‘ဇာတိသွေး’၊ ဦးတင်မောင်ရိုက်တာကို ကူရိုက်ပေးတာ။

**ကြည်စိုးထွန်း ။** ။ ကူရိုက်ပေးတာ။ ဝင်းဦးနှစ်ကိုယ်ခွဲ ဆွေဇင်ထိုက်နဲ့။

**ဦးတင်ယု ။** ။ ၁၉၈၃ ခုနှစ်မှာ ‘ချစ်တဲ့ရက်ကို ကြိုနေမယ်’။ အဲဒီမှာ ဘာထူးခြားလဲ သတိထားမိသလား။

**ကြည်စိုးထွန်း ။** ။ သတိထားမိတယ်ဆရာ မင်းသားမင်းသမီးတွေ အများကြီး။

**ဦးတင်ယု ။** ။ အကယ်ဒမီ (၃၃) ယောက်။ အကယ်ဒမီ မရတဲ့လူ မပါဘူး။

**ဦးတင်ယု ။** ။ ၁၉၈၇ ခုနှစ်ကျတော့ ‘လွမ်းနေမယ်မမ’ ။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ နာမည်ကြီးပဲဆရာ ကျော်ဟိန်းနဲ့ပဲ။ ဆရာ့ညီနဲ့ပေါ့နော်ဆရာ။

**ဦးတင်ယု ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း ။** ။ ဆရာ့ညီလေးနဲ့။

**ဦးတင်ယု ။** ။ အဲဒီမှာရုပ်ရှင်ကို MTV လို မရိုက်ရဘူး။ ကျွန်တော်က အဲဒီမှာ MTV လိုရိုက်ထားတယ်။

**ကြည်စိုးထွန်း ။** ။ သြော် MTV လို ရိုက်ထားတယ် ဟုတ်ကဲ့ဆရာ ရိုက်ကတည်းက ထူးတာပေါ့နော်ဆရာ။ ၁၉၈၇ ခုနှစ် လောက်က ကျော်ဟိန်း၊ ချိုပြုံး၊ ဆွေဇင်ထိုက်။

**ဦးတင်ယု ။** ။ ပိုက်ဆံအရဆုံးကား။ ၁၉၈၇ခုနှစ်ထဲမှာ လူအဝင်ဆုံးကားပဲ။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု ။** ။ မြန်မာရုပ်ရှင် ခေတ်သုံးခေတ် ၁၉၉၀ ပြည့်နှစ်ကျတော့ ‘ဝက်ဘာထဲကတို့နှစ်ယောက်’။

**ကြည်စိုးထွန်း ။** ။ ‘ဝက်ဘာထဲက တို့နှစ်ယောက်’ ကျော်ဟိန်းပဲဆရာ၊ ဆရာ့ညီနဲ့ပဲနော်။

**ဦးတင်ယု ။** ။ ညောင်ရမ်းကို ခေတ်ပြန်လုပ်ပြီး ရိုက်တာလေ။

**ကြည်စိုးထွန်း ။** ။ သြော် ‘ညောင်ရမ်းညီနောင်’ က ရာဇဝင်ကား၊ ‘ဝက်ဘာထဲကတို့နှစ်ယောက် ’ ကျတော့ခေတ်ကား ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု ။** ။ ၁၉၉၁ ခုနှစ်ကျတော့ ‘ချစ်လို့’။

**ကြည်စိုးထွန်း ။** ။ ရန်အောင်နဲ့ ဇင်မာဦးနဲ့။

**ဦးတင်ယု ။** ။ အဲဒီတော့ဗီဒီယိုတွေ ပေါ်လာပြီ။

**ကြည်စိုးထွန်း ။** ။ ဗီဒီယိုပေါ်လာပြီ။ ဗီဒီယိုခေတ်ထိအောင် ရောက်လာပြီနော်ဆရာ။

**ဦးတင်ယု ။** ။ ဗီဒီယို ‘ စာခြောက်ရုပ်ချစ်သူ ’

**ကြည်စိုးထွန်း ။** ။ ‘စာခြောက်ရုပ် ချစ်သူ’ တို့၊ ‘ရွှေတောင်ပံနှင့် ပျံသည့်ငှက်’ တို့ ရိုက်တာ၊ အဲဒါဗီဒီယိုတွေချည်းပဲနော်ဆရာ။

**ဦးတင်ယု ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း ။** ။ ‘ညအခါလသာသာ’၊ ‘မင်းဘယ်ပြေးမလဲမိချိုသဲ ’ ကို ပြန်ရိုက်တယ်။ အရင်က ဝင်းဦးနဲ့ရိုက်တာကို အခုရန်အောင်နဲ့ပြန်ရိုက်တယ်။ နောက်‘ အကျော်အမော်’ လည်း အရင်က ဦးခင်မောင်တို့၊ ကြည်ကြည်ဌေးတို့နဲ့ ရိုက်တာကို ကျော်ရဲအောင်နဲ့ ဇင်မာဦးနဲ့ ပြန်ရိုက်တယ်၊ ‘ချစ်သလား မုန်းသလားပြောပါလား ’ နောက်ကားက။

**ဦးတင်ယု ။** ။ မောင်လွင်မိုးကို ရိုက်ပေးတယ်။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ဆရာ ‘မမကို ချစ်တယ်’၊ ‘မြတဘက်’ ပြန်ရိုက်တာနော်ဆရာ။ ထွန်းလုံရှိန်နဲ့ ဝါဝါအောင်နဲ့ ပြန်ရိုက်တယ် ၁၉၉၃ ခုနှစ်။ ၁၉၉၅ ခုနှစ်ကျတော့ ရုပ်မြင်သံကြားမှာ




မြဝတီမှာ ဆရာအမှတ်စဉ် (၂) သင်ပေးရတယ်။ ၁၉၉၆ ခုနှစ်မှာတော့ ‘ မေ့နိုင်စွမ်းစေ ’ ကားကြီး။ ရန်အောင်၊ မေသန်းနုနဲ့ ဇေယျာတို့နဲ့ ‘မေ့နိုင်စွမ်းစေ’ ဆိုတဲ့ကား ရိုက်တယ်။ ၁၉၉၆ ခုနှစ်မှာ ရုံတင်တယ်။ နောက်ကျတော့ မြဝတီရုပ်သံကနေ တစ်မျက်နှာဇာတ်လမ်းတွေပေါ့။

**ဦးတင်ယု ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း ။** ။ အခုတစ်မျက်နှာတစ်ကွက်စာဆိုတာ ပေါ်နေတာဆရာ ဟိုးတုန်းကတည်းက ဒါတွေရိုက်နေတာပဲနော် ဆရာ။

**ဦးတင်ယု ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း ။** ။ ၁၉၉၆ ခုနှစ်ကတည်းက ဒီတစ်မျက်နှာ တစ်ကွက်စာဆိုတဲ့ သဘောလေးတွေ ဆရာရိုက်လာတာ အများကြီးပါ။ ၁၉၉၇ ခုနှစ်ကျတော့ ဂျပန်နဲ့ အဆက်အသွယ်ဖြစ်ပြီးတော့ဆရာ ‘သွေး’ ဆိုတဲ့ကားကို ဝိုင်းပြီးတော့ စလုပ်ပေးရတာ။ ၁၉၉၇ ခုနှစ် ကစပြီးတော့ ဆရာလုပ်ပေးတာ ၁၉၉၈ ခုနှစ်ထိ လိုက်ပြီးတော့ ရိုက်ပေးရတယ်၊ မြန်မာဘက်က ဒါရိုက်တာ အနေနဲ့ ဆရာလိုက်ရိုက်ပေးရတယ်။

**ဦးတင်ယု ။** ။ အဲဒီမှာ သူတို့လုပ်တဲ့နည်းလေး တစ်ခု သဘောကျတယ်။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု ။** ။ အားလုံးကရိုက်ဖို့ အစီအစဉ်လုပ်တော့မယ်၊ ဇာတ်ညွှန်းတွေ ကိုယ့်ဟာကိုယ်ကိုင် ဇာတ်ညွှန်းအစည်းအဝေးကြီးလုပ်တာ။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု ။** ။ တစ်ကနေစပြီးတော့ ဖတ်ပြီးတော့ ကြိုက်ပြီလား။ အားလုံးပြင်စရာရှိရင် ပြင်ပါ။ နောက်မှ ရိုက်ကွင်းထဲလာမပြင်နဲ့။

**ကြည်စိုးထွန်း ။** ။ ဩော် ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု ။** ။ စကားတွေလည်း ပြောခိုင်းတယ်။ စကားတွေကြိုက်ပြီလား။

**ကြည်စိုးထွန်း ။** ။ ဩော် ဒိုင်ယာလော့ခ်တွေ။

**ဦးတင်ယု ။** ။ အဲဒီမှာ ရိုက်ကွင်းပေါ်မှာတစ်ခု ပြဿနာဖြစ်သွားတာ။ ခုံပေါ်မှာတုန်းက ဟုတ်ကဲ့လို့ပြောတာ ရိုက်ကွင်းမှာက ဟုတ်ကဲ့ခင်ဗျ။

**ကြည်စိုးထွန်း ။** ။ ဩော် ဒီလောက်ပြောင်းသွားတာ။

**ဦးတင်ယု ။** ။ အမ်း အဲဒါကိုဂျပန်က ခင်ဗျား ဟိုတုန်းက ဟုတ်ကဲ့ပဲပြောတယ်။ ဘာလို့ ဟုတ်ကဲ့ခင်ဗျဖြစ်သလဲ။ အဓိပ္ပာယ်အတူတူပဲလား။ ဘာကြောင့်လဲ။ အဲဒီမှာ ပိုယဉ်ကျေးအောင်ဖြစ်သွားတာပါပြောပြမှ ခင်ဗျတောင်ပိုလို့မရဘူး။

**ကြည်စိုးထွန်း ။** ။ ဩော် တိကျတယ်နော်။ ဇာတ်ညွှန်းထဲမှာဟုတ်ကဲ့ဆိုရင် ဟုတ်ကဲ့ပဲ။ ဟုတ်ကဲ့ခင်ဗျ မပြောနဲ့။

**ဦးတင်ယု ။** ။ အစည်းအဝေးမှာ ပြင်ရင်ပြင်။

**ကြည်စိုးထွန်း ။** ။ team work ပေါ့နော်။ team work ရယ် နောက် preparation ပေါ့နော် ကြိုတင်ပြင်ဆင်မှုသူတို့ကသိပ်လုပ်တာပဲ သိပ်ကောင်းတာပဲ။

**ဦးတင်ယု ။** ။ ဇာတ်ညွှန်းပြီးတော့ ဘာလဲ အဝတ်အစား။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ဆရာ costume တွေ။

**ဦးတင်ယု ။** ။ Scene One မှာသူတို့ မင်းသမီးက ဒါဝတ်ပါမယ်။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့။

**ဦးတင်ယု ။** ။ ဒီဘက်က ဘာပြောချင်လဲဆိုတော့ ပြောချင်တယ်၊ မင်းတို့ မင်းသမီးဆောင်းတဲ့ဦးထုပ်က ၁၉၆၃ ခုနှစ်ကဟာ မဟုတ်ဘူး။

**ကြည်စိုးထွန်း ။** ။ ဩော် ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု ။** ။ ချက်ချင်းပြောင်းပြီး ဆောင်းခိုင်းတာ၊ ဦးထုပ်ပြောင်းတာ ကြိုက်ပြီလား။ မင်းတို့မင်းသားတွေလည်း အဝတ်အစားတွေဝတ်ခိုင်းတယ်၊ ကျွန်တော့်ဘက်ကကြည့် ဒါရိုက်တာက ကြည့် ကြိုက်တဲ့အဝတ်အစား ဟုတ်ပြီ။

**ကြည်စိုးထွန်း ။** ။ ခေတ်နဲ့ လျော်ညီအောင်။

**ဦးတင်ယု ။** ။ Scene ဘယ်လောက်လဲ၊ အဝတ်အစားတွေပေးပါ။

**ကြည်စိုးထွန်း ။** ။ တစ်ခါတည်း ယူထားလိုက်တယ်။

**ဦးတင်ယု ။** ။ တစ်ခါတည်း ယူထားလိုက်တယ်။

**ကြည်စိုးထွန်း ။** ။ ရိုက်ခါနီးတော့မှ ထုတ်ပေးတယ်။

**ဦးတင်ယု ။** ။ ဝတ်ပြရတယ်လေ။

**ကြည်စိုးထွန်း ။** ။ ဝတ်ပြပြီးတော့ ကျေနပ်ပြီ၊ အားလုံးကကျေနပ်ပြီဆို။ ဒီအဝတ်အစားကို ကုမ္ပဏီကတစ်ခါတည်းယူထားလိုက်တယ်။

**ဦးတင်ယု ။** ။ အင်း။







**ကြည်စိုးထွန်း ။** ။ Costume အဖွဲ့က ဖြစ်ဖြစ် ယူထားလိုက်တယ်၊ ရိုက်မယ့်အချိန်ကျမှ ထုတ်ပေးတယ်။

**ဦးတင်ယု ။** ။ ရိုက်တဲ့နေ့ကျ မင်းသား မင်းသမီးကမလိုဘူးလေ။ ကားကြီးမှာတန်းတွေနဲ့ ချိတ်ပေးထားတယ်။ ဘယ် Scene ဆိုတာနဲ့ ဟိုကပေးလိုက်တာ။ ၁၉၉၈ ခုနှစ်မှာ ရုပ်ရှင်အစည်းအရုံးက သရုပ်ဆောင်သင်တန်း။

**ကြည်စိုးထွန်း ။** ။ တည်းဖြတ်သင်တန်းတွေကတော့ ဆရာတို့က မပါမဖြစ်ပေါ့ဆရာ။ နောက်ကျတော့ ဆရာ ၂၀၀၀ ပြည့်နှစ်ကျော်တဲ့အခါကျတော့ ထွန်းအိန္ဒြာဗိုလ်တို့၊ နောက် ကင်မရာမန်း နိုင်နုရှိန်တို့၊ အကယ်ဒမီရသွားတဲ့ ' မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍ ' ဆရာရိုက်တာထင်တယ်။

**ဦးတင်ယု ။** ။ ဟုတ်တယ်၊ ကင်မရာမန်းကို မင်း အကယ်ဒမီရအောင် ငါလုပ်ပေးမယ်လို့ ပြောခဲ့တယ်။

**ကြည်စိုးထွန်း ။** ။ ဩော်ဟုတ်ကဲ့ ဖထီး ဖထီး နိုင်နုရှိန်ပေါ့။

**ဦးတင်ယု ။** ။ ဒီလိုကားမျိုးမှာမှ lighting က ကစားလို့ကောင်းတာ။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ ကောင်းပါတယ်ဆရာ။ အဲဒီမှာ lighting တွေ အတော်ကောင်းတာပဲ၊ 'မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍' ကို ခင်မောင်စိုးတို့ဆီက ထုတ်လုပ်သူ နေရှင်နယ်နက်ဝက်ကထင်တယ်နော်ဆရာ။ အဲဒီမှာ လွင်မိုး၊ ထွန်းအိန္ဒြာဗိုလ်နဲ့ ခိုင်သင်းကြည်ပါကြတော့ ထွန်းအိန္ဒြာဗိုလ်ကလည်းတော်တော်ကောင်းတာဆရာ။ ဆရာရိုက်ပေးတဲ့ အဲဒီကားက အကယ်ဒမီနှစ်ယောက်ရသွားတယ်နော်ဆရာ။ နောက်ကျတော့ ကျွန်တော်တို့နဲ့တောင်မှ အဲဒီကားကအိန္ဒိယတွေဘာတွေ လိုက်ပြလိုက်သေးတယ်ဆရာ။ ကိုခင်မောင်စိုးတို့၊ လွင်မိုးတို့လည်းပါတယ်။ ကိုအောင်လွင်ကြီးလည်း ပါသေးတယ်။ အဲဒီမှာ သွားပြကြသေးတယ်၊ အိန္ဒိယမွန်ဘိုင်းပေါ့ဆရာ၊ ဘုံဘေပေါ့ ဘုံဘေမှာ သွားပြကြသေးတယ်ဆရာ။

**ဦးတင်ယု ။** ။ ၂၀၀၃ ဂျပန်မှာ ဖွင့်ပွဲလုပ်တယ်၊ ဒါဆို ဒါခြောက်ခါရှိပြီပေါ့။

**ကြည်စိုးထွန်း ။** ။ ခြောက်ကြိမ်မြောက် ဂျပန်သို့ရောက်ခြင်းပေါ့ဆရာ။ စကားဝိုင်းကလည်း စလိုက်တာ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ ကျော်လောက်ကတည်းက စလာတဲ့ စကားဝိုင်းပေါ့ဆရာရယ်။ ဆရာ ဆိုရင် ၁၉၂၀ ပြည်နှစ်မှာ မွေးတာဆိုတော့ ၂၀၀၉ ခုနှစ်ဆိုတော့ ရှစ်ဆယ်နဲ့ ကိုးနှစ်ရှိသွားပြီ။ အဲဒီအတောအတွင်းမှာ ဆရာဖြတ်သန်းလာရတဲ့ ရုပ်ရှင်အတွေ့အကြုံပေါ့လေ၊ နောက် ဗီဒီယိုပေါ့၊ ဗီဒီယိုခေတ်ထိအောင် ဆရာဆက်ပြီးတော့ တစ်ခါလုပ်နေရတာ။ အသံတိတ်ခေတ်၊ အသံတိတ်ခေတ်ကနေပြီး သံစုံသွင်းခေတ်၊ သံစုံသွင်းခေတ်ကနေပြီးတော့ အသံထွက်ခေတ်၊ အသံထွက်ခေတ်မှာမှ မြင်ကွင်းကျယ်တွေရိုက်ဖူးတယ်၊ နောက်ဆေးရောင်စုံတွေ ရိုက်ဖူးတယ်၊ ဆရာရိုက်ပြီးတော့ ဖြတ်သန်းလာခဲ့တာ ဒီဘက်ဗီဒီယိုခေတ်နော်၊ ရုပ်ရှင်ထဲမှာတောင်မှ MTV ပုံစံမျိုး ဆရာကလည်းတစ်ခါ 'လွမ်းနေမယ်မမ'မှာ ရိုက်ဖူးတယ်။ အဲဒီလိုလာလိုက်တာ ကျွန်တော်တို့က ခေတ်တွေခေတ်တွေကို အများကြီးဖြတ်သန်းပြီးတော့ လာလိုက်တဲ့အခါကျတော့ ဆရာနဲ့ ကျွန်တော်နဲ့ ပြောနေတဲ့အပိုင်းမှာ ရုပ်ရှင်ရဲ့ ဖြတ်သန်းလာရတဲ့ မြန်မာ့ရုပ်ရှင်ရဲ့ တစ်သက်တာကိုလည်း ပရိသတ်လည်း တော်တော်များများ သိလာကြပါပြီ။

**ဦးတင်ယု ။** ။ မျိုးဆက်သစ်ကို ကျွန်တော်ပြောချင်တာ တစ်ခုရှိတယ်။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု ။** ။ အဲဒါဘယ်သူမှမပြောဘူး၊ ရုပ်ရှင်မှာမရှိတဲ့ စကားတွေကိုသုံးတာ။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့။

**ဦးတင်ယု ။** ။ Pan Up, Pan Down ဆိုတာမရှိဘူး။

**ကြည်စိုးထွန်း ။** ။ ဩော်ဟုတ်ပြီဆရာ ရုပ်ရှင်ဝေါဟာရနဲ့ ပတ်သက်လာရင် မှားနေတာတွေကို ဆရာပြုပြင်ပေးချင်တာ။

**ဦးတင်ယု ။** ။ Pan Up , Pan Down ကို သုံးတုန်းရှိသေးတယ်။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု ။** ။ Tilt Up Tilt Down ဖြစ်ရမယ်။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ပါဆရာ။

**ဦးတင်ယု ။** ။ နောက်တစ်ခု ယောကျ်ားလူကြမ်းကို ဘာခေါ်တယ်။

**ကြည်စိုးထွန်း ။** ။ Villain ပါဆရာ။

**ဦးတင်ယု ။** ။ မိန်းမလူကြမ်းကော။

**ကြည်စိုးထွန်း ။** ။ Vamp ဆရာ။

**ဦးတင်ယု ။** ။ မိန်းမလူကြမ်းကိုပေါက်စမင်းသမီးလေးတွေက ကျွန်မက Villain လုပ်ချင်တာ Villain ကို အခုခေတ်က မမုန်းတော့ဘူး အဲဒီတော့ Villain လုပ်ချင်တယ်ပြောနေတယ်။

**ဦးတင်ယု ။** ။ Vamp လုပ်ချင်တယ် ပြောရမှာ။ ယောကျ်ားလေးကလည်း ကျွန်တော်က Vamp လုပ်ချင်တယ်ပြောကြတယ်။ အဲဒါဘယ်သူမှ ပြင်မပေးကြဘူး။

**ကြည်စိုးထွန်း ။** ။ ဟုတ်ပါတယ်ဆရာ၊ ဒီရုပ်ရှင်ဝေါဟာရတွေနဲ့ ပတ်သက်ပြီးတော့ လွဲနေတာတွေက တော်တော်များများ ရှိပါတယ်ဆရာ။ ဆရာပြင်ပေးတာအလွန်ကောင်းပါတယ်။ တခြားဘာများ ရုပ်ရှင်မျိုးဆက်သစ် လောကသားတွေအပေါ်မှာ မှာကြားချင်ပါသေးလဲဆရာ။

**ဦးတင်ယု ။** ။ ရုပ်ရှင်များများရိုက်ကြရင်း ရုပ်ရှင်ကြီးကိုမပျောက်အောင်ထိန်းပေးကြပါလို့။

**ကြည်စိုးထွန်း ။** ။ ရုပ်ရှင်လည်းရိုက်ကြပါ မပျောက်အောင်လည်းထိန်းကြပါ ရုပ်ရှင်ကြည့်ပရိသတ်အနေနဲ့ကလည်း။

**ဦးတင်ယု ။** ။ ရုပ်ရှင်များများကြည့်ကြပါ။

**ကြည်စိုးထွန်း ။** ။ ရုပ်ရှင်များများကြည့်ကြပါ၊ ရုံခတွေလည်းလျှော့ပြီးတော့၊ ခရီးစရိတ်တွေလည်း နည်းပြီးတော့၊ အဲဒီလိုအခြေအနေနဲ့ကြည့်နိုင်တဲ့ဟာဖြစ်ပါစေလို့။ ဆရာနဲ့ ကျွန်တော်နဲ့က ဆုတောင်းရင်းနဲ့ ရုပ်ရှင်လောကကြီးလည်း အဓွန့်ရှည်ပါစေလို့ ဆန္ဒပြုရင်းနဲ့ ကျွန်တော်တို့ရဲ့ စကားဝိုင်းလေးကို ဒီမှာတင်ပဲအဆုံးသတ်လိုက်ကြရအောင်ပါဆရာ။ ကျေးဇူးတင်ပါတယ်။ ဒီလိုကျန်းမာရေး အသက်အရွယ်ကြီးနေတဲ့အချိန်မှာ တောင်မှ ဆရာဟာ ပျော်ပျော်ပါးပါးနဲ့ ဒီစကားဝိုင်းကို ပျော်ပျော်ရွှင်ရွှင် လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ဆွေးနွေးသွားတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်ဆရာ၊ နောင်လည်း ဆွေးနွေးပါဦးမယ်ဆရာ၊ ကန်တော့ပါတယ်ဆရာ၊ ကျေးဇူးတင်ပါတယ်။

**ဦးတင်ယု ။** ။ သာသနာပြုနိုင်ပါစေ။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ပါဆရာ။



*✻ ကျော့ဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် အသစ်ခေါ်ထားသည့် ငြိမ်းချမ်း၊ မာတူနာနှင့် အဘူဘာကာတို့ကို သီဟစည်သူ၊ ဒေးဗစ်ဒန်း၊ မက်ဆီမင်တို့ဖြင့် တွဲဖက်ပွဲထုတ်ခဲ့သည်။ ရန်ကုန်အသင်းမှာမူ ကစားသမားသစ်များဖြစ်သည့် မောင်မောင်ဝင်း၊ ဘာဖို၊ အီမန်နျူရယ်၊ အောင်ကျော်နိုင်တို့ကို ကျော်ဇင်ထက်၊ မောင်မောင်လွင်၊ စိုးမင်းနိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။

ပွဲအစတွင် ရန်ကုန်အသင်းက တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ၁၅ မိနစ် နောက်ပိုင်းတွင် နှစ်သင်းစလုံး ထိန်းကစားခဲ့၍ ပွဲအေးတစ်ပွဲဖြစ်ခဲ့သည်။ နှစ်သင်းစလုံး ထိရောက်သည့် ဂိုးသွင်းခွင့် မဖန်တီးနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ရှမ်းအသင်းကစားပုံမှာ ပထမပိုင်းတွင် သာမန်သာရှိခဲ့ပြီး ရန်ကုန်အသင်းသည် ပိုဖိကစားနိုင်သော်လည်း ဂိုးဖန်တီးမှုအပိုင်းတွင် အားနည်းခဲ့သောကြောင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်းက လူငယ်ကစားသမားများဖြစ်သည့် ဈာနေရသူနှင့် ဇွဲသက်ပိုင်တို့နေရာတွင် ရန်နိုင်ဦးနှင့် နန္ဒကျော်ကိုထည့်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၅၂ မိနစ်တွင် မာတူနာက တစ်ကိုယ်တော်အစွမ်းဖြင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရန်ကုန်အသင်း ချေပဂိုး ပြန်ရရန် ကြိုးပမ်းလာသော်လည်း ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၇၄ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ရဲမင်းသူက ခေါင်းတိုက်သွင်းယူခဲ့သည်။ ၇၅ မိနစ်တွင် ရန်ကုန်အသင်းအတွက် ရန်ပိုင်စိုးက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ရှမ်းအသင်းက ပွဲအပြီးထိ အနိုင်ရလဒ်ကို ထိန်းချုပ်ကစားသွားခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးရနိုင်သည့် အခွင့်အရေးများ ပြန်ရခဲ့သော်လည်း ရှမ်းယူနိုက်တက်ဂိုးသမား သီဟစည်သူကာကွယ်နိုင်ခဲ့သလို ပယ်နယ်တီရနိုင်သည့် အခွင့်အရေးများကိုလည်း ငြင်းဆန်ခံခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ချာရတီဖလားကို သုံးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ရန်ကုန်အသင်း၏ အရေအတွက်နှင့် တူညီသွားခဲ့သည်။ ထို့ပြင် ရှမ်းယူနိုက်တက်အသင်းသည် ချာရတီဖလား ပြိုင်ပွဲတစ်လျှောက် ပထမဆုံးအကြိမ် နှစ်ကြိမ်ဆက် ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ယခုရန်ပုံငွေပြိုင်ပွဲမှ ရရှိသည့် ကွင်းဝင်ကြေးများနှင့် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၁၅၀ ကို ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ အာစိဏ္ဏသီရိပရဟိတ ကျောင်းတိုက်၊ Candle Volunteer ပရဟိတလူငယ်များအသင်း၊ M&Y Edu Trust နှင့် အနုပညာသစ်ပြတိုက် ဖောင်ဒေးရှင်း၊ နယ်လှည့်ကုသိုလ်ပြုဆေးကုသရေး နှလုံးလှဆရာဝန်များအဖွဲ့တို့ကို ကျပ်သိန်း ၃၀ စီ၊ အနိုင် ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအား ချာရတီဖလားတို့ကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာ မျိုးသိမ်းကြီး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့် ကြသည်။

**ညီမြတ်သော်တာ**




ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာမျိုးသိမ်းကြီးတို့က အနိုင်ရသည့် ရှမ်းယူနိုက်တက်အသင်းအား ဆုဖလား ချီးမြှင့်နေစဉ်။
ဓာတ်ပုံ- ဖိုးသော်ဇင်

# ချောက်မြို့နယ် ထန်းခြောက်ပင်ကျေးရွာစက်ရေတွင်း မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ဖွင့်လှစ်

**ချောက် ဇန်နဝါရီ ၅**

**မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သော စွယ်ပေါက်ကျေးရွာအုပ်စု ထန်းခြောက်ပင်ကျေးရွာ အဝီစိစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။**




တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးတို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က အဝီစိစက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ရေပေးရေး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဝီစိစက်ရေတွင်း ဖွင့်ပွဲ မှတ်တိုင်ဦးအခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာရေကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထန်းခြောက်ပင် ကျေးရွာ သောက်သုံးရေရရှိရေး လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေကျပ် ၃၇ ဒသမ ၈၅ သန်းဖြင့် အနက်ပေ ၁၃၅၀ ခန့် စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့် ၂၀ ပေရှိဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ပါဝါမီတာတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးမိုးကျော်**

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ယာယီပုံစံ(၃)များကို တောင်သူများထံပေးအပ်

**ပခုက္ကူ ဇန်နဝါရီ ၅**

ပညာရေးဝန်ကြီးဌာန ပခုက္ကူတက္ကသိုလ်မှ ပြန်လည်စွန့်လွှတ်အပ်နှံခဲ့သည့် မြေဧရိယာ ၂၅ ဒသမ ၉၆ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ယာယီပုံစံ(၃) လျှောက်လွှာများကို မူလပိုင်ရှင် တောင်သူများလက်ဝယ်သို့ ပေးအပ်ပွဲကို ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဧရာ(၂) အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်ဝင်းက ပညာရေးဝန်ကြီးဌာန ပခုက္ကူတက္ကသိုလ်မှ ပြန်လည်အပ်နှံခဲ့သည့် မြေများအကြောင်းနှင့် မကွေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်ကျော်ကျော်က သိမ်းဆည်းခံမြေ စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အခြေအနေများအကြောင်းကို အကျဉ်းချုပ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူတက္ကသိုလ်မှ ပြန်လည်အပ်နှံခဲ့သည့် မြေ ၂၅ ဒသမ ၉၆ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ယာယီပုံစံ(၃)များကို ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာအုပ်စုနှင့် ချောက်ကန်ကျေးရွာအုပ်စုတို့မှ မူလပိုင်ရှင် တောင်သူများထံသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြန်လည်ပေးအပ်ခဲ့သည်။

**ဆလိုင်းကိုကီး**

# ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

**တာလေ ဇန်နဝါရီ ၅**

လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်က ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် တာလေမြို့ အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ပြေးခုန်ပစ်၊ ချောတိုင်တက်၊ ခေါင်းအုန်းရိုက်၊ အာလူးကောက်၊ သံပုံးရိုက်၊ ပူဖောင်းပုတ်ပြိုင်ပွဲနှင့် မုန့်စားပြိုင်ပွဲများကို ပါဝင်ဆင်နွှဲ ယှဉ်ပြိုင်ကစားကြပြီး မြို့အုပ်ချုပ်ရေးမှူး ဦးချစ်ကိုနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြကာ ပြိုင်ပွဲများအလိုက် ဆုရရှိကြသူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်မိုး(ပြန်/ဆက်)**

# မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို)သို့ အလှူငွေများ၊ ကလေးအဝတ်အထည်နှင့် ကစားစရာများလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဆောင်ရွက်လျက်ရှိသော ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် Diplomatic and International Golfer's Affiliation of Yangon က လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၊ ကလေးများအတွက် အဝတ်အထည်နှင့် ကစားစရာများကို စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စ ဗန်နက်ဆာ ချန်ယွမ် ရင် က လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဒေါ်တင့်တင့်လွင်၊ မြန်မာနိုင်ငံဆိုင်ရာ ချက်ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဒေါ်လှလှဝေနှင့် မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးအောင်လှိုင်ဦးနှင့် ဇနီးတို့က ငွေကျပ်သုံးသိန်းစီကိုလည်းကောင်း ယနေ့ နံနက်ပိုင်းတွင် လာရောက်ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စင်ကာပူနိုင်ငံ သံအမတ်ကြီးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌက အလှူငွေနှင့်ပစ္စည်းများ လက်ခံ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို)သို့ အလှူငွေများ၊ ကလေးအဝတ်အထည်နှင့် ကစားစရာများလှူဒါန်းပွဲ ကျင်းပစဉ်။

## မော်လူးတိုက်နယ်ဆေးရုံသို့ ကျပ်သိန်း ၄၀၀ ကျော် တန်ဖိုးရှိ ဓာတ်မှန်ရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

**ဖားကန့် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့ရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ကျပ်သိန်း ၄၀၀ ကျော်တန်ဖိုးရှိ ဓာတ်မှန်ရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများကို မော်လူးမြို့ ၂၄ နာရီ မီးလိုင်းထိန်းသိမ်းရေး ကော်မတီက လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၄ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းပွဲတွင် အင်းတော်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာမြတ်ကုဋ္ဌေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ပြုံးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မော်လူးမြို့ ၂၄ နာရီ မီးလိုင်းထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင်များက စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကာ မော်လူးတိုက်နယ် ဆရာဝန် ဒေါက်တာ ဝတ်မှုန်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**လူအောင်(ကသာ)**

## ၂၀၁၉ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဟိုတယ်ကြီးများ၌ ဧည့်သည် နှစ်သိန်းကျော် ဝင်ရောက်တည်းခိုခဲ့

မုံရွာ ဇန်နဝါရီ ၅

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားဇုန်ခြောက်ခုရှိ ဟိုတယ်ကြီးများ၌ ၂၀၁၉ ခုနှစ်အတွင်း ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်ပေါင်း ၂၂၀၆၂၁ ဦးအထိ ဝင်ရောက်တည်းခိုမှုရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှူး ဦးအောင်သူဦးထံမှ သိရသည်။**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ ရွှေဘို၊ ကသာ၊ ခန္တီး၊ ကလေးနှင့် မုံရွာ စသည့် ခရီးသွားဇုန်ခြောက်ခုရှိ ဟိုတယ်ပေါင်း ၄၆ လုံးတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ပြည်တွင်းခရီးသွား ၁၉၂၀၇၃ ဦးနှင့် ပြည်ပခရီးသွား ၂၈၅၄၈ ဦးတို့ ဝင်ရောက်တည်းခိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ ၂၀၁၉ ခုနှစ်အတွင်း အဆိုပါ ခရီးသွားဇုန် ခြောက်ခုသို့ လအလိုက် ပြည်တွင်းနှင့်ပြည်ပ ခရီးသည်များ ဝင်ရောက်တည်းခိုမှုမှာ ဇန်နဝါရီလတွင် ပြည်တွင်းခရီးသွား ၁၅၅၇၆ ဦး၊ ပြည်ပခရီးသွား ၃၈၃၆ ဦး၊ ဖေဖော်ဝါရီလတွင် ပြည်တွင်းခရီးသွား ၁၄၅၉၇ ဦး၊ ပြည်ပခရီးသွား ၃၅၆၄ ဦး၊ မတ်လတွင် ပြည်တွင်းခရီးသွား ၁၆၁၃၀၊ ပြည်ပခရီးသွား ၂၉၉၄ ဦး၊ ဧပြီလတွင် ပြည်တွင်းခရီးသွား ၁၅၀၁၉ ဦး၊ ပြည်ပခရီးသွား ၁၃၇၄ ဦး၊ မေလတွင် ပြည်တွင်းခရီးသွား ၁၄၆၁၈ ဦး၊ ပြည်ပခရီးသွား ၁၄၈၉ ဦး၊ ဇွန်လတွင် ပြည်တွင်းခရီးသွား ၁၃၆၁၆ ဦး၊ ပြည်ပ ခရီးသွား ၁၀၅၈ ဦး၊ ဇူလိုင်လတွင် ပြည်တွင်းခရီးသွား ၁၆၇၉၀၊ ပြည်ပ ခရီးသွား ၁၄၅၉ ဦး၊ ဩဂုတ်လတွင် ပြည်တွင်းခရီးသွား ၁၄၅၇၉ ဦး၊ ပြည်ပခရီးသွား ၁၉၁၃ ဦး၊ စက်တင်ဘာလ တွင် ပြည်တွင်းခရီးသွား ၁၅၄၉၉ ဦး၊ ပြည်ပခရီးသွား ၁၆၂၄ ဦး၊ အောက်တိုဘာလတွင် ပြည်တွင်းခရီးသွား ၁၉၂၄၅ ဦး၊ ပြည်ပခရီးသွား ၂၄၀၁ ဦး၊ နိုဝင်ဘာလတွင် ပြည်တွင်းခရီးသွား ၁၈၁၄၀၊ ပြည်ပခရီးသွား ၃၉၃၆ ဦးနှင့် ဒီဇင်ဘာလတွင် ပြည်တွင်းခရီးသွား ၁၈၂၇၀၊ ပြည်ပခရီးသွား ၂၉၀၀ တို့ ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## လှည်းကုန်း-မိုးနဲ-သရဖူ-ကျားတွန်း-အင်းတိန်ကျေးလက်လမ်း ဂျာမနီဖွံ့ဖြိုးရေးဘဏ်အကူအညီဖြင့် ကတ္တရာခင်းမည်

**ရန်ကုန် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ပင်လောင်းမြို့နယ် လှည်းကုန်း- မိုးနဲ - သရဖူ - ကျားတွန်း - အင်းတိန် ကျေးလက်လမ်း ၁၉ ဒသမ ၄ ကီလိုမီတာကို ဂျာမနီဖွံ့ဖြိုးရေးဘဏ် ထောက်ပံ့ကူညီငွေ ယူရို ၃၅၁၇၄၉၆ ယူရိုဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကျေးလက်လမ်းဦးစီးက ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးလက်လမ်းသည် မူလက ၁၀ ပေ အကျယ်သာရှိသည့် မြေသားလမ်းဖြစ်၍ မိုးရာသီတွင် သွားလာရ ခက်ခဲသော လမ်းတစ်လမ်းဖြစ်သော်လည်း အောင်ပန်း၊ ပင်လောင်း၊ မိုးနဲ၊ လွိုင်ကော်လမ်းပေါ်ရှိ ပင်လောင်းမြို့နယ် တီကျစ်မြို့ လှည်းကုန်းကျေးရွာမှ ညောင်ရွှေမြို့နယ် အင်းလေးကန်အနောက်ဘက်ရှိ အင်းတိန်ကျေးရွာသို့ ဆက်သွယ်သည့် မြို့နယ်ချင်းဆက်လမ်းဖြစ်သည်။

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်တွင် ကတ္တရာခင်းခြင်းလုပ်ငန်းကို အပြီးဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ ကျေးလက်လမ်းပြီးစီးပါက ဒေသတွင်းရှိ ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၆၄၀၊ လူဦးရေ ၄၅၁၀ တို့အတွက် အကျိုးခံစားရမည် ဖြစ်သည့်အပြင်၊ အင်းလေးကန်အနောက်ဘက်ဒေသမှ ထွက်ရှိသည့် ဒေသထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် ရောက်ရှိနိုင်တော့မည် ဖြစ်သည်။

**ခရမ်းစိုးမြင့်**




လှည်းကုန်း-အင်းတိန် ကျေးလက်လမ်း ကတ္တရာခင်းရန်အတွက် မြေညှိဆောင်ရွက်နေစဉ်။

## ဖားကန့် သီတဂူစက္ခုဒါနဆေးရုံ၌ အထွေထွေခွဲစိတ်ကုသဆောင်သစ် ဖွင့်လှစ်

**ဖားကန့် ဇန်နဝါရီ ၅**

ကချင်ပြည်နယ် ဖားကန့်မြို့ရှိ သီတဂူစက္ခုဒါနဆေးရုံဝင်းအတွင်း၌ အထွေထွေခွဲစိတ်ကုသဆောင်သစ်ကို အလှူရှင်၏ ဆောက်လုပ်လှူဒါန်းမှုဖြင့် ဇန်နဝါရီ ၄ ရက်က တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အထွေထွေ ခွဲစိတ်ကုသဆောင်သစ်ဖွင့်ပွဲတွင် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆန်းကြွယ်မှော်တောင်းပရိယတ္တိ မစိုးရိမ်စာသင်တိုက် ဆရာတော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုး၊ နယ်မြေခံတပ်မှ အရာရှိ ဗိုလ်မှူးကြီး ဇော်မျိုးဝင်း၊ ရဲမှူးကြီး သန်းထိုက်စိုး၊ ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်၊ နှစ်ခြင်းအသင်းတော်ကောင်စီ အတွင်းရေးမှူး သိက္ခာတော်ရဆရာတော် ဦးဘီတူးဂျာနှင့် အလှူရှင် ဦးခင်မောင်ညွန့်တို့က အဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် အလှူရှင်မိသားစုမှ သီတဂူစက္ခုဒါနဆေးရုံတော် စီမံအုပ်ချုပ်မှုကော်မတီသို့ အထွေထွေခွဲစိတ်ကုသဆောင်ကြီးနှင့်အတူ သက်ဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ဖားကန့်မြို့ သီတဂူစက္ခုဒါနဆေးရုံ၌ ဇန်နဝါရီဒုတိယပတ်မှ စတင်ကာ မျက်စိဝေဒနာရှင်များအား တတိယအကြိမ်မြောက် အခမဲ့ကုသမှုကို မျက်စိအထူးကုပါရဂူများနှင့် ဆရာဝန်များက ဆောင်ရွက်ပေးမည်ဖြစ်ရာ ယခုဖွင့်လှစ်လိုက်သော အထွေထွေ ခွဲစိတ်ဆောင်သစ်၌ စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# အချိန်အခါမဟုတ် မိုးရွာသွန်း၍ အလောင်းတော်ကဿပ ဘုရားဖူးရာသီလမ်း ယာယီပိတ်ထားရ

**ကနီ ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်း ဇန်နဝါရီ ၃ ရက်တွင် မိုးရွာသွန်းမှုကြောင့် အလောင်းတော်ကဿပရုပ်ပွားတော်တည်ရှိရာ စံကျောင်းတော်သို့ သွားရောက်သည့် ကပိုင်-သပိတ်ဆေး ဘုရားဖူးရာသီလမ်းကို ယာယီပိတ်ထားရကြောင်း ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလင်းထံမှ သိရသည်။

ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပ ရုပ်ပွားတော်တည်ရှိရာ နေရာသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အထင်ကရနေရာတစ်ခုဖြစ်ပြီး ၎င်းရုပ်ပွားတော်တည်ရှိရာ နေရာသို့ သွားရောက်သည့် ကပိုင်-သပိတ်ဆေး ဘုရားဖူးရာသီလမ်းကို ဒီဇင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ်ထားပြီး ဖြစ်၍ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများ အလောင်းတော်ကဿပသို့ သွားလာနေပြီလည်းဖြစ်သည်။

ယင်းသို့ ဘုရားဖူးရာသီ လမ်းဖွင့်ပြီး ဘုရားဖူးများ သွားလာဖူးမြော်နေချိန်တွင် ဇန်နဝါရီ ၃ ရက်က မိုးစတင်ရွာသွန်း၍ လမ်းချော်မှုများရှိလာသောကြောင့် အတက်အဆင်းကားများ အန္တရာယ်မရှိစေရေးအတွက် အဆင်းကားများကို အလောင်းတော်ကဿပဘုရား ကားရပ်နားစခန်းတွင် တားထားပြီး အတက်ကားများကို တောင်တက်လမ်းအစ ဂုံညင်းပင်စခန်းတွင် တားထားကာ ဘုရားဖူးလမ်းကို ဇန်နဝါရီ ၃ ရက်မှစ၍ ယာယီပိတ်ထားလိုက်ခြင်း ဖြစ်ကြောင်းနှင့် ယင်းကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် လမ်းတွင် ကားများပိတ်ဆို့ ရပ်တန့်နေရမှုများမရှိကြောင်း၊ မိုးများဆက်လက်ရွာသွန်းနေလျှင် လမ်းကိုဆက်လက်ပိတ်ထားရနိုင်ပြီး မိုးပြတ်သွားလျှင်မူ နောက်တစ်ရက်၊ နှစ်ရက်အတွင်း ပုံမှန်အတိုင်း ဘုရားဖူးများ သွားလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးတင်စိုးကို ဇန်နဝါရီ ၄ ရက်က ဆက်သွယ်မေးမြန်းရာတွင်လည်း ချောင်းရေများ ကျဆင်းနေသည့်အတွက် ဇန်နဝါရီ ၄ ရက်တွင် မိုးပြတ်သွားလျှင်ပင် နောက်သုံးရက်လောက်နေမှ လမ်းများတွင် ပြန်လည်သွားလာနိုင်မည်ဖြစ်ပြီး နောက်ထပ်မိုးဆက်ရွာနေပါက လမ်းများလည်း ပျက်စီးမှုရှိနိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

**သန်းငွေအောင်(ကနီ)**



ခန္တီ သစ္စာ သာသနာ ဆီမီး(၉၀၀၀)အဖွဲ့ကြီး၏ ပထမအကြိမ် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ပူဇော်ပွဲကြီးကို ဇန်နဝါရီ ၄ ရက်က ရွှေတိဂုံစေတီတော် ရာဟုထောင့်၌ ကျင်းပရာ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင် ရေနံချောင်းဆရာတော်အမှူးပြု၍ ဆရာတော်၊ သံဃာတော်များ၊ ဆီမီး ၉၀၀၀ အဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အမှုဆောင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးပူဇော်ကြစဉ်။

အေကေလင်း

# ပေါက်မြို့နယ်၌ယောချောင်း ဘေးတစ်လျှောက်ကြက်သွန်စိုက်တောင်သူများ စိုက်ခင်းအတွင်း ရေများဝင်၍ နစ်မြုပ်မျောပါပျက်စီး

**ပေါက် ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ယောချောင်းဘေးတစ်လျှောက် ကြက်သွန်စိုက်တောင်သူများ ဇန်နဝါရီ ၁ ရက် ညနေပိုင်းမှ ဇန်နဝါရီ ၅ ရက်အထိ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဆောင်းရာသီ ကြက်သွန်စိုက်တောင်သူများ၏ စိုက်ခင်းအတွင်း ရေများဝင်၍ နစ်မြုပ်မျောပါပျက်စီးကြောင်း သိရသည်။**(အောက်ပုံ)**

ပေါက်မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၇၅ အုပ်စုနှင့် ကျေးရွာပေါင်း ၂၃၅ ရွာရှိရာ ကျေးရွာအုပ်စုအများစုက ဆောင်းရာသီ စိုက်ပျိုးရေးအတွက် ကြက်သွန်ကို အဆိုပါချောင်းမကြီးဘေးတစ်လျှောက်၌ အဓိကထား စိုက်ပျိုးလျက်ရှိရာ ကြက်သွန်စိုက်ပျိုးရန်အတွက် မြေပြင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာလဆန်းပိုင်းတွင်ခေတ်မီ လယ်ထွန်စက်ကြီးများဖြင့် အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ကြပြီး မြေဩဇာများထည့်၍ ဒီဇင်ဘာလနောက်ဆုံးပတ်မှ ယနေ့အချိန်ထိ စိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် စိုက်ပြီး ကြက်သွန်ခင်းအများစုမှာ ယောချောင်းရေများ ဖုံးလွှမ်းခြင်းခံရပြီး ဆောင်းကြက်သွန်စိုက်တောင်သူများ ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

ယခုနှစ်တွင် ပေါက်မြို့နယ်၌ ယောချောင်း ကြက်သွန်စိုက်ကေ စုစုပေါင်း ၁၁၄၆ ကေ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးမှ သိရပြီး ကြက်သွန်စိုက်ပျိုးစရိတ်အနေဖြင့် တစ်ကေလျှင် ငွေကျပ် ၁၅ သိန်းဝန်းကျင်ခန့် ကုန်ကျလျက်ရှိကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။ လက်ရှိအခြေအနေအရ ကြက်သွန်စိုက်ခင်းအများစုသည် ရေနစ်မြုပ်မျောပါပျက်စီးခဲ့ရကာ ရေပြန်လျော့နည်းသွားချိန်တွင်လည်း တောင်သူအများစုမှာ ပြန်လည်စိုက်ပျိုးနိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

ထိုသို့ ပျက်စီးဆုံးရှုံးသွားသော ကြက်သွန်စိုက်ကေများကို သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများက တောင်သူတစ်ဦးချင်း၏အမည်စာရင်းနှင့် စိုက်ကေများကို ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**





မရမ်းကုန်းမြို့နယ်အမှတ်(၂) ရပ်ကွက်ညီညွတ်ရေးလမ်းရှိ ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့က ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် အသက် ၈၀ နှစ်နှင့်အထက် အဘိုးတစ်ထောင် အဘွားတစ်ထောင် လှူဒါန်းပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။

မျိုးမင်းသိန်း(မရမ်းကုန်း)

## မှုခင်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်းဆိုင်ရာ ရှင်းလင်း

**ကျောက်ဆည် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တရားရုံးတွင် ဖွင့်လှစ်ဆောင်ရွက်သွားမည့် နိုင်ငံတဝန်းမှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ရှင်းလင်းပွဲကို ဇန်နဝါရီ ၃ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း တက်ရောက်အမှာစကား ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်ဆန်းနှင့် ကျောက်ဆည်တရားသူကြီး ဒေါ်သိန်းသိန်းနှင်းတို့က မှုခင်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**

# မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲ၌ ကျောက်တွဲများအား ပြည်တွင်းကျောက်မျက်ကုန်သည်များ ဝယ်ယူမှုအားကောင်း

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်တွင်း ကျောက်မျက်ရတနာကုန်သည်များ ပြည်တွင်း၌ လွတ်လပ်စွာ ရောင်းဝယ်နိုင်ရေး၊ ကျောက်မျက်အချောထည်လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရန်အတွက် မြန်မာကျပ်ငွေဖြင့် ရောင်းချသော ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိသည်။

**ပြည်တွင်းကုန်သည်များက ဝယ်ယူ**

ယခုပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၃၆၉၅ တွဲကို ပြည်တွင်းကျောက်မျက် ကုမ္ပဏီများက တင်ပြရောင်းချထားရာ ဇန်နဝါရီ ၅ ရက်က အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲ ၁၂၅၀ အနက် အတွဲပေါင်း တစ်ထောင့်တစ်ရာကျော်ခန့်အား ပြည်တွင်းကုန်သည်များက ဝယ်ယူခဲ့ကြောင်း သိရသည်။

**ကျောက်ကုန်ကြမ်းရှားလာ**

"တင်ပြရောင်းချတဲ့ ကျောက်တွဲတွေအများဆုံးက ကုမ္ပဏီနဲ့ အစိုးရ အကျိုးတူ ကျောက်တွဲတွေ ဖြစ်ပါတယ်။ ဝယ်တဲ့ကုန်သည်တွေအနေနဲ့လည်း ကြမ်းခင်းဈေးသက်သာတယ်။ တန်ပုံကျောက်တွေထဲက အစကောင်း (အရည်) ပါတတ်တဲ့အတွက်ရော၊ အချပ်လိုင်း/ လက်ကောက်လိုင်း/ ပုတီးလိုင်း/ ပန်းပုလိုင်း စသည်ဖြင့် ကိုယ့်လိုင်းအတိုင်း အဖွဲ့လိုက်ငွေကြေးစုပြီး လာရောက်ဝယ်ယူကြတာပါ။ ကျောက်ကုန်ကြမ်းက တစ်နှစ်ထက်တစ်နှစ် ရှားလာပြီ။ တခြား တွင်းထွက်ရတနာတွေက သူ့အမျိုးအစား၊ သူ့တန်ဖိုးအလိုက် ရှိပေမယ့် ကျောက်စိမ်းတစ်မျိုးပဲ တန်ဖိုးအတိအကျ သတ်မှတ်လို့ မရတော့ ဝယ်တဲ့သူရဲ့ ပညာဉာဏ်၊ ကံ၊ ငွေနဲ့ပဲ သက်ဆိုင်ပါတယ်။ ကိုယ်ဝယ်ချင်တဲ့ ကျောက်တွဲက ကိုယ်ပေးတဲ့ဈေးနှုန်းနဲ့ရတဲ့ ကျောက်တွဲရှိသလို၊ မရတဲ့ ကျောက်တွဲလည်းရှိတယ်" ဟု နေပြည်တော်မှ အဖွဲ့လိုက်လာရောက်ဝယ်ယူသူ ကုန်သည်တစ်ဦးက ပြောသည်။

"ကျောက်ဝယ်ဖို့ဆိုတာ အဓိက ငွေအရင်းအနှီးပါ။ ကိုယ့်ငွေနဲ့ ချိန်ဆပြီး ခါးကျောက်တွေ ရှာဝယ်ရတာပါ။ ချက်ချင်း ငွေပြန်မပေါ်ပါဘူး။ ပြန်လည်ပြုပြင်ပြီး အမြတ်ရမှ ပြန်ရောင်းရတာပါ။ ဈေးကွက်အလိုက် ဈေးပေးဝယ်ယူမှု မတူပါဘူး။ အဖွဲ့လိုက်ပညာရှင်ခေါ်ပြီး စုပေါင်းဝယ်ယူမှုရှိသလို ကျွန်တော်တို့လို တစ်ဦးတည်းဝယ်ယူသူအနေနဲ့ ဈေးပြိုင် မဝယ်ယူနိုင်ပါဘူး။ လိုအပ်ရင် ငွေတိုးနဲ့ဝယ်ယူရတဲ့အတွက် ကိုယ်ရတဲ့ကျောက်အတွဲကို နှစ်လအတွင်း၊ အချိန်တိုအတွင်းမှာ ဈေးနှုန်းမစောင့်နိုင်ဘဲ အမြတ်နည်းနည်းရတာနဲ့ ပြန်ရောင်းရပါတယ်။ နေပြည်တော်ပြပွဲက မော်အားလုံးရဲ့ကျောက်မျိုးစုံ၊ ကျောက်ကောင်းတွေ တွေ့ရပါတယ်" ဟု မန္တလေးမြို့မှ တစ်ဦးတည်း ကျောက်လာရောက်ဝယ်ယူသူတစ်ဦးက ပြောသည်။

**ကျောက်ဈေးနှုန်း ပုံမှန်**

"ကျွန်တော်တို့ ကုမ္ပဏီက အစိုးရနဲ့ အကျိုးတူလုပ်တာပါ။ ကျောက်တွဲ ၈၀ ကျော် တင်ရောင်းထားတယ်။ နောက်ပြီး တခြားအပေါ်ကျောက်တွဲ(ကျောက်ကောင်း)တွေကို အိတ်ဖွင့်တင်ဒါထည့်သွင်းဝယ်ယူပါတယ်။ ကြိုက်တဲ့ဈေးကွက်၊ ဈေးနှုန်းနဲ့ လွတ်လပ်စွာရောင်းဝယ်နိုင်အောင်ပေါ့။ အခု ကျောက်ဈေးနှုန်းက ပုံမှန်အတိုင်းပဲရပါတယ် " ဟု နေပြည်တော်ရှိ ကျောက်မျက်ကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးက ပြောသည်။

မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ကျောက်မျက်ရောင်းဝယ်ရေးပြပွဲတွေကို မန္တလေး၊ စစ်ကိုင်း စသည့်မြို့ကြီးများတွင် သက်ဆိုင်ရာက ကြီးကြပ်ဆောင်ရွက် ကျင်းပပေးလျက်ရှိကြောင်း သိရသည်။


**ခွန်(ဝင်းပ)**

# မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်ဝတ္ထုရှည်အတွဲ (၄)၊ အတွဲ (၅)၊ အတွဲ (၆) စာအုပ်များထုတ်ဝေဖြန့်ချိ

မြန်မာစာပေသမိုင်းတွင် ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော ဂန္ထဝင်မြောက်သုတ၊ရသစာကောင်းပေမွန်များကို စာဖတ်ပရိသတ်လက်သို့ တစ်စုတစ်စည်းတည်း ပေးအပ်လိုသော ရည်ရွယ်ချက်၊ မြန်မာစာပေလက်ရာကောင်းများ အဓွန့်ရှည်စွာ မပျောက်ပျက်အောင် ထိန်းသိမ်းရေးရည်ရွယ်ချက်၊ အများပြည်သူ ဉာဏ်ပညာမြင့်မားလာစေရန်နှင့် လူငယ်များ မြန်မာစာပေကို ချစ်မြတ်နိုးလျက် စာပေဖတ်ရှုသော အလေ့အထ တိုးပွားစေရန် ရည်ရွယ်ချက်တို့ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်သည် မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များကို ထုတ်ဝေလျက်ရှိပါသည်။




မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်များတွင် ၂၀ ရာစု မြန်မာစာပေအတွင်းမှ ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ ရသစာတမ်း၊ သုတပဒေသာ (ဝိဇ္ဇာ၊သိပ္ပံ)၊




ယဉ်ကျေးမှုနှင့် အနုပညာ၊ နိုင်ငံရေး၊ သမိုင်း၊ တိုင်းရင်းသားဆိုင်ရာ ဘာသာရပ်များ အပါအဝင် သုတရသအကောင်းဆုံးစာအုပ်များကို ရွေးချယ်စုစည်းထုတ်ဝေသွားမည်ဖြစ်သည်။ ထို့ပြင် မြန်မာစာပေစတင်ထွန်းကားခဲ့သည့် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အချိန်ခန့်အထိ ထွက်ပေါ်ခဲ့သော ရှေးဟောင်းစာပေများအတွင်းက ခေတ်လူငယ်များအတွက် အကျိုးပြုမည့် စာပေများကိုလည်း ထုတ်ဝေမည်ဖြစ်ပါသည်။

ယင်းစာအုပ်တွဲများကို စာပေပညာရှင်များ၊ စာရေးဆရာများ၊ စာပေသုတေသီများ၊ စာကြည့်တိုက်ပညာရှင်များ ပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့များက မိမိကျွမ်းကျင်ရာ ဘာသာရပ်ကဏ္ဍအလိုက် စုဖွဲ့လျက် အချိန်ယူလေ့လာဖတ်ရှုရွေးချယ်ခဲ့ကြပါသည်။ မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သော စာပေအမျိုးမျိုးထဲမှ ရည်ရွယ်ချက်နှင့် အကြောင်းအရာအရ သော်လည်းကောင်း၊ အရေးအဖွဲ့အရသော်လည်းကောင်း စာဖတ်ပရိသတ်များ၊ စာပေလေ့လာသူများက စာပေလက်ရာမွန်အဖြစ် မှတ်တမ်းတင် အသိအမှတ်ပြုခဲ့ကြရသော သုတ၊ ရသစာပေများကို ရွေးချယ်လျက် စုစည်းထုတ်ဝေပါသည်။ ဤစာစဉ်တွဲများမှတစ်ဆင့် မြန်မာ့အတွေးအခေါ်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ထုံးတမ်းဓလေ့အစဉ်အလာများနှင့် မြန်မာစာပေမြင်ကွင်းတစ်ခုလုံးကို ဖြန့်ကြက်ရှုမြင်နိုင်ပါလိမ့်မည်။


စာဖတ်သူတို့ကို ဘဝအသိအမြင် မြင့်မားစေရေးအတွက် ခံစားနှစ်သက်မှု “ရသ” ကို




ဖော်ကျူးပေးစွမ်းမည့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်ဝတ္ထုရှည်အတွဲ (၁)၊ အတွဲ (၂) နှင့် အတွဲ (၃) တို့ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည်စာစဉ်အတွဲ (၄)၊ (၅)၊ (၆)တို့ကို မကြာမီ ထုတ်ဝေဖြန့်ချိတော့မည်ဖြစ်ပါသည်။ ဝတ္ထု ရှည်စာစဉ်အတွဲ (၄) တွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသားသည့် တပင်ရွှေထီး ဝတ္ထုတော်ကြီး (၁၉၂၄)၊ အတွဲ (၅) တွင် ရွှေစကြာဦးစိုးမြင့် ရေးသားသည့် နားခံတော် ဝတ္ထု(၁၉၃၂) နှင့် ဇဝနရေးသားသည့် ကောလိပ် ကျောင်းသားဝတ္ထု (၁၉၃၅)၊ စာစဉ်အတွဲ (၆) တွင် မဟာဆွေရေးသားသည့် တို့မေမေဝတ္ထု (၁၉၃၅)နှင့် သခင်ဘသောင်း ရေးသားသည့် ပန်းသာမစာအုဝတ္ထု (၁၉၃၇) တို့ပါဝင်ပါသည်။ ဝတ္ထုရှည်အတွဲများအတွက် ဆရာမောင်ခင်မင် (ဓနုဖြူ)၊ ဆရာမိုးဇံ၊ ဆရာမ မမိုးမြေတို့က စာစဉ်တွဲနိဒါန်းများကို သေသပ်လှပစွာ ရေးသားထားပါသည်။ ယင်းဝတ္ထုများသည် မြန်မာ့ပုံရိပ်၊ မြန်မာ့စိတ်ထား၊ မြန်မာတို့၏ ဘဝအတွေ့အကြုံများကို ဖော်ကျူးထားသည့် ရသစာပေကောင်း စာအုပ်များဖြစ်ပါသည်။

ဝတ္ထုရှည်ဘာသာရပ်များကို အတွဲ (၇)၊ (၈)၊ (၉)စသည်ဖြင့် အတွဲ ၃၀ ခန့်အထိ ဆက်လက်ထုတ်ဝေမည်ဖြစ်ပြီး ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ် စသည်ဖြင့် ရသစာပေ စာအုပ်တွဲများကိုလည်း ဆက်လက်ထုတ်ဝေ







သွားမည်ဖြစ်ပါသည်။ မိသားစုများ၊ စာကြည့်တိုက်များ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ စာအုပ်စင်များတွင် ခံ့ညားတင့်တယ်စွာ ထားရှိဖတ်ရှုနိုင်ရန်အတွက် စာမျက်နှာ ၇၀၀ ခန့်ပါ ခန့်ချုပ်ဖြင့် အဆင်အပြင်လှပသပ်ရပ်စွာ စီစဉ်ထုတ်ဝေထားပါသည်။

မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည်တွဲများကို ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလဆန်းမှ စတင်၍ တစ်တွဲလျှင် ငွေကျပ် ၁၂၀၀၀၊ ကိုယ်စားလှယ်နှုန်း ၁၅ ရာခိုင်နှုန်းလျှော့ဖြင့် ရန်ကုန်၊ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄ ၆၈၁၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့မှတစ်ဆင့် မြန်မာတစ် နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **(မြန်မာ့အလင်း)**

# ဟန်လင်းဆား တစ်ခေတ်ဆန်းစေချင်



ဟန်လင်းကျေးရွာရှိ ဆားချက်ဖိုကို တွေ့ရစဉ်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းမြို့ဟောင်းဒေသ ဟန်လင်းကျေးရွာသည် စိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးကို အဓိကတွင်ကျယ်စွာ ဆောင်ရွက်လျက်ရှိပြီး မိရိုးဖလာ လက်မှုလုပ်ငန်းများအဖြစ် ဆားချက်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ စပါးပုတ်ရက်လုပ်ခြင်းလုပ်ငန်း၊ လှည်းဘီး လုပ်ငန်း၊ မဏ္ဍပ်အလှဆင်လုပ်ငန်း၊ ထန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိရာ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော်က ပင်ထင်ရှားကျော်ကြား ခဲ့သည့် “ဟန်လင်းဆားလုပ်ငန်း” မှာ ပျူယဉ်ကျေးမှုနှင့်အတူ ထွန်းကားခဲ့သည့် မိရိုးဖလာလုပ်ငန်းအဖြစ် ဟန်လင်းဒေသ၏သင်္ကေတတစ်ခုလည်း ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပင်လယ်ရေမှ ချက်လုပ်သည့် ဆားကို တွင်ကျယ်စွာအသုံးပြုနေကြသော်လည်း ဟန်လင်းဒေသထွက် ဆားမှာမူ ဆားမြေကို ရေဖျော်ကာ ချက်လုပ်သည့် ထူးခြားပြီး ဆေးဖက်ဝင်သော ဆားတစ်မျိုးလည်း ဖြစ်ပေသည်။

“ဆားချက်လုပ်ငန်းက မိရိုးဖလာလုပ်ငန်းအဖြစ် ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့ကြတာပါ။ အခုနောက်ပိုင်း သဖန်းဆိပ် ဆည်ရေရတော့ တောင်သူတွေအတွက် အကျိုးအမြတ်ပိုရှိတဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ပိုပြီးအားစိုက်လုပ်ကိုင်လာကြတာရယ်၊ လူနေထူထပ်မှု ပိုမိုများပြားလာပြီး ရွာရဲ့ ဧရိယာမှာ နေအိမ်ဆောက်လုပ်မှုတွေ တိုးချဲ့လာကြတာတွေကြောင့် ဆားကွင်းတွေ လျော့နည်းလာသလို ဆားချက်လုပ်ငန်း လုပ်ကိုင်သူတွေလည်း လက်ချိုးရေတွက်လို့ရတဲ့အထိ လျော့နည်းလာပါပြီ” ဟု ဆားတောင်သူတစ်ဦးဖြစ်သည့် ဦးသောင်းတင်က ရှင်းပြသည်။

“ဟန်လင်းဆားကတော့ သမားရိုးကျ ပင်လယ်ရေက ချက်ယူတဲ့ဆားမဟုတ်ပါဘူး။ ဆားကွင်းထဲက မြေတွေကို သေချာကျေညက်အောင် ထွန်တယ်၊ ခြစ်တယ်၊ နေပြတယ်။ ဆားချက်လို့ရတဲ့ မြေဖြစ်တဲ့အထိ စိတ်ရှည်ရှည်နဲ့ ဆောင်ရွက်ရတာပေါ့။ ပြီးမှ အခုလို ဆားရေဖိုတွေထဲကို ဆားမြေမှုန့်တွေ ထည့်ပြီး ရေလောင်းပေးရပါတယ်။ ရေနဲ့ဆားမြေ ပေါင်းစပ်သွားပြီး မြေကြီးထဲမှာ စိမ့်ဝင်နေတဲ့ ဆားအင်ဓာတ်တွေ ရေမှာပျော်ဝင်ပြီး အောက်ကခံထားတဲ့ မြေအိုးထဲကို တစ်စက်ချင်း ကျဆင်းလာပါတယ်။ ဒီဆားရည်တွေကိုမှ ဆားချက်ဖိုပေါ်တင်ပြီး ထင်းမီးနဲ့ ချက်ယူရတာပါ” ဟု ဆားတောင်သူတစ်ဦးဖြစ်သည့် ကြီးတော်ပုက ဆားချက်ပုံအဆင့်ဆင့်ကို ပြောပြပါသည်။

ဟန်လင်းဆားသည် မိရိုးဖလာနည်းအတိုင်း ချက်လုပ်ထားပြီး အရောင်လှအောင် ချွတ်ဆေးသုံးစွဲမှုမရှိသည့်အတွက် အရောင်အဆင်းလှပမှု လျော့နည်းခြင်း၊ အခါးဓာတ်အနည်းငယ် ပါဝင်ခြင်းတို့ကြောင့် အရောင်အဆင်းနှင့် ထုပ်ပိုးမှု သေသပ်လှပသည့် ပင်လယ်ဆားများလောက် လူကြိုက်များမှုမရှိဘဲ လက်ရှိဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၈၀ မှ ၇၀၀ အထိသာ ဈေးရရှိသော်လည်း အခါးဓာတ်ပါဝင်သည့် ဆေးဖက်ဝင်ဆားတစ်မျိုးဖြစ်သည့်အတွက် ယခုနှစ် ဆားရာသီတွင် တောင်ကိုရီးယားနိုင်ငံမှ ဆေးဖော်စပ်ရန် စတင်စမ်းသပ်ဝယ်ယူနေပြီဖြစ်၍ မကြာမီ “ဟန်လင်းဆား” တစ်ခေတ်ဆန်း သစ်လာနိုင်ကြောင်း ဟန်လင်းဆားတောင်သူများက ပြောကြားသည်။

**မောင်ယဉ်ကျေး**

# မိုင်းဆတ်မြို့၌ ၁၆ ခန်းတွဲ ဝန်ထမ်းအိမ်ရာ ထပ်မံဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

**မိုင်းဆတ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဝန်ထမ်းအိမ်ရာ ၁၆ ခန်းဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းခတ္တိယ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်နှင့် တာဝန်ရှိသူတို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

“မိုင်းဆတ်မြို့က နယ်စပ်ဒေသမြို့ဖြစ်တဲ့အပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် အစစအရာရာ ဈေးနှုန်းတွေ ကြီးမြင့်တယ်။ အိမ်ခန်းငှားခဆိုရင် အနည်းဆုံး ကျပ်ငါးသောင်းကနေ သိန်းဂဏန်းအထိ ရှိတဲ့အတွက် အခြားဒေသက လာရောက်တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေမှာ အခက်အခဲကြုံရပါတယ်။ ဒါကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေနဲ့ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးအခန်းပေါင်း ၁၆ ခန်း ဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက ပြောသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာသစ်သည် အလျား ၆၁ ဒသမ ၅ ပေနှင့် အနံ ၅၁ ပေရှိပြီး ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၁၇ သန်းဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သုံးယိမ်းဟွားဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် လပွတ္တာခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(လပွတ္တာမြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၇ ၊ ၈)ရက်၊( အင်္ဂါ ၊ ဗုဒ္ဓဟူး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

ရောဝတီခန်းမ ၊ အ.ထ.က(၂) ၊ လပွတ္တာမြို့။

# မြန်မာ့ရိုးရာ မြင်းစီးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၅

**မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ခရိုင်မြင်းစီးအားကစားအသင်းက ကြီးမှူး၍ ကျင်းပသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာ မြင်းစီးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မိတ္ထီလာမြို့နယ် မကျီးချောက်ကျေးရွာတွင် ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။**

ထို့နောက် မြန်မာခြေ(အသားကျ)၊ မြင်းဒုန်း (အကြီးတန်း)၊ မြင်းဒုန်း(အငယ်တန်း) ပြိုင်ပွဲများတွင် ဗိုလ်လုပွဲနှင့် တတိယလုပွဲများကို ဆက်လက်ကျင်းပခဲ့ပြီး မြင်းစီးအားကစားပြိုင်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်မြင်းစီးအားကစားသမားများကို မြန်မာနိုင်ငံမြင်းစီးအားကစားကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ မိတ္ထီလာခရိုင် မြင်းစီးအားကစားအသင်း ဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအလိုက် ဆုများ ပေးအပ်ခဲ့သည်။

ထို့နောက် အထူးပြိုင်ပွဲအနေဖြင့် ပြိုင်ပွဲဝင် မြင်းစီးအားကစားတစ်ဦးမှ မြင်းနှစ်ကောင်စီး၍ လက်ဆင့်ကမ်းပြိုင်ပွဲကို ယှဉ်ပြိုင်စေပြီး ဆုရရှိသူအား အမှတ်တရလက်ဆောင် ပေးအပ်ခဲ့သည်။ ယင်းနောက် ပြိုင်ပွဲဝင်မြင်းစီးအားကစားသမားများက အမြင့်တန်း ခုန်ကျော်ခြင်း၊ မြင်းအလုပြ စီးနင်းခြင်းများဖြင့် သရုပ်ပြသ ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာခြေ(အသားကျ)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပျော်ဘွယ်မြို့နယ်မှ ဦးသက်ဝေကယခုပြိုင်ပွဲမှစတင်၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ပထမဆုံးပါဝင်ယှဉ်ပြိုင်သည့်ပြိုင်ပွဲတွင် ပထမဆုရသည့်အတွက် အလွန်ဝမ်းသာကြောင်း၊ မိတ္ထီလာခရိုင်တွင် မြန်မာ့ရိုးရာ မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပသွားမည့်အကြောင်း သိရသည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် နေ့စဉ် လေးမိုင်မှ ငါးမိုင်အထိ လေ့ကျင့်ပြီး ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နောင်ကျင်းပမည့် မြင်းစီးအားကစားပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောသည်။

အဆိုပါ မြန်မာ့ရိုးရာ မြင်းစီးအားကစားပြိုင်ပွဲတွင် မြန်မာခြေ(အသားကျ)၊ မြင်းဒုန်း (အကြီးတန်း)၊ မြင်းဒုန်း (အငယ်တန်း)အဖြစ် ပြိုင်ပွဲအမျိုးအစား သုံးမျိုးခွဲခြား၍ ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**



မြင်းဒုန်းစီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

ကျုံကူတူးမြောင်းကျေးရွာများသို့ဖြတ်သန်း၍ ဖျာပုံမြို့အထိ ခရီးရှည် မိုင်ပေါင်း ၃၀ ခရီးကို စီးနင်းယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖျာပုံမြို့၊ ပထမလမ်း၊ စည်ပင်သာယာရုံးရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်း၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမြင့်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဦး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလင်း၊ Pypapon Cycling Group ဥက္ကဋ္ဌ ကိုအောင်ကြီးနှင့် တာဝန်ရှိသူများက အသက် ၁၈ နှစ်မှ ၃၅ နှစ်အတန်း၌ ဆုရရှိသူ ၁၀ ဦး၊ အသက် ၃၅ နှစ်အထက် အတန်း၌ ဆုရရှိသူ ၁၀ ဦး၊ အလွတ်တန်း၌ ဆုရရှိသူ ၁၀ ဦး၊ အသက်အငယ်ဆုံး ပြိုင်ပွဲဝင်ဆု၊ အသက် ၇၀ နှစ်အထက် ပြိုင်ပွဲဝင်ဆုရရှိသူ တစ်ဦး၊ အထူးဂုဏ်ပြုဆုရရှိသူ တစ်ဦးတို့အား ဆုများ ဂုဏ်ပြုချီးမြှင့် ပေးအပ်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုဆုငွေ ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းငါးသောင်း၊ တတိယဆု ကျပ် တစ်သိန်း ချီးမြှင့်ခဲ့ပြီး အသက် ၃၅ အထက်ပြိုင်ပွဲ၌ ပထမဆုရရှိသူကို Midea ကုမ္ပဏီမှ အဝတ်လျှော်စက်တစ်လုံး၊ အတန်းတိုင်း၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဖျာပုံမြို့ရှိ ကိုဝီချိုင်း(ဂျိုးကြာလျှပ်စစ်)မိသားစုမှ EVD စက်တစ်လုံးစီး ထပ်ဆောင်းချီးမြှင့် ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## ပူတာအိုမြို့တွင် အခြေခံပညာကျောင်းပေါင်းစုံ ကိုယ်ကာယကြံ့ခိုင်မှုနှင့် အားကစားအကပြိုင်ပွဲကျင်းပ

**ပူတာအို ဇန်နဝါရီ ၅**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပသော ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ ကိုယ်ကာယကြံ့ခိုင်မှုနှင့် Fitness Dance ပြိုင်ပွဲကို ယမန်နေ့က ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက် ရဝမ်အမျိုးသားဥယျာဉ် ခါကာဘိုရာဇီခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးမယစ်ယောရှုက အမှာစကားပြောကြားသည်။

ပြိုင်ပွဲတွင် အခြေခံအေရိုးဗစ်စနစ်သစ် ကကွက် ၄၅ မျိုး၊ အခြေခံအေရိုးဗစ်စနစ်သစ် ကကွက် ၅၃ မျိုးနှင့် Fitness Dance အက သုံးမျိုးဖြင့် အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်အသင်းပေါင်း ခြောက်သင်းနှင့် ပြိုင်ပွဲဝင်ကစားသမား ၁၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဖုန်ကန် (ပူတာအို)**

# မျိုးနွားသိုးပြပွဲ၊ ပြိုင်ပွဲ၊ နွားအလှပြေးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ



**စလင်း ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လင်းဇင်းကျေးရွာအုပ်စု လင်းဇင်းကျေးရွာရှိ အ.ထ.က(လင်းဇင်း)ဘောလုံးကွင်းအတွင်း၌ ဇန်နဝါရီလ ၄ ရက်က မျိုးနွားသိုးပြပွဲ၊ ပြိုင်ပွဲ၊ နွားအလှပြေးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျင်းပခြင်းဖြစ်သည်။

တောင်သူများအနေနှင့် မိုးဦး မကျမီ မိုးစပါးအတွက် လယ်ယာလုပ်ငန်းခွင်မဝင်မီ အားလပ်လျက်ရှိရာ ရိုးရာယဉ်ကျေးမှုမပျောက်စေရန် နွားများ၏ စွမ်းရည်၊ နွားမောင်းသူ၏ စွမ်းရည်၊ နွားကောင်းများ၏ ကြန်အင်လက္ခဏာနှင့် နွား၏အဝအလှ ပြသရန် မြန်မာ့နွားသိုးအလှ အချောပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

မြန်မာ့နွားသိုး အလှအချောပြိုင်ပွဲကို မြန်မာ့ခိုင်းနွားမျိုးရင်းဖြစ်ခြင်း၊ နွားအမွေးသန့်ခြင်း(ဖြူ၊ ပြာ၊ နီ၊ ဝါ၊ နက်)၊ နားရွက်မကြီးခြင်း၊ ဇက်ပေါက်ကောင်းခြင်း၊ နှာတံသွယ်ခြင်း၊ လည်ပတ်မကျခြင်း၊ သိုပတ်မကျခြင်း၊ ခြေကျလက်ကျဖြောင့်ခြင်း၊ ခွာလုံးခြင်း၊ ခွာပူးစုခြင်း/ ရှည်မနေခြင်း၊ ထိပ်ပြင်ကျယ်ခြင်း၊ ရင်အုံကျယ်ခြင်း၊ တင်ဆုံကျယ်ခြင်း၊ ထိပ်ဖွေနေရာမှန်တွင် တစ်လုံးသာရှိခြင်း၊ ကျောဖွေတို့နောက် (၉) လက်မအတွင်းရှိခြင်း၊ မြီးတံသွယ်ခြင်း၊ မြီးဆံကောင်းမွန်ခြင်း၊ နံရိုးအချိုးအစားမှန်ကန်ခြင်း၊ တို/ပျော့မရှိခြင်း၊ ဝှေးစေ့အရွယ်တူညီခြင်း၊ သွားပေါက်မှန်ကန်ခြင်း၊ ဦးချိုဖြောင့်မတ်ခြင်း၊ ပြင်ဆင်ထားမှု မရှိခြင်း၊ ဘို့အနေအထား ဖြောင့်မတ်ကောင်းမွန်ကြီးမားခြင်း (ဒေါက်/အလျားညီမျှခြင်း)ဆိုသော အချက်များဖြင့် အမှတ်ပေး၍ နွားကြီး၊ နွားလတ်၊ နွားငယ်ဟူ၍ ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**သန်းမြင့် (ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

အက်ဖ်အေဖလား တတိယအဆင့် အခြားပွဲစဉ်ရလဒ်များအဖြစ် မန်ချက်စတာမြို့ခံ အသင်းတစ်သင်းဖြစ်သော မန်ယူအသင်းသည် အဝေးကွင်းတွင် ဝုလ်အသင်းကို ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သည်။ လူငယ်ကစားသမားများဖြင့် ပွဲထွက်ခဲ့သည့် မန်ယူကို အိမ်ရှင်ဝုလ်အသင်းသည် အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးကန်ခွင့်မှာ ၁၂ ကြိမ်စီတူညီခဲ့သော်လည်း ဂိုးပေါက်ခြိမ်းခြောက်မှုမှာ ဝုလ်အသင်းသည် နှစ်ကြိမ်ခြိမ်းခြောက်နိုင်ခဲ့ပြီး မန်ယူအသင်းသည် တစ်ကြိမ်မျှ မခြိမ်းခြောက်နိုင်ခဲ့ပေ။

အခြားပွဲများတွင် ပို့စ်မောက်သည် ဖလက်ဝုဒ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဘုန်းမောက်က အိမ်ကွင်းတွင် လူတန်တောင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ လက်စတာက ဝီဂန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဇန်နဝါရီ ၅ ရက် ညပိုင်းပွဲစဉ်များတွင် ချယ်လ်ဆီးက နော့တင်ဟမ်ဖောရက်စ်ကို နှစ်ဂို- ဂိုးမရှိ၊ ဒါဘီက ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိ၊ ကျူပီအာက ဆွမ်ဆီးကို ငါးဂိုး-တစ်ဂိုး၊ ရှက်ဖီးယူနိုက်တက်က ဖလွိုက်ကို နှစ်ဂိုး-တစ်ဂိုး၊ ဝက်စ်ဘရွန်းက ချာလ်တန်ကို တစ်ဂိုး-ဂိုးမရှိ၊ ဘန်စလေက ခရူဝီကို သုံးဂိုး-တစ်ဂိုး၊ နော့သမ်တန်က ဘာတန်ကို လေးဂိုး-နှစ်ဂိုး၊ လီဗာပူးက အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။

ဘရစ္စတိုးနှင့် ကိုဗင်ထရီတို့ပွဲမှာ နှစ်ဂိုးစီသရေ၊ မစ်ဒယ်ဘရော့နှင့် စပါးပွဲမှာ တစ်ဂိုးစီ သရေကျခဲ့သည်။

**သီဟ**



ချယ်လ်ဆီးနှင့် နော့တင်ဟမ်ဖောရက်စ်တို့ ယှဉ်ပြိုင်နေစဉ်။

# အမြန်လမ်းတွင် ခရီးသည်တင်ယာဉ်တစ်စီး ရှေ့ဘီးပေါက်ပြီး ရေနုတ်မြောင်းလျှိုထိန်းနံရံကို တိုက်မိသဖြင့် ခုနစ်ဦးဒဏ်ရာရ

**မိတ္ထီလာ ဇန်နဝါရီ ၅**

နေပြည်တော်-မန္တလေး အမြန်လမ်းတွင် ဇန်နဝါရီ ၅ ရက် နံနက် ၅ နာရီခွဲက ခရီးသည်တင် ယာဉ်တစ်စီး ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ရေနုတ်မြောင်းအောက်လျှိုထိန်း နံရံအား ဝင်ရောက်တိုက်မိသဖြင့် ခရီးသည် ခုနစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

အမြန်လမ်းမကြီး မိုင်တိုင် (၂၈၆/၃)နှင့် (၂၈၆/၄)အကြား မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ အသွားလမ်းတွင် မကွေးမြို့နေသူ ယာဉ်မောင်းကျော်ဇင်လတ်(၂၉ နှစ်) မောင်းနှင်လာသော MDY 1Q/---- ခရီးသည်တင်ယာဉ်၏ ရှေ့ယာဘက်ဘီးပေါက်သဖြင့် အရှိန်မထိန်းနိုင်ဘဲ ရေနုတ်မြောင်း လျှိုထိန်းနံရံအား ဝင်ရောက်တိုက်မိခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ၃၂ ဦးအနက် အမျိုးသား ခြောက်ဦး၊ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သဖြင့် သီးကုန်းရဲစခန်းမှ ဒုရဲမှူး ကိုကိုမောင်နှင့် တပ်ဖွဲ့ဝင်များ၊ သီးကုန်းအမြန်လမ်း မီးသတ်စခန်းမှ ဒုဦးစီးမှူး ရဲလင်းအောင်နှင့် တပ်ဖွဲ့ဝင်များက ဒဏ်ရာရရှိသူများအား မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်အား ပေါ့ဆစွာမောင်းနှင်သူ ယာဉ်မောင်း ကျော်ဇင်လတ်အား သီးကုန်း အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်ထားရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အမြန်လမ်းရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီကယ်ဆယ်ရေး ဆောင်ရွက်ကြစဉ်။

# ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့နယ်များ၌ ဘိန်းစိုက်ခင်း ၁၄ ဧကခန့် ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၄ ရက်တွင် တုတ်ဆောက်ကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခွဲခန့်အကွာ၌ အမြင့် တစ်ပေခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၂ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နန်းယွန်းမြို့နယ် တကားကျေးရွာ၏ တောင်ဘက် ငါးမိုင်ခန့်အကွာ၌ အမြင့် ငါးလက်မခန့် ဖူးဖြိုးဆဲ ဘိန်းစိုက်ခင်း နှစ်ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**




## မြန်မာ့ရုပ်မြင်သံကြား

၆-၁-၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၄၀ - "အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၉:၁၅ - BBC Click
- ၁၁:၁၅ - လုံမမှတ်စု(၁၂၀)
- ၁၁:၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂:၃၅ - "မောင်တောစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်နှင့် တွေ့ဆုံ မေးမြန်းခန်း"
- ၁၅:၁၅ - ပြည်သူ့နီတိ "ဝန်"

**ညပိုင်း**

- ၁၆:၂၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo (100) + တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ် (Promo)
- ၁၇:၀၅ - This Week's Special Interest
- ၁၇:၃၅ - Yes or No Talk Show
- ၁၈:၂၅ - "ဘင်း(မ်)ကေဦဒ့ါ(ခ်) နီပေါ သံအမတ်ကြီးနှင့် တွေ့ဆုံ မေးမြန်းခန်း"
- ၁၈:၄၀ - ဥပဒေရေးရာအဖြာဖြာ "တစ်လင်တစ်မယားစနစ်နှင့် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ အကြောင်းသိကောင်းစရာ"
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၁၉) (၂) "နှင်းဖြူဖြူနှင့် ဆီးတော်ပွင့်နီနီတို့ကြောင့် ဥယျာဉ်ကြီးသည် လှပတင့်မောနေခြင်း"(၂)
- ၂၀:၀၀ - ပြည်တွင်းသတင်း
- ၂၀:၃၅ - ပြည်သူ့အကျိုးပြု မှတ်တိုင်များ
- - မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြု အစီအစဉ် "အသံတိတ်ခေတ် ရုပ်ရှင်တေးများ" (ချိုတေးတံတျာအဖွဲ့မှ တင်ဆက်သည်)
- - မြန်မာမျိုးဆက်သစ်အစီအစဉ်
- - နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာခေါက်ဆွဲ" (အပိုင်း-၂၄)

# ရှင်ဗွေယန်၊ တံတားဦး၊ မိုးမိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

တနိုင်းမြို့နယ် ရှင်ဗွေယန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီက ရှင်ဗွေယန်မြို့ အမှတ်(၃)ရပ်ကွက်နေ အာနီး(ခ) ကျော်စိုးနိုင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၊ ဘိန်းဖြူ ၀ ဒသမ ၆၂၇ ကီလိုတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တံတားဦးမြို့နယ် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ရှာဖွေစစ်ဆေးရေးစက်တွင် ဗန်ကောက်အဲယားဝေး လေကြောင်းလိုင်း ခရီးစဉ်အမှတ် PG-714 ဖြင့် မန္တလေးမှ ဗန်ကောက်သို့ လိုက်ပါမည့် ခရီးသည် Yuan Cheng Cheng အား စစ်ဆေးရာ ငွေကျပ်သိန်း ၁၄၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၈၀၀၊ နိုင်ငံကူးလက်မှတ်စာအုပ် တစ်အုပ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၄ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုင်းဟောက်ကျေးရွာအုပ်စု ဘော်ဒေကျေးရွာအဝင် တွင်းငယ်-မိုးမိတ်သွားကားလမ်းတွင် ဇော်လွမ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၉ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၈၀ တို့ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် အထက်ပါ နေရာတွင် ဂမ်ဖန်(ခ)ရဲဇင်မင်းသူ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဆီတိုင်ကီ ဝဲဘက်အောက်ကာဘာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၊ ဘိန်းဖြူ ၂၄ ဒသမ ၅ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



Yuan Cheng Cheng အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ရဲနွယ်သစ်တောကြိုးဝိုင်းနှင့် ဘိုင်းဒါးသစ်တော ကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ကျောက်တံခါး ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲခူးရိုးမတောင်ပေါ် သစ်တောကြိုးဝိုင်းအတွင်း ဇန်နဝါရီ ၄ ရက်က တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ သစ်တောကြိုးဝိုင်းအတွင်း ကျောက်တံခါးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးတင်ထွန်း၊ တောအုပ်ကြီး ဇာနည်ဝင်းနှင့် သစ်တောဝန်ထမ်းများ၊ ဖဒိုနယ်မြေရဲစခန်းမှ ဒုရဲအုပ် မင်းချစ်သူနှင့် တပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် ရဲနွယ်သစ်တောကြိုးဝိုင်း အကွက်အမှတ် (၈၀) တွင် ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၄၉ ချောင်း ၄ဒသမ ၈၂၅၂ တန် နှင့် ဘိုင်းဒါးသစ်တောကြိုးဝိုင်းအကွက် အမှတ်(၉၂) ဒေသအခေါ် (၁၇)မိုင် ပုလဲကောချောင်းအနီးတွင် ပျဉ်းကတိုးခွဲသား ဆိုဒ်စုံ ၇၂ ချောင်း ၃ ဒသမ ၇၅တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါသိမ်းဆည်းရမိသော သစ်များနှင့် ပတ်သက်၍ တရားမဝင် သစ်ခိုးထုတ်သူများအား ဆက်လက်စုံစမ်းဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**



# ထရီပိုလီမြို့ရှိ စစ်ဘက်လေ့ကျင့်ရေးကျောင်း စီးနင်းတိုက်ခိုက်ခံရမှုကြောင့် ၂၈ ဦးထက်မနည်း သေဆုံး

**ထရီပိုလီ ဇန်နဝါရီ ၅**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ရှိ စစ်ဘက်လေ့ကျင့်ရေးကျောင်း၌ ဇန်နဝါရီ ၄ ရက်က လေကြောင်းမှစီးနင်းတိုက်ခိုက်ခံရမှုဖြစ်ပွားခဲ့ရာ လူ ၂၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ၂၈ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါလေ့ကျင့်ရေးကျောင်းကို လေကြောင်းမှ တိုက်ခိုက်ခံရမှုကြောင့် ဗိုလ်လောင်း ၂၈ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ များပြားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမင်အယ်ဟာရှီမီက ပြောသည်။

တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း ဗိုလ်လောင်းများမှာ စစ်ရေးပြကွင်းအတွင်း စုဝေးနေကြကြောင်းလည်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ အဆိုပါ လေ့ကျင့်ရေးကျောင်းမှာ အယ်ဟတ်ဘာအယ်ခါဒရာတွင် တည်ရှိပြီး လစ်ဗျားဒေသခံများ နေထိုင်ရာအရပ်တွင် တည်ရှိသည်။ ဒဏ်ရာရရှိသူများကို ကုသရန်အတွက် သွေးအလှူရှင်များနှင့် သွေးဘဏ်မှ အကူအညီများ လိုအပ်နေသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ထရီပိုလီမြို့တောင်ပိုင်းတွင် ဧပြီလနှောင်းပိုင်းမှ စတင်ကာ တိုက်ပွဲများ ပြင်းထန်နေသည်။

လစ်ဗျားအစိုးရနှင့် ဗိုလ်ချုပ်ကြီး ခါလီဖာဟက်ဖ်တာ၏ တပ်များအကြား ဧပြီလနှောင်းပိုင်းမှ စတင်ကာ တိုက်ပွဲများ ပြင်းထန်လာခြင်းလည်း ဖြစ်သည်။ ယခု လေကြောင်းမှတစ်ဆင့် တိုက်ခိုက်ခံရခြင်းမှာ ခါလီဖာဟက်ဖ်တာ၏ တပ်ဖွဲ့ဝင်များလက်ချက်ဟု လစ်ဗျားအစိုးရက စွပ်စွဲထားသည်။ ဟက်ဖ်တာ၏ သစ္စာတော်ခံတပ်များမှာမူ ယခုတိုက်ခိုက်မှုမှာ ၎င်းတို့၏ လက်ချက်မဟုတ်ဟု ပြောဆိုခဲ့ခြင်းမရှိပေ။ ထရီပိုလီမြို့တွင် ဟက်ဖ်တာ၏ တပ်ဖွဲ့ဝင်များ စတင်တိုက်ခိုက်စဉ်မှစတင်ကာ အရပ်သား ၂၈၀ ကျော်နှင့် တိုက်ခိုက်ရေးသမား ၂၀၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။ လူပေါင်း ၁၄၆၀၀၀ ကျော်မှာ နေရပ်စွန့်ခွာထွက်ခွာသွားခဲ့ရသည်။

လွန်ခဲ့သည့် လအတွင်းကလည်း လစ်ဗျားတွင် တိုက်ခိုက်မှုများ အဆုံးသတ်ရန် ကုလသမဂ္ဂက တောင်းဆိုခဲ့သည်။ အခြားသောနိုင်ငံများအနေဖြင့်လည်း လစ်ဗျားသို့ လက်နက်မထောက်ပံ့ရေး တားမြစ်ချက်ကို လေးစားလိုက်နာကြရန် ကုလသမဂ္ဂက တောင်းဆိုခဲ့သည်။ လက်နက်မထောက်ပံ့ရန် ကုလသမဂ္ဂက တောင်းဆိုထားသော်လည်း ဂျော်ဒန်၊ တူရကီနှင့် ယူအေအီးနိုင်ငံတို့က ချိုးဖောက်နေကြသည်ဟု ကုလသမဂ္ဂအစီရင်ခံစာအရ သိရသည်။

**အေအက်ဖ်ပီ**



တိုက်ခိုက်ခံရပြီးနောက် ကျောင်းအတွင်း အခြေအနေကို တွေ့မြင်ရစဉ်။

# တရုတ်နိုင်ငံ၌ အဆုတ်ရောင်ရောဂါကူးစက်ပြန့်ပွားမှုကို အာဏာပိုင်များ စုံစမ်းစစ်ဆေး

**ဝူဟာန် ဇန်နဝါရီ ၅**

တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းမြို့ တစ်မြို့ဖြစ်သည့် ဝူဟာန်၌ အဆုတ်ရောင်ရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိရာ အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။



ဆေးကုသမှုခံယူနေရသည့် ရောဂါကူးစက်ခံရသူတစ်ဦးကို တွေ့ရစဉ်။

အဆုတ်ရောင်ရောဂါခံစားနေရ သူ ၄၄ ဦးရှိပြီး ၎င်းတို့အနက် ၁၁ ဦးမှာ စိုးရိမ်ဖွယ်အခြေအနေရှိကြောင်း အာဏာပိုင်များက ပြောသည်။ ရောဂါကူးစက်ခံရသူအချို့တွင် အပြင်းဖျားခြင်း၊ အသက်ရှူခက်ခဲခြင်းစသည့် လက္ခဏာများ တွေ့ရှိရကြောင်း ဖော်ပြသည်။ အဆိုပါရောဂါသည် ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။ သို့ရာတွင် အဘယ့်ကြောင့် ရောဂါဖြစ်ပွားရသည်ကို မသိရှိရသေးကြောင်း ဒေသန္တရကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

အဆုတ်ရောင်ရောဂါ ခံစားရသည့် လူနာများကို သီးသန့်ထားရှိကာ ကုသမှုဆောင်ရွက်နေပြီး အဆိုပါ လူနာများနှင့် အနီးကပ်ထိတွေ့မှုရှိသူများကိုပါ သတိထားစောင့်ကြည့်နေကြောင်း ပြောကြားခဲ့သည်။ ယခု ဖြစ်စဉ်ကြောင့် ၂၀၀၃ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဆားစ်ရောဂါခေါ် ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါ ပြန်လည်ဖြစ်ပွားလာမည်ကို စိုးရိမ်ရလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ကမ္ဘောဒီးယားအဆောက်အအုံပြိုကျမှု သေဆုံးသူ ၃၆ ဦးအထိ ရှိလာ

**ဖနောင်ပင် ဇန်နဝါရီ ၅**

ကမ္ဘောဒီးယားအနောက်တောင်ပိုင်းရှိ ကပ်ပြည်နယ်တွင် ဆောက်လက်စအထပ်မြင့်အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ သေဆုံးသူအရေအတွက်မှာ ၃၆ ဦးအထိရှိလာကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများလည်း ပြီးဆုံးသွားပြီဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ဇန်နဝါရီ ၅ ရက်တွင် ပြောကြားခဲ့သည်။ သေဆုံးသူ ၃၆ ဦးတွင် အမျိုးသမီး ၁၄ ဦးပါဝင်ပြီး ဒဏ်ရာရရှိသူ ၂၃ ဦးတွင်လည်း အမျိုးသမီး ရှစ်ဦးပါဝင်ကြောင်း ကယ်ဆယ်ရေးလုပ်ငန်းများ အဆုံးသတ်မှုအပြီး သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ထိခိုက်ခံစားရသူအားလုံးမှာ ကမ္ဘောဒီးယားနိုင်ငံသားများဖြစ်ကြပြီး အမျိုးသားဆောက်လုပ်ရေး လုပ်ငန်းရှင်တစ်ဦး၊ ဆောက်လုပ်ရေးလုပ်သားများနှင့် ကလေးများအပါအဝင် ၎င်းတို့၏မိသားစုဝင်များ ဖြစ်ကြသည်။

ကပ်မြို့တွင် ဇန်နဝါရီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် အဆောက်အအုံပြိုကျခဲ့ခြင်းဖြစ်ပြီး ထိုအချိန်တွင် ဆောက်လုပ်ရေးလုပ်သားများမှာ ကွန်ကရစ်လောင်းရန် ခုနစ်လွှာတွင် ရောက်ရှိနေသည်။ ကနဦးစုံစမ်းစစ်ဆေးမှုများအရ အမှားနှစ်ခုတွေ့ရကြောင်း ဝန်ကြီးချုပ် ဟွန်ဆင်က ပြောသည်။ ကန်ထရိုက်တာ၏ အမှားကြောင့် ဝမ်းနည်းကြေကွဲစရာများ ဖြစ်ခဲ့ရကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အသက်ဆုံးရှုံးခဲ့ရသည့်လူများ၏ မိသားစုဝင်များသည် အမေရိကန်ဒေါ်လာ ၅၂၅၀၀ ရရှိမည်ဖြစ်ပြီး ဒဏ်ရရှိသူများမှာ ဒေါ်လာ ၁၀၀၀၀ ရရှိမည်ဟုလည်း သိရသည်။ အဆောက်အအုံ၏ ပိုင်ရှင်သည် ငါးထပ်အဆောက်အအုံအတွက် လိုင်စင်လျှောက်ထားခဲ့ခြင်းဖြစ်ပြီး တရားမဝင်ဘဲ ခုနစ်ထပ် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း ကပ်မြို့ မြို့ပြဆောက်လုပ်ရေးနှင့် မြေယာစီမံခန့်ခွဲရေး အရာရှိတစ်ဦးက ပြောသည်။ **ဆင်ဟွာ**

# ဟော်မုဇ်ရေလက်ကြားသို့ ဝင်ရောက်လာသည့် ဗြိတိန်သင်္ဘောများကို ဗြိတိန်ရေတပ်ဖွဲ့က လိုက်ပါစောင့်ကြပ်မည်

**လန်ဒန် ဇန်နဝါရီ ၅**

အမေရိကန် လေကြောင်းတိုက်ခိုက်မှုကြောင့် အီရန်စစ်ဘက်အကြီးအကဲ ကာဆမ်းဆိုလန်းမန်းနီ သေဆုံးခဲ့ပြီးနောက်တွင် ဗြိတိန်ရေတပ်ဖွဲ့က ဟော်မုဇ်ရေလက်ကြားကို ဖြတ်ကျော်လာသည့် ဗြိတိန်အလံလွှင့်ထူထားသော သင်္ဘောများကို လိုက်ပါစောင့်ကြပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဇန်နဝါရီ ၄ ရက်က ထုတ်ပြန်ခဲ့သည့် ဖော်ပြချက်၌ ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဘင်ဝေါလေ့စ်က ရေနံသယ်ယူပို့ဆောင်ရေး အချက်အချာလမ်းကြောင်းဖြစ်သည့် ဟော်မုဇ်ရေလက်ကြားတစ်လျှောက် ဖြတ်ကျော်ဝင်ရောက်လာသည့် သင်္ဘောများအတွက် လိုက်ပါစောင့်ကြပ်သည့် တာဝန် ဆောင်ရွက်ရန် ရေတပ်ဖွဲ့ရေယာဉ်နှစ်စင်းကို ညွှန်ကြားထားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။



ဟော်မုဇ်ရေလက်ကြားသို့ စေလွှတ်ရန် ညွှန်ကြားထားသည့် HMS Montrose သင်္ဘော။

မစ္စတာဝေါလေ့စ်က ၎င်းအနေဖြင့် အမေရိကန် ကာကွယ်ရေးဝန်ကြီးနှင့်တကွ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို လက်ရှိဖြစ်ပွားနေသည့် တင်းမာမှုအခြေအနေကို လျှော့ချနိုင်စေရေး ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းထားသည်ဟု ဆိုသည်။ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များသည် ပြီးခဲ့သည့်လအနည်းငယ်အတွင်း အီရန်၏ တိုက်ခိုက်မှုကို အကြိမ်ကြိမ်ခံခဲ့ရကြောင်းနှင့် အဆိုပါ တိုက်ခိုက်မှုများကို ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီက ဦးဆောင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် မစ္စတာဝေါလေ့စ်က အမေရိကန်သည် ၎င်း၏နိုင်ငံနှင့် နိုင်ငံသားများအပေါ် ကျရောက်လာသည့် အန္တရာယ်၊ ရန်စွယ်ဟူသမျှကို နိုင်ငံတကာဥပဒေနှင့်အညီ ကာကွယ်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ထည့်သွင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့တပ်မှူး သေဆုံးပြီးနောက် အီရတ်ရှိ နေတိုးအဖွဲ့လေ့ကျင့်ရေးမစ်ရှင် ရပ်ဆိုင်း

**ဗန်ကူဗာ ဇန်နဝါရီ ၅**

အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ တပ်မှူးတစ်ဦး သေဆုံးခဲ့ရပြီးနောက်တွင် အီရတ်နိုင်ငံ၌ ကနေဒါ၏ စစ်ရေးညွှန်ကြားမှုဖြင့် ဆောင်ရွက်နေသည့် နေတိုးအဖွဲ့၏ လေ့ကျင့်ရေးမစ်ရှင်ဆောင်ရွက်မှုကို ရပ်နားလိုက်ကြောင်း ကနေဒါ သတင်းစာတစ်စောင်ဖြစ်သည့် Globe and Mail သတင်းစာက ယမန်နေ့က ဖော်ပြခဲ့သည်။

ကနေဒါအစိုးရ အကြီးတန်းအာဏာပိုင်တစ်ဦးက အဆိုပါမစ်ရှင်ရပ်ဆိုင်းမှုကို ပရိယာယ်မြောက်သည့် ယာယီရပ်ဆိုင်းထားမှုအဖြစ် ဖော်ပြခဲ့သည်။ ကနေဒါ ဗိုလ်ချုပ်ကြီး ဂျင်နီကယ်ရစ်နန်၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဆောင်ရွက်နေသည့် နေတိုးမစ်ရှင်သည် တိုက်ခိုက်ရေးမဟုတ်သည့် အကြံပေးခြင်းနှင့် လေ့ကျင့်ရေးဆိုင်ရာ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ကနေဒါနိုင်ငံသား ၂၅၃ ဦးပါဝင်သည့် နေတိုးအဖွဲ့ လေ့ကျင့်ရေးမစ်ရှင် ရပ်နားမှုသည် အီရတ်၊ ကူဝိတ်၊ ဂျော်ဒန်နှင့် လက်ဘနွန်နိုင်ငံများ၌ လေ့ကျင့်သင်ကြားရေးနှင့် အကြံပေးရေးဆောင်ရွက်ရန် တပ်ဖွဲ့ဝင် ၆၀၀ နီးပါးကို ချထားသည့် အမေရိကန်ဦးဆောင်သည့် စစ်ဆင်ရေးအား ထိခိုက်စေခြင်းမရှိကြောင်း အစီရင်ခံစာအရ သိရသည်။

ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်အနီးတွင် အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အီရန်စစ်ဘက်အကြီးအကဲ ကာဆမ်းဆိုလန်းမန်းနီ သေဆုံးခဲ့ပြီးနောက်တွင် ကနေဒါနိုင်ငံခြားရေးဝန်ကြီး ဖရန်ကွိုက်စ်ဖိလစ်ပီချန်ပင်က လေ့ကျင့်ရေးဆောင်ရွက်မှုများကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန်နှင့် တင်းမာမှုလျှော့ကျစေရေး ကြိုးစားအားထုတ်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်ရဲ့ တုံ့ပြန်မှုအတွက် အမေရိကန် ပြင်ဆင်ထားတဲ့ ပစ်မှတ် ၅၂ ခု

ကလျာမိုးမြင့်

**အီရန်နိုင်ငံက အမေရိကန်နိုင်ငံသားတွေကို သို့မဟုတ် အမေရိကန်ကအဆောက်အအုံတွေကို တိုက်ခိုက်လာခဲ့ရင် အမေရိကန်က အီရန်ရဲ့ တည်နေရာ ၅၂ ခုကို အမြန်ဆုံးနဲ့ အပြင်းထန်ဆုံးတိုက်ခိုက်ဖျက်ဆီးပစ်ဖို့ ရည်ရွယ်ထားတယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတိပေးလျက်ရှိပါတယ်။**




အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့တပ်မှူး ဗိုလ်ချုပ်ကြီးကာဆမ်းသေဆုံးခြင်းအတွက် ဝမ်းနည်းပူဆွေးသည့် အထိမ်းအမှတ် ဖယောင်းတိုင်များ ထွန်းညှိနေစဉ်။

### လက်တုံ့ပြန်ဖို့ အီရန်အလေးပေး

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မှာပြုလုပ်ခဲ့တဲ့ အမေရိကန်ရဲ့ ဒရုန်းတိုက်ခိုက်မှုအတွင်း အီရန် အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ရဲ့ တပ်မှူးတစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ သေဆုံးခဲ့ရပြီး ရက်ပိုင်းအကြာမှာ သမ္မတထရမ့်က ယခုလို ပြောကြားခဲ့တာဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးကာဆမ်း သေဆုံးခဲ့ရမှုအတွက် လက်တုံ့ပြန်ဖို့ အီရန်ဘက်က အလေးပေးနေတဲ့အတွက်ကြောင့် အမေရိကန်အနေနဲ့ သတိကြီးကြီးထားရမယ့်အချိန်လည်း ဖြစ်နေပါတယ်။

ဗိုလ်ချုပ်ကြီးသေဆုံးမှုကို လက်တုံ့ပြန်တဲ့အနေနဲ့ အမေရိကန်မှာရှိတဲ့ တည်နေရာတချို့ကို တိုက်ခိုက်မယ်လို့ အီရန်ဘက်က ရဲရဲတင်းတင်းပဲ ပြောဆိုနေတယ်လို့ သမ္မတထရမ့်က တွစ်တာပေါ်မှာ ဖော်ပြထားပါတယ်။ အမေရိကန်ကလည်း မဖြစ်မနေလိုအပ်လာခဲ့ရင် တုံ့ပြန်တိုက်ခိုက်ဖို့ အီရန်ရဲ့ နေရာပေါင်း ၅၂ ခုကို ရွေးချယ်ထားတယ်။ အီရန်ရဲ့ အလွန်အဆင့်မြင့်တဲ့ အရေးကြီးနေရာတွေနဲ့ အီရန်ယဉ်ကျေးမှုနေရာတွေပဲ။ တကယ်လို့ အီရန်က အမေရိကန်ကို တိုက်ခိုက်လာရင် အဲဒီပစ်မှတ်တွေဟာ အီရန်အတွက် မြန်မြန်ဆန်ဆန်နဲ့ ပြင်းပြင်းထန်ထန် အထိနာစေမယ့်နေရာတွေ ဖြစ်လာဖို့ပဲရှိတယ်။ အမေရိကန်အနေနဲ့ ခြိမ်းခြောက်မှုတွေ ထပ်ပြီးလုပ်ချင်စိတ်မရှိဘူးလို့ ထရမ့်က ထပ်ပြောထားပါသေးတယ်။

### ပစ်မှတ် ၅၂ ခု

အီရန်ရဲ့ ပစ်မှတ် ၅၂ ခုက ဘာကို ကိုယ်စားပြုသလဲဆိုတော့ ၁၉၇၉ ခုနှစ် နှောင်းပိုင်းကစပြီး တစ်နှစ်ကျော်ကြာအောင် အီရန်မှာ ဓားစာခံအဖြစ် ဖမ်းဆီးထားတဲ့ အမေရိကန်နိုင်ငံသား ၅၂ ဦးကို ကိုယ်စားပြုတယ်လို့ ထရမ့်က ဆိုပါတယ်။ တီဟီရန်မှာရှိတဲ့ အမေရိကန်သံရုံးမှာ ၎င်းတို့ကို ဖမ်းဆီးခံလိုက်ရတာလို့ သိရပါတယ်။

သမ္မတထရမ့်က တွစ်တာပေါ်မှာ ဒီလိုပြောဆိုခဲ့ပြီး အချိန်သိပ်မကြာခင်မှာပဲ ထူးဆန်းတာတစ်ခု ဖြစ်လာခဲ့ပါတယ်။ အမေရိကန်အစိုးရအေဂျင်စီ ဝက်ဘ်ဆိုက်တစ်ခုဟာ အီရန်ဆိုက်ဘာလုံခြုံရေးအဖွဲ့ ဟက်ကာများလို့ ကိုယ့်ကိုယ်ကိုယ် အမည်ပေးထားတဲ့ အဖွဲ့တစ်ဖွဲ့ရဲ့ ဟက်ခြင်းခံလိုက်ရပါတယ်။ အဆိုပါအဖွဲ့ရဲ့ ဝက်ဘ်ဆိုက်မှာပေါ်လာတဲ့ မက်ဆေ့ချ်တစ်စောင်မှာ ယခုမက်ဆေ့ချ်ဟာ အီရန်အစ္စလာမ္မစ်အဖွဲ့အစည်းကဖြစ်တယ်လို့ ရေးသားဖော်ပြထားတာကို ဖတ်ရှုခဲ့ရပါတယ်။

### ရပ်တန့်မှာမဟုတ်

စာထဲမှာ ကျွန်ုပ်တို့ဟာဒေသအတွင်းမှာရှိတဲ့ ကျွန်ုပ်တို့ရဲ့ မိတ်ဆွေတွေဖြစ်ကြတဲ့ အဖိနှိပ်ခံ ပါလက်စတိုင်းပြည်သူတွေ၊ အဖိနှိပ်ခံယီမင်ပြည်သူတွေ၊ ဆီးရီးယားအစိုးရနဲ့ ဆီးရီးယားပြည်သူတွေ၊ အီရန်အစိုးရနဲ့ အီရန်ပြည်သူတွေ၊ အဖိနှိပ်ခံဘာရိန်းနိုင်ငံ ပြီးတော့ လက်ဘနွန်နဲ့ ပါလက်စတိုင်းမှာရှိတဲ့ မူဂျာဟစ်ဒင်အဖွဲ့ အမှန်တကယ်တည်ရှိရာနေရာတွေကို အကူအညီပေးတာကို ဘယ်တော့မှ ရပ်တန့်မှာမဟုတ်ဘူး။ ကျွန်ုပ်တို့ရဲ့ ကူညီစောင့်ရှောက်မှုကို ၎င်းတို့ အမြဲရရှိစေရမယ်ဆိုပြီး ဖော်ပြထားပါတယ်။

အဲဒီဝက်ဘ်ပေ့ချ် စာမျက်နှာမှာ သမ္မတထရမ့်ရဲ့ မျက်နှာကို ပုံဖျက်ထားတဲ့ ပုံရိပ်တစ်ခုလည်းပါရှိပြီး ထရမ့်ရဲ့ မျက်နှာထိခိုက်ဒဏ်ရာရထားပြီး ပါးစပ်ကနေ သွေးယိုစီးနေတဲ့ ပုံခြယ်မှုန်းထားတာ ဖြစ်ပါတယ်။ ယခုသင်တို့ မြင်ရတာက အီရန်ရဲ့ ဆိုက်ဘာစွမ်းရည်တွေထဲက သေးငယ်လှတဲ့ အစိတ်အပိုင်းလေး တစ်ခုလောက်ပဲရှိသေးတယ်လို့ ဟက်ကာအဖွဲ့က ရေးသားခဲ့ပါတယ်။

### ဘာတွေဖြစ်ခဲ့သလဲ

ပြီးခဲ့တဲ့သောကြာနေ့က အမေရိကန်ရဲ့ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့တဲ့ ဗိုလ်ချုပ်ကြီးဆိုလန်းမန်းနီရဲ့ ဈာပနအခမ်းအနားကြီးတစ်ခု ပြုလုပ်ပြီးတဲ့နောက်မှာ သမ္မတထရမ့်ရဲ့ တွစ်တာပေါ်က မှတ်ချက်ထွက်ပေါ်လာတာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးသေဆုံးရမှုအတွက် ပူဆွေးဝမ်းနည်းနေကြသူတွေဟာ အီရတ်နဲ့ ပြည်သူ့စစ်အဖွဲ့အလံတွေကို ကိုင်မြှောက်ဝှေ့ယမ်းခဲ့ကြပြီး အမေရိကန်ကျဆုံးရမယ်လို့ ကြွေးကြော်အော်ဟစ်နေကြပါတယ်။

ဈာပနလိုက်ပို့တဲ့ လူတန်းကြီးထွက်ခွာပြီး သိပ်မကြာခင် အမေရိကန်သံရုံးအနီး ဂရင်းဇုန်မှာရှိတဲ့ နေရာတစ်ခုကို ဒုံးကျည်တိုက်ခိုက်မှုအချို့ ကျရောက်လာခဲ့ပါတယ်။ အီရတ်တပ်မတော်ကတော့ ဘယ်သူမှထိခိုက်ဒဏ်ရာမရဘူးလို့ ဆိုပါတယ်။ ဆိုလန်းမန်းနီရဲ့ ရုပ်အလောင်းကတော့ ဇန်နဝါရီ ၅ ရက်မှာ အီရန်ကို ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်တယ်လို့ နိုင်ငံပိုင် အိုင်အာရ်အိုင်ဘီသတင်းအေဂျင်စီက ဖော်ပြခဲ့ပါတယ်။

### ပိုမိုကျယ်ပြန့်တဲ့ပစ်မှတ်ထားမှု

သမ္မတထရမ့် တွစ်တာပေါ်မှာပြောခဲ့ပုံအတိုင်းဆိုရင် ၎င်းရဲ့ အစီအစဉ်က အတော်လေးရက်စက်မယ့်ပုံ ရှိပါတယ်။ အမေရိကန် ဓားစာခံ ၅၂ ဦးကို အီရန်တို့ ဖမ်းဆီးခဲ့မှုကို ကိုးကားပြီး အီရန်မှာရှိတဲ့ ပစ်မှတ် ၅၂ ခုနဲ့ တင်စားဖော်ပြထားသလို အီရန်ရဲ့ ယဉ်ကျေးမှုဆိုင်ရာအရေးကြီးတဲ့ ပစ်မှတ်တွေလို့ အဓိပ္ပာယ်ဖွင့်ထားတာကိုကြည့်ရင် ခေါင်းဆောင်ပိုင်း၊ စစ်တပ် သို့မဟုတ် စီးပွားရေးအချက်အချာနေရာတွေ ဆိုတာထက်ပိုပြီး ကျယ်ပြန့်တဲ့ ပစ်မှတ်ထားမှုတစ်ခုလို့ ယူဆရမှာ ဖြစ်ပါတယ်။

တီဟီရန်နဲ့ ချုပ်ဆိုခဲ့တဲ့ နျူကလီးယားသဘောတူစာချုပ်ကို စွန့်လွှတ်လိုက်တဲ့အချိန်ကစပြီး သမ္မတထရမ့်ဟာ အီရန်အပေါ်မှာ စီးပွားရေးအရ ဖိအားပေးမှုတွေကို ပိုမိုအရှိန်မြှင့်လိုက်သလို စစ်ရေးအရ အရေးယူဖို့ ခြိမ်းခြောက်မှုနဲ့ မူဝါဒအမျိုးမျိုး ပြသလာခဲ့ပေမယ့် လက်တွေ့မှာ ကိုယ်ထိလက်ရောက်လုပ်ဆောင်တာမျိုးကတော့ အတော်လေး နည်းပါးခဲ့ပါတယ်။

### ထိရောက်တဲ့လုပ်ဆောင်ချက်မရှိခဲ့

အီရန်က အမေရိကန်ဒရုန်းယာဉ်တစ်စင်းကိုပစ်ချလိုက်တာနဲ့ ဆော်ဒီအာရေဗျရှိ ရေနံချက်စက်ရုံတွေကို တိုက်ခိုက်ခဲ့တာတွေမှာ အမေရိကန်ဘက်က ထိထိရောက်ရောက်လုပ်ဆောင်ပြခဲ့တာမျိုး ပြောပလောက်အောင်တော့ မရှိခဲ့ပါဘူး။ ခြုံငုံသုံးသပ်ကြည့်ရရင် ဒေသအတွင်းမှာ အမေရိကန်စစ်ရေးအရ ပါဝင်ပတ်သက်နေတာနဲ့ ပတ်သက်ပြီး ဘဝင်မကျကြောင်းကိုလည်း သမ္မတထရမ့်က အကြိမ်ကြိမ် ဝေဖန်ခဲ့ပါတယ်။

အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာအလီခါမေနီပြီးရင် ဗိုလ်ချုပ်ကြီး ဆိုလန်းမန်းနီကို အီရန်ရဲ့ ဒုတိယအာဏာအကြီးဆုံးပုဂ္ဂိုလ်အဖြစ် လူသိများပါတယ်။ အသက် ၆၂ နှစ်ရှိပြီဖြစ်တဲ့ မစ္စတာ ဆိုလန်းမန်းနီဟာ အီရန်ရဲ့ အရှေ့အလယ်ပိုင်းဒေသ စစ်ရေးဆောင်ရွက်မှုတွေမှာ ရှေ့ဆုံးကနေ ဦးဆောင်ပါဝင်လာခဲ့သူ တစ်ဦးပါပဲ။ အီရန်ရဲ့ အမျိုးသားသူရဲကောင်းတစ်ဦးအဖြစ်နဲ့လည်း စံပြုခံရသူပါ။ ဒါပေမယ့် ဒါက အီရန်အတွက်သာဖြစ်ပြီး အမေရိကန်အတွက်ကတော့ ဗိုလ်ချုပ်ကြီး ဆိုလန်းမန်းနီနဲ့တကွ တော်လှန်ရေး အစောင့်တပ်ဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် တံဆိပ်ကပ်ထားသလို အမေရိကန်အမှုထမ်း ရာချီသေဆုံးစေခဲ့တဲ့ တရားခံတွေလို့ မှတ်ယူထားပါတယ်။

ဗိုလ်ချုပ်ကြီး ဆိုလန်းမန်းနီဟာ သမ္မတထရမ့်ရဲ့ ညွှန်ကြားချက်နဲ့ ပြီးခဲ့တဲ့ သောကြာနေ့က ဘဂ္ဂဒက်လေဆိပ်မှာ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့စဉ်အတွင်း တပ်ဖွဲ့ဝင်တွေနဲ့အတူ သေဆုံးခဲ့ပါတယ်။ သမ္မတ ထရမ့်ကတော့ ဒါကစစ်ပွဲကို ရပ်တန့်စေဖို့ လုပ်ခဲ့တာ၊ စစ်ပွဲကို စတင်တာမဟုတ်ဘူးလို့ ဆိုထားပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ အီရန်ရဲ့ အရှိုက်ကို ထိုးနှက်ခဲ့ပြီမို့ အချိန်မရွေးကျရောက်လာနိုင်တဲ့ အီရန်ရဲ့ ခြိမ်းခြောက်မှုနဲ့ အန္တရာယ်တွေအတွက် အမေရိကန်အနေနဲ့ သတိကြီးကြီးထားပြီး ကြိုတင်ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ထားခြင်းကသာ အကောင်းဆုံးဖြစ်မှာပါ။ ။

ကိုးကား–ဘီဘီစီ၊ အေအက်ဖ်ပီ

---

## နိုင်ငံတကာသတင်းတိုထွာ

### နိုင်ဂျီးရီးယားမြောက်ပိုင်းတွင် ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ငါးဦးသေဆုံး

လာဂို့စ် ဇန်နဝါရီ ၅

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကတ်ဒူနာပြည်နယ်တွင် ဇန်နဝါရီ ၅ ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ဆာဘွန်တက်ဟာမြို့ စီးပွားရေးအရ အချက်အချာကျသည့်နေရာတွင် လမ်းဘေးတွင်ထားရှိသည့် ဈေးဆိုင်မှ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လမ်းသွားလမ်းလာများနှင့် ဆိုင်ရှင်တို့ ထိခိုက်ခဲ့ရခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် သေဆုံးသွားရသူ နှစ်ဦးတွင် မည်သူမည်ဝါမှန်း မမှတ်မိနိုင်လောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားခဲ့ရသည်။

ယင်းသို့ပေါက်ကွဲမှုကြောင့် ဘေးဆိုင်ခန်းများပါ ထိခိုက်ခံစားခဲ့ရကြောင်း ကတ်ဒူနာရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ ယာကူဘူဆာဘိုက ပြောသည်။ အခင်းဖြစ်ပွားရာနေရာသို့ စုံစမ်းထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ပြီး နောက်ထပ်စုံစမ်းမှုများ ပြုလုပ်နေကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများလည်း လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကတ်ဒူနာပြည်နယ် အုပ်ချုပ်ရေးမှူးကလည်း ပေါက်ကွဲမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များအတွက် ဝမ်းနည်းကြောင်းပြောခဲ့သည်။

ဆင်ဟွာ

### အီရတ်နိုင်ငံရှိ အမေရိကန် သံရုံးအနီးတွင် ဒုံးကျည်များ ကျရောက်

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အမေရိကန်နှင့် အီရန်တို့ကြား ဆက်ဆံရေးတင်းမာနေချိန် အီရတ်နိုင်ငံရှိ စစ်အခြေစိုက်စခန်းနှင့် အမေရိကန်သံရုံးအနီးတွင် ဒုံးကျည်များ ကျရောက်ခဲ့ကြောင်း သိရသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်းလည်း သိရသည်။ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ၈၀ ကီလိုမီတာခန့်အကွာရှိ အီရတ်လေတပ်အခြေစိုက်စခန်း အပြင်ဘက်တွင် ဇန်နဝါရီ ၄ ရက်က ဒုံးကျည်ကျရောက်ခဲ့သည်ဟု အမေရိကန်တပ်ဖွဲ့မှ ပြောသည်။

ယင်းစခန်းရှိ အဆောက်အအုံတွင် အမေရိကန်တပ်ဖွဲ့ဝင်များလည်း ရှိသည်။ နောက်ထပ် ဒုံးကျည်တစ်စင်းမှာ အစိမ်းရောင်နယ်မြေရှိ အမေရိကန်သံရုံးအနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ မည်သူက ဒုံးကျည်ပစ်လွှတ်လိုက်သည်ကို ဒေသခံရဲများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

လွန်ခဲ့သည့်လကလည်း အီရတ်နိုင်ငံမြောက်ပိုင်းရှိ အခြေစိုက်စခန်းတွင် ဒုံးကျည်ကျခဲ့ရာ အမေရိကန်အရပ်သားတစ်ဦးသေဆုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်။ အမေရိကန်ဘက်မှလည်း လက်တုံ့ပြန်သည့်အနေဖြင့် အီရတ်နှင့် ဆီးရီးယားတို့ရှိ အီရန်က ထောက်ပံ့ပေးထားသော အဖွဲ့များကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အင်န်အိတ်ချ်ကေ

# မကွေးမြို့နယ် ကန်သာကြီးကျေးရွာ ရေသန့်စက်ရုံ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ဖွင့်လှစ်

**မကွေး ဇန်နဝါရီ ၅**
မကွေးတိုင်းဒေသကြီး ကန်သာကြီးကျေးရွာ၌ ရေသန့်စက်ရုံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ရေသန့်စက်ရုံ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ရေပေးရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ရေသန့်စက်ရုံကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကန်သာကြီးကျေးရွာ၌ ရေသန့်စင်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (NAG)၊ 1001FOUNTAINES တို့မှ ရန်ပုံငွေကျပ်သိန်း ၅၀၀ ကျော်အကုန်ကျခံကာ ရှေ့ပြေးစီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါရေသန့်များကို ကန်သာကြီးကျေးရွာနှင့် ခြောက်မိုင်ဧရိယာအတွင်းရှိ ကန်သာလေးကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ဒေါင်းနေကျေးရွာနှင့် ကန်ပြားကျေးရွာများကို ၂၀ လီတာရှိ ရေသန့်ဘူးတစ်ဘူးကို ငွေကျပ် ၄၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ရေသန့်ဝယ်ယူသောက်သုံးသည့် ကျေးရွာများရှိ အခြေခံပညာမူလတန်းအဆင့်ကျောင်းများကို ရေသန့်များ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို ရေသန့်စက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



## တောင်ငူခရိုင်၌ မြေအသုံးချရေးဓာတ်ခွဲခန်းဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၅**
ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မြေအသုံးချရေးဓာတ်ခွဲခန်းဖွင့်လှစ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းတို့က အမှာစကားပြောကြားကြပြီး တာဝန်ရှိသူများနှင့်အတူ မြေအသုံးချရေးဓာတ်ခွဲခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** ဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စနစ်ကို ဆောင်ရွက်ရာ၌ မြေဆီလွှာကို စစ်ဆေးပြီး လိုအပ်သော အာဟာရဓာတ်များကိုသာ ထည့်သွင်းပေးသင့်ကြောင်း၊ ယခုဖွင့်လှစ်သည့် မြေအသုံးချရေးဓာတ်ခွဲခန်းသည် သီးနှံပင်များအတွက် အနည်းလိုအာဟာရ၊ အများလို အာဟာရဓာတ်များ မြေဆီအတွင်း ပါဝင်နေမှုကို စစ်ဆေးပေးနိုင်မည်ဖြစ်ကြောင်း၊ စစ်ဆေးပြီးပါကလည်း အဆိုပါမြေတွင် စိုက်မည့်သီးနှံအမျိုးအစားအလိုက် ထပ်မံဖြည့်တင်းပေးရန် လိုအပ်မည့် မြေဆီဩဇာလိုအပ်ချက် အသုံးပြုရမည့်ကာလ စသည်တို့ကို အကြံပြုကူညီပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ဓာတ်ခွဲခန်းသို့ မြေနမူနာပေးပို့ရာ ၌ မှန်ကန်စွာရယူသွားရန် လိုအပ်ကြောင်း၊ နောက်ပိုင်းတွင် တောင်သူများ ကိုယ်တိုင်မြေနမူနာ ရယူနိုင်စေရန် သင်တန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

မြေအသုံးချရေးဓာတ်ခွဲခန်းဖွင့်လှစ်နိုင်ခြင်းကြောင့် တောင်ငူခရိုင်အတွင်းမှ တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးမြေရှိ မြေဆီဩဇာအခြေအနေကို တိကျစွာသိရှိနိုင်ကြမည်ဖြစ်ပြီး ပညာရှင်များ၏ အကြံဉာဏ်များကိုရယူကာ လိုအပ်သော သွင်းအားစုဓာတ်မြေဩဇာကို ထည့်သွင်းသွားနိုင်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး သီးနှံအထွက်တိုးကာ တောင်သူတို့၏ အကျိုးစီးပွားတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **သိခ်**

## စစ်ကိုင်းမြို့၌ ကတ္တရာလမ်းနှင့်ကွန်ကရစ်လမ်းသစ်ဖွင့်

**စစ်ကိုင်း ဇန်နဝါရီ ၅**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီပံ့ပိုးသော စက်မှုဇုန်လမ်းမကြီးအပိုင်း(၂) ကတ္တရာလမ်းနှင့် မြရတနာရပ်ကွက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့က ပတ္တမြားစက်မှုလမ်းဆုံ၌ ကျင်းပသည်။

စက်မှုဇုန်ကတ္တရာလမ်းအပိုင်း(၁) လမ်းမှာ အဖိုးတန်စံချိန်မီစက်ရုံမြောက်ဘက်မှ မြရတနာကျောင်းရှေ့လမ်းဆုံအထိ အရှည် ၂၄၇၈ ပေ၊ အကျယ် ၁၈ ပေ၊ ထုထည် ၁၄ လက်မဖြစ်သည်။

စက်မှုဇုန်လမ်းမကြီးအပိုင်း(၂)လမ်းကို မြရတနာကျောင်းဆောင်ရှေ့လမ်းမှ ခရိုင်ချင်းဆက်လမ်းဆုံအထိ ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လှအောင်(ကသာ)**

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် ကျောင်းသားအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

**ထားဝယ် ဇန်နဝါရီ ၅**
တနင်္သာရီတိုင်းဒေသကြီး ကျောင်းသားအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အတွေ့အကြုံများရှင်းလင်း**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီး အားကစားအဖွဲ့ ခေါင်းဆောင် ဦးဝင်းနောင်က နေပြည်တော်၌ သွားရောက် ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်းလေးမျိုးနှင့်ပတ်သက်၍ ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နေပြည်တော်၌ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူတစ်ဦးလျှင် ငွေကျပ်တစ်သိန်း၊ လက်ဆင့်ကမ်းရွှေတံဆိပ်ဆုရရှိသော အဖွဲ့ကို ငွေကျပ်နှစ်သိန်း၊ ငွေတံဆိပ်ဆုရရှိသူကိုငွေကျပ်ငါးသောင်း၊ ကြေးတံဆိပ်ရရှိသူကို ငွေကျပ်သုံးသောင်းနှင့် အမျိုးသမီး ဘောလုံးအသင်းတွင်ရွှေတံဆိပ်ဆုရရှိသည့်အတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်ရာအားကစားသမားများက လက်ခံယူသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် ကျောင်းသားအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ တိုင်းဒေသကြီး ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းက ငွေကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်ရာ အားကစားသမားနှစ်ဦးက လက်ခံယူပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်က ကျေးဇူးတင်စကားပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဖလမ်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဖလမ်း ဇန်နဝါရီ ၅**
ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် တာဝန်ရှိသူများက ယမန်နေ့က ဖလမ်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့ မြို့နယ်ခန်းမ အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာများနှင့် ဖလမ်းမြို့နယ်သစ်တောဦးစီးမှူးရုံး အဆောက်အအုံ သစ်ဆောက်လုပ်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။



ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

**ပြန်လည်ရှင်းလင်း**

ထို့နောက် မြို့နယ်ခန်းမ၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စည်ပင်သာယာရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြီး ဖလမ်းမြို့ လုံပီးမြို့ပြစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီမှ တာဝန်ရှိသူများက လုံပီးမြို့ပြစီမံကိန်း လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ဘဏ္ဍာငွေရရှိ၊ သုံးစွဲမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်း အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

**တလွန်းအာ(ပြန်/ဆက်)**

# မကွေးမြသလွန်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော် တင်လှူပူဇော်မည်

**မကွေး ဇန်နဝါရီ ၅**

မကွေးမြို့ သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ ဆဋ္ဌမအကြိမ် လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်းတော်များကပ်လှူလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လုံးတော်ပြည့်မျက်ပါးရွှေသင်္ကန်းတော်များကပ်လှူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီဦးသို့ မတင်လှူမီကြိုတင်ကြိုတင်ကြုံခဲ့အခါသမယတွင် အစဉ်အလာအတိုင်း ရဟန်းရှင်လူ ပြည်သူအများ အနီးကပ်ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် စေတနာသဒ္ဓါပေါက်၍ လှူဒါန်းပူဇော်နိုင်ရန်အတွက် မြသလွန်ကုန်းမြေ မြမဉ္ဇူဓမ္မသဘင် ခန်းမတွင်



ဇန်နဝါရီ ၂ ရက်အထိ အပူဇော်ခံပြီး သာသနာတော်နှစ် ၂၅၆၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၁ ခုနှစ် ပြာသိုလဆန်း ၁၃ ရက် ခရစ်နှစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ ရက် မင်္ဂလာနက္ခတ်ရက်မြတ် အခါတော်တွင် မြသလွန်စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒနှင့် အညီ စိန်ဖူးတော်တင် မင်္ဂလာ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အသက် ၂၁ နှစ်အောက် လူငယ်ဘောလုံးသမားများအား စခန်းသွင်းလေ့ကျင့်

**မန္တလေး ဇန်နဝါရီ ၅**

နေပြည်တော်၌ ဇန်နဝါရီ ၂၈ ရက်၌ စတင် ကျင်းပမည်ဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်၂၁နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ပဏာမဘောလုံးအသင်းသည် ပဏာမဘောလုံးသမား ၃၀ ဖြင့် ရွှေမန်းတောင်ဘောလုံးကွင်း၌ ဇန်နဝါရီ ၁ ရက်မှ စတင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုပဏာမဘောလုံးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးမောင်မောင်ငွေး (မြန်မာ့လက်ရွေးစင်)၊ နည်းပြအဖွဲ့ဝင်များအဖြစ် မြန်မာ့ လက်ရွေးစင်ဟောင်း ဦးငွေးဝင်းနှင့် ဦးအောင်ကျော်မိုး၊ ဦးမျိုးလှ (ပြည်ထဲရေး)နှင့် ဦးကျော်ဦး(ချမ်းအေးသာစံ) တို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိပြီး အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း ဦးခင်မောင်လေးက ဦးဆောင်ကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

**တင်မောင် (မန်းကိုယ်ပွား)**



သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာမှ လူငယ်လူရွယ် ၆၅၀ ခန့်က ဇန်နဝါရီ ၅ ရက် နံနက် ၆ နာရီမှစတင်ကာ ပင်ကျေးရွာမှ သံဖြူဇရပ်မြို့ ဓနသဟာရစစ်သင်္ချိုင်းရှေ့အထိ အသွား/အပြန် ၁၀ မိုင် ခရီးအား စုပေါင်း စက်ဘီးစီးပွဲဆင်နွှဲစဉ်။

အေးအေးသီ(သံဖြူဇရပ်)

# မြန်မာ့လက်ရွေးစင်ဟောင်းများ အသင်း စုံညီတွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း၏ ပဉ္စမအကြိမ်မြောက် စုံညီတွေ့ဆုံပွဲ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃ ရက်က ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အသင်းရုံး၌ ကျင်းပသည်။

မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးစိုးသိန်း (ဘော်လီဘော လက်ရွေးစင်ဟောင်း)က စုံညီပွဲတော်ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် အမှုဆောင်များက စုပေါင်းဆွေးနွေးကြသည်။

အဆိုပါ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း၏ ပဉ္စမအကြိမ်မြောက် စုံညီတွေ့ဆုံပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

# ပျံကျကူလီ ရုပ်ရှင်ဇာတ်ကား ဇန်နဝါရီ ၁၆ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၅**

ပျံကျကူလီ ရုပ်ရှင်ဇာတ်ကား၏ အထူးရုပ်ရှင်ပြပွဲကို ယမန်နေ့က ရန်ကုန်မြို့ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင်ပြသပြီး ဇန်နဝါရီ ၁၆ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဟု သိရသည်။

ရုပ်ရှင်ဇာတ်ကားတွင် ဇာတ်ညွှန်း နေစိုးသော်၊ ဇာတ်လမ်း ဈာန်သခင်သွေး၊ ဒါရိုက်တာ စတီးလ်၊ သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူ၊ ထွန်းကိုကို၊ ကောင်းပြည့်၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ ထူးခြား၊ ရွှေမှုံရတီ၊ ရတနာဗို၊ ထားထက်ထက်၊ မှူးသခင်ကို၊ အကယ်ဒမီ ဝါဝါအောင်၊ ဆုရှိုင်း၊ ဆင်မနှင့် သရုပ်ဆောင်များစွာ ပါဝင်ပြီး ပါဝါကင်းရုပ်ရှင် ထုတ်လုပ်ရေးက ထုတ်လုပ်ထားသည်။

“ဒီဇာတ်ကားထဲမှာ ကျွန်တော်တို့လေးယောက် ကျွန်တော်ရယ်၊ ကောင်းပြည့်၊ ခင်လှိုင်နဲ့ ဒိန်းဒေါင်တို့က ရန်ကုန် သီရိမင်္ဂလာဈေးထဲမှာ ကုန်ထမ်းတဲ့ အခြေခံလူတန်းစားဘဝတွေရဲ့ ဇာတ်ကောင်စရိုက်ပါ။ ကူလီထဲမှာ ပျံကျကူလီဆိုတာက တစ်သတ်မှတ်တည်းမဟုတ်ဘဲ တွေ့ရာအလုပ်ကို လုပ်ရတာ။ တကယ့်ကို အပြင်မှာရှိတဲ့ အခြေခံလူတန်းစားတွေရဲ့ ဘဝကို ရိုက်ထားတာ။ ကုန်ကားကြီးဆိုက်လာရင် အဲဒီမှာပဲ ကုန်ထမ်းအလုပ်သမားတွေနဲ့အတူ သဘာဝကျကျ ရိုက်ထားတာပါ။ အခြေခံလူတန်းစားတွေ တစ်နေ့တာအတွင်းမှာ ဘယ်လိုပင်ပန်းခံရုန်းကန်နေရလဲဆိုတာရယ်၊ သူတို့မှာ ဒီလိုအလုပ် လုပ်ပေမယ့်သူများကို ကူညီတတ်တဲ့ စိတ်လေးတွေရှိတယ်။ သူတို့နှလုံးသားက ဖြူစင်တယ်။ အဲဒါကို ရိုက်ထားတာပါ။ ဒီကားမှာ ကျွန်တော်တို့ကြိုးစားထားပါတယ်” ဟု သရုပ်ဆောင် ထွန်းကိုကိုက ပြောသည်။ **သန့်ဇင်ဝင်း**

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်းအတွက် အလှူငွေပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၅**

မတ်လ ၂၂ ရက်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ(ရန်ကုန်)၌ ကျင်းပမည့် သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ စတုတ္ထအကြိမ်မြောက် ဆရာကန်တော့ပွဲ၊ အသက် ၈၀ နှင့်အထက် သက်ကြီးဝန်ထမ်းဟောင်းများ ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲအတွက် မြန်မာ့အလင်းပုံနှိပ်တိုက်မှ မန်နေဂျာ ဦးရွှေကိုနှင့် ဝန်ထမ်းများက အလှူငွေကျပ်သုံးသိန်းတိတိကို ယမန်နေ့က အဆိုပါ ရုံးခန်း၌ လှူဒါန်းပေးအပ်ရာ အသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးအေးသန်းက လက်ခံယူခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**



# ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၁-၂၀၂၀

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၇၅ | ကျပ် | ၉၈၅/၉၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၉၀ | ကျပ် | ၉၈၅/၁၀၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၉၅ | ကျပ် | ၉၃၀/၉၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၀ | ကျပ် | ၁၀၃၅/၁၀၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၇၁ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၂ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၅ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၂ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၃၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၃၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၉ . ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၈၀၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၁၅၃၈ | ၁၇၅၃၇၀၀၀ |
| MTSH | ၃၉၀၀ | ၃၈၅၀ | ၄၀၆၇ | ၁၅၆၇၆၁၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၅၁ | ၄၁၈၂၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၇၉၀ | ၁၈၁၇၀၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၃၅၄ | ၁၀၂၆၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| စာတည်းမှူး | – | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊တင်လင်းအောင် |
| အငယ်တန်း သတင်းထောက်များ | – | တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ အဝေးသင်ပညာရေး



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

တစ်လောက အစည်းအဝေးတစ်ခု တက်ရောက်ခဲ့တယ်။ ပညာရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်မှာလုပ်ဆောင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေအကြောင်း တင်ပြဆွေးနွေးဖို့ တာဝန်ပေးခဲ့တာ။ အစည်းအဝေးလုပ်တဲ့ခန်းမထဲရောက်တော့ တစ်ရက်စောပြီး လုပ်ခဲ့တာတွေကို စီစဉ်သူတွေက ကျွန်တော့်ကို ရှင်းပြခဲ့တယ်။ အမှန်တော့ အစည်းအဝေးဟာ မြန်မာနိုင်ငံရဲ့ အဝေးသင်ပညာရေးနဲ့ ပတ်သက်ပြီး မူဝါဒချမှတ်ဖို့အတွက် ပညာရေးလောကမှာ တာဝန်ရှိသူတွေကို စုစည်းပြီး ဆွေးနွေးတာဖြစ်တယ်။

ကျွန်တော်တို့နိုင်ငံမှာ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို မကြာခဏဆောင်ရွက်ခဲ့ကြတယ်။ ဆောင်ရွက်လျက်ရှိတယ်။ ကျွန်တော့်အနေနဲ့ လူမှန်းသိကတည်းက ပြုပြင်ပြောင်းလဲမှုတွေကို ရင်ဆိုင်ခဲ့ရတာ။ ကိုယ်တိုင်ခံစားခဲ့ရတယ်။ ကျွန်တော် ဆယ်တန်းအောင်ပြီး မကြာမီပဲ နေခဲ့တဲ့ကျောင်းကို ပြည်သူပိုင်သိမ်းခဲ့တာ။ ကျွန်တော်တို့ကျောင်းက တိုင်းပြည်မှာ နာမည်ကြီး။ အင်္ဂလိပ်မက်သဒ်အထက်တန်းကျောင်း။ အလံပြဘုရားလမ်းမှာရှိတာ။ ဒီကျောင်းကို ခရစ်ယာန်သာသနာပြုတွေက ဖွင့်လှစ်ခဲ့တယ်။ ကျောင်းရဲ့နံဘေးမှာ ဘုရားရှိခိုးကျောင်းရှိတယ်။ တစ်ပတ်တစ်ခါ တက်ရတယ်။ ကျမ်းစာတွေ ဖတ်ရတယ်။ ဓမ္မသီချင်းတွေ သီဆိုကြရတယ်။ ခရစ္စမတ်ကာလမှာ ကျင်းပတဲ့ပြဇာတ်တွေမှာ ပါဝင်ကပြကြတယ်။ သင်ကြားတဲ့ဆရာ ဆရာမတွေက ဗုဒ္ဓဘာသာဝင်တွေလည်း ပါတယ်။ ခရစ်ယာန်တွေလည်း ရှိကြတယ်။ ထူးခြားတာက တစ်ကြိမ်တစ်ခါမှ ခရစ်ယာန်ဘာသာဝင်ပြောင်းဖို့ မတိုက်တွန်းခဲ့ဘူး။ ကျွန်တော့်မိဘအပါအဝင် ကျန်တဲ့ကျောင်းသား ကျောင်းသူတွေက ဘုရားရှိခိုးကျောင်းတက်တာ၊ သမ္မာကျမ်းစာဖတ်တာ၊ သီချင်းတွေဆိုတာကို မကန့်ကွက်ကြဘူး။

ကျွန်တော်တို့ ကျောင်းနဲ့ ခေတ်ပြိုင်က စိန့်ပေါ(လ်) အထက်တန်းကျောင်း၊ စိန့်ဂျွန်းကွန်ဗင့် အထက်တန်းကျောင်းတို့ဖြစ်တယ်။ မန္တလေးမြို့မှာ ကေစိန်ပီတာ။ မေမြို့မှာ စိန်အယ်(လ်) ဖတ်။ မော်လမြိုင်မှာ မော်တင်လိမ်းတို့ ဖြစ်ကြတာ။ ကျွန်တော်တို့ကျောင်းမှာ နိုင်ငံခေါင်းဆောင်တွေရဲ့ သားသမီးတွေ တက်ကြတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် သမ္မတကြီး မန်းဝင်းမောင်နဲ့သားသမီးတွေ၊ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ကလေးတွေ၊ ဦးကျော်ငြိမ်း၊ ဦးခင်မောင်လတ်၊ ဦးခင်မောင်လေး စတဲ့ ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ သားသမီးတွေ တက်ကြတယ်။ ၁၉၆၄ ခုနှစ်မှာ ဒီကျောင်းအပါအဝင် သာသနာပြုကျောင်းတွေအားလုံးကို ပြည်သူပိုင် သိမ်းပိုက်ခဲ့ပြီး အင်္ဂလိပ်မက်သဒ် အထက်တန်းကျောင်း အစား အထက (၁) (ဒဂုံ) ဖြစ်လာခဲ့တယ်။ အင်္ဂလိပ်စာကို သူငယ်တန်းကတည်းက သင်ကြားခဲ့မှုကို ပိတ်ပင်ခဲ့ပြီး ၅ တန်းရောက်မှ အေဘီစီကို စတင်ပြီး သင်ခွင့်ရတယ်။ အင်္ဂလိပ်စာကို ဘာသာစကားတစ်ခုအနေနဲ့မမြင်ဘဲ နိုင်ငံရေးရှုထောင့်နဲ့ ကြည့်ခဲ့တယ်။ အင်္ဂလိပ်ဘာသာ အဆင့်အတန်းဟာ အဲဒီအချိန် အဲဒီကာလကစတင်ပြီး ယိုယွင်းခဲ့တာဖြစ်တယ်။

ကျွန်တော် တက္ကသိုလ်ရောက်တော့ ပုဂံလမ်းမှာရှိတဲ့ ဘီအိုစီကောလိပ်မှာ ဥပစာဝိဇ္ဇာတန်းကို နှစ်နှစ်တက်ခဲ့ရတယ်။ သိပ္ပံဘာသာတွဲယူတဲ့သူငယ်ချင်းတွေကတော့ အနီးအနားမှာရှိတဲ့ လိပ်ခုံးလို့ခေါ်တဲ့ နေရာမှာ တက်ကြရတယ်။ ဥပစာတန်းက နှစ်နှစ်။ ဒီနှစ်နှစ်ပြီးမှ ကိုယ်အထူးပြုချင်တဲ့ ဆေးပညာ၊ စက်မှုပညာ၊ စီးပွားရေးပညာတွေကို တက်ခွင့်ရတာ။ ကျွန်တော်က နှစ်နှစ်ပြီးရင် စီးပွားရေးဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှာ ယူမယ်ဆိုပြီး အားခဲခဲ့တာ။ တတိယနှစ်တက်နေရင်း ပညာရေးပြုပြင်ပြောင်းလဲမှုကြောင့် ရန်ကုန်တက္ကသိုလ် မဟုတ်တော့ဘဲ အသစ်ဖန်တီးလိုက်တဲ့ စီးပွားရေး တက္ကသိုလ်က ဘွဲ့ရခဲ့တယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေတဲ့ တက္ကသိုလ်ပညာရေးကို ဖော်ဆောင်ခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်က တည်ထောင်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကို တစ်ပိုင်းစီခွဲစိတ်ပြီး စီးပွားရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တွေ ဖွင့်လှစ်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ဟာ မဟာဌာနကြီးတွေနဲ့ ဖွဲ့စည်းခဲ့တာဖြစ်တယ်။ ဒီမဟာဌာနတွေကို သီးခြားတက္ကသိုလ်တွေအဖြစ် ပြောင်းလဲခဲ့တယ်။ တစ်ကြိမ် တစ်ခါမှ မကြားဖူးတဲ့ Institute ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲပြီး ပြုပြင်ပြောင်းလဲခဲ့တယ်။ မြန်မာလိုဘာသာပြန်ရာမှာ တက္ကသိုလ်ဆိုတဲ့စကားလုံးကို သုံးပေမယ့် University လို့ မခေါ်တော့ဘဲ Institute အဖြစ် ပြောင်းလဲခဲ့တာ။ ကျွန်တော်က ၁၉၇၁ နှစ်မှာ နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရတယ်။ ရှေ့နှစ်တွေမှာ နိုင်ငံခြားပညာတော်သင်တွေကို ဆိုရှယ်လစ်နိုင်ငံတွေဆီ စမ်းသပ်ပြီး စေလွှတ်ခဲ့တယ်။ ရုရှား၊ ပိုလန်၊ ဟန်ဂေရီ၊ ချက်၊ အရှေ့ဂျာမနီ အစရှိတဲ့ နိုင်ငံတွေ။ အဆင်မပြေလို့ ကျွန်တော်တို့နှစ်မှာ အနောက်နိုင်ငံတွေကို ပြန်ပြီးစေလွှတ်ခဲ့တာ။ ကျွန်တော်က အင်္ဂလန်နိုင်ငံသွားဖို့ အခွင့်အရေးရခဲ့တော့ တစ်နေ့ကျရင် ငယ်ငယ်တုန်းကကြားဖူးတဲ့ ဘီလပ်ပြန်ဖြစ်ရတော့မယ်လို့ တွေးပြီး ပျော်နေမိတာ။ လျှောက်လွှာကို သံရုံးကတစ်ဆင့် တင်ရတယ်။ ရတဲ့ဘွဲ့က ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့။ ရတဲ့တက္ကသိုလ်ကို ဖော်ပြရာမှာ အင်္ဂလိပ်အသုံးအနှုန်းအရ Institute of Economics လို့ ဖြည့်စွက်ခဲ့တယ်။ လက်ခံတဲ့တက္ကသိုလ်တွေက Institute ဆိုရင် တက္ကသိုလ်မဟုတ်တာကြောင့် မဟာသိပ္ပံဘွဲ့ကို တိုက်ရိုက်တက်ခွင့်မပြုဘဲ ဘွဲ့လွန်ဒီပလိုမာသင်တန်းကို စမ်းသပ်မှုနဲ့ တစ်နှစ်တက်ဖို့ ပြောလာတယ်။ စိတ်ထဲကမခံချင်ပေမယ့် အခုလို အမည်နာမပြောင်းလဲမှုရဲ့ဒဏ်ကို လှလှကြီးခံခဲ့ရတယ်။ အဆိုးထဲက အကောင်းလို့ စဉ်းစားရင် အင်္ဂလန်မှာ တစ်နှစ်ပိုပြီး နေခဲ့ရတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုရဲ့ သားကောင် ဖြစ်ခဲ့တာ။

ကျွန်တော် ပါရဂူဘွဲ့ကို ယူဖို့ ခြောက်နှစ်ကြာမြင့်ခဲ့တယ်။ မိမိကိုယ်ရေးကိုယ်တာ အခြေအနေအပေါ်မူတည်ပြီး ရယူနိုင်တာ။ OU ရဲ့ ပုံစံကို မြန်မာပြည်မှာ ယူခဲ့ပေမယ့် လက်တွေ့မှာ စိန်ခေါ်မှုတွေရှိခဲ့တယ်။

အဝေးသင်ပညာရေးစနစ်ကို အားပေးရာမှာ ပညာရေးရည်ရွယ်ချက်ထက် နိုင်ငံရေးရည်ရွယ်ချက်ကို ဦးစားပေးခဲ့တယ်။ အဝေးသင်ပညာရေးစနစ်ကြောင့် တက္ကသိုလ်တွေမှာ ကျောင်းသားတွေ နည်းလာတယ်။ နည်းလာတာမို့ အရေးအခင်းတွေလည်း လျော့ပါးခဲ့တယ်။ အရေးအခင်းဖြစ်ခြင်း၊ မဖြစ်ခြင်းပေတံနဲ့ တိုင်းတာရင် ပညာရေးပြုပြင်ပြောင်းလဲမှုဟာ အောင်မြင်တယ်လို့ သုံးသပ်နိုင်တယ်။ ၁၉၈၈ နောက်ပိုင်းမှာ အရေးအခင်းတွေ ပပျောက်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကို ပိတ်ခဲ့တယ်။ အဆောင်စနစ်ကို ဖျက်ခဲ့တယ်။ တက္ကသိုလ်အသစ်တွေကို မြို့ပြင်တွေ၊ ဝေးလံတဲ့ နေရာတွေမှာ ဖွင့်လှစ်ခဲ့တယ်။ တက္ကသိုလ်ဆိုတာကို အဆောက်အအုံရှိရင် လုံလောက်ပြီလို့ မှတ်ယူခဲ့တယ်။ အဆောင်စနစ်ဟာ ကျောင်းသား ကျောင်းသူတွေရဲ့ စည်းလုံးညီညွတ်မှုကို အထောက်အကူဖြစ်စေတာမို့ အဆောင်တွေ ပိတ်ခဲ့တယ်။ ကျောင်းသား ကျောင်းသူတွေဟာ တက္ကသိုလ်အနီးအနားမှာ ဖြစ်သလို နေထိုင်ကြရတယ်။ လုံခြုံမှု လုံ့ဝမရှိပေမယ့် ရွေးချယ်စရာမှမရှိတာ။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ရန်ကုန်တက္ကသိုလ်မှာ တစ်နိုင်ငံလုံးက ကျောင်းသား ကျောင်းသူတွေနဲ့ ဆုံရတယ်။ ဆက်ဆံရတယ်။ ရင်းနှီးခဲ့တယ်။ အခုတော့ စစ်တွေတက္ကသိုလ်တက်နေသူတွေက ကချင်ပြည်နယ်က ကျောင်းသား ကျောင်းသူနဲ့ ဆုံဖို့ခက်တယ်။ မြိတ်တက္ကသိုလ်တက်သူတွေက အထက်မြန်မာပြည်က ကျောင်းသားတွေနဲ့ မဆုံနိုင်တော့ဘူး။ တစ်ဖက်မှာလည်း ဝန်ကြီးဌာနတွေက ကိုယ်ပိုင်တက္ကသိုလ်တွေ တည်ထောင်လာခဲ့ကြတယ်။ "ခေတ်မီသူတိုင်း ပင်လယ်ငါးစား" တဲ့ ဆောင်ပုဒ်အတိုင်း ဝန်ကြီးဌာနတွေက တက္ကသိုလ်တွေကို တည်ထောင်ကြတယ်။ အမှန်တော့ တက္ကသိုလ်ဆိုတာ ဝန်ကြီးဌာနနဲ့ မပတ်သက်ဘူး။ မဆိုင်ဘူး။ ပညာရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်တယ်။ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ဖို့ လိုအပ်တယ်။ အုပ်ချုပ်ရေးယန္တရားအောက် မရှိသင့်ဘူး။ ဒါပေမယ့် ပညာရေးစနစ်ကို အုပ်ချုပ်ရေးပုံစံနဲ့ စီမံချင်တဲ့ ဆန္ဒက ရှေ့တန်းတင်ထားတာ။

> “အဝေးသင်ပညာရေးစနစ်ကို ဒုတိယတန်းစနစ်တစ်ရပ်အဖြစ် သတ်မှတ်တဲ့အမြင်ကို ပြောင်းလဲဖို့လိုတယ်။ မိဘတွေ၊ အလုပ်ရှင်တွေသာမက အဝေးသင်တက်တဲ့ ကျောင်းသားတွေနဲ့ ဆရာ ဆရာမတွေရဲ့အမြင်တွေ ပြောင်းဖို့ လိုအပ်ပါတယ်”

ကျွန်တော် နိုင်ငံခြားရှိစဉ် တက္ကသိုလ်ပညာရေးမှာ ဒေသကောလိပ်ဆိုတဲ့ အစီအမံကို လုပ်ခဲ့ပြန်တယ်။ အမေရိကန်နိုင်ငံမှာ ကျင့်သုံးတဲ့ Community College ပုံစံကို ယူထားတာ။ သူတို့ဆီမှာ ဒေသကောလိပ်တက်ရောက်တဲ့သူတွေက တက္ကသိုလ်ပညာရေးကို ဆက်ပြီးယူဖို့ စဉ်းစားကြတာ မဟုတ်ဘူး။ နှစ်နှစ်ပြီးရင် အလုပ်ခွင်ထဲ ဝင်ကြတာ။ ကျွန်တော်တို့ဆီမှာတော့ ဒေသကောလိပ် နှစ်နှစ်တက်ပြီးရင် တက္ကသိုလ်ကို တက်ကြတာကများတာ။ ပကတိအခြေအနေနဲ့ မကိုက်ညီတဲ့ ပြုပြင်မှုတွေကြောင့် အားလုံးနစ်နာခဲ့တဲ့ ဆိုရှယ်လစ်ပုံစံကနေ အမေရိကန်ပုံစံကို ပြောင်းလဲခဲ့ခြင်းဖြစ်တယ်။ အခုတော့ ဒေသကောလိပ်တွေ မရှိတော့ဘူး။

ကျွန်တော်ပြန်ရောက်ပြီးမကြာမီ ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာ ခင်မောင်ညွန့်က အဝေးသင်ပညာရေး အစီအစဉ်နဲ့ ပတ်သက်ပြီး အကြံဉာဏ်တောင်းခဲ့တယ်။ ကျွန်တော်က အဝေးသင်ပညာရေးစနစ်ကို အကောင်အထည်ဖော်ထုတ်ရင် အင်္ဂလန်နိုင်ငံက ကမ္ဘာကျော် Open University (OU) ပုံစံကိုယူဖို့ အကြံပြုခဲ့တယ်။ OU ဟာ အင်္ဂလန်နိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးမှာ နာမည်ရခဲ့တာ။ ကျောင်းသား ကျောင်းသူတွေကို နေထိုင်တဲ့ နေရာဒေသတွေမှာ အနီးကပ်သင်ကြားမှုတွေ လုပ်ပေးခဲ့ပြီး ရုပ်မြင်သံကြားကတစ်ဆင့် သင်ကြားပို့ချမှုတွေကိုလည်း ဆောင်ရွက်ပေးခဲ့တယ်။ စာမေးပွဲနီးချိန်မှာတော့ တက္ကသိုလ်အသီးသီးမှာ သင်တန်းတွေ ထပ်မံတက်ပြီး ဖြေဆိုခွင့်ပေးတယ်။ ဘွဲ့ယူတဲ့ကာလကိုလည်း သတ်မှတ်ခြင်းမရှိဘဲ

အဝေးသင်ပညာစနစ်နဲ့ပတ်သက်ပြီး ကျွန်တော်က စိတ်ဝင်စားတော့ ဘွဲ့ယူခဲ့တဲ့ ကျောင်းသား ကျောင်းသူနဲ့ တွေ့ဆုံခဲ့တယ်။ တစ်ယောက်က ကျွန်တော်ရက် ၃၀ နဲ့ ဘွဲ့ရခဲ့တယ်လို့ ပြောတယ်။ ဒါကို ကြားလိုက်ရတော့ မယုံနိုင်အောင်ဘဲ တစ်လနဲ့ ဘွဲ့ရသလို ဖြစ်နေတာ။ ဘယ်လိုဖြစ်တာလဲမေးတော့ တစ်နှစ်မှာ အနီးကပ်သင်တန်း ၁၀ ရက် တက်ရတယ်။ သုံးနှစ်ဆိုတော့ ရက် ၃၀ ပေါ့လို့ သူက ပြောတယ်။ အနားကရှိတဲ့သူငယ်ချင်းက ရက် ၃၀ ဆိုတာက အချိန်ပြည့်တက်ရင် သူကတော့ ၁၀ ရက်မှာ ငါးရက်ပဲ တက်ခဲ့တာမို့ ဘွဲ့တစ်ခုကို ၁၅ ရက်နဲ့ ရခဲ့ကြောင်း ဂုဏ်ယူ ပြီး ဖောက်သည်ချခဲ့တယ်။ အံ့ဩမကုန်နိုင်အောင် ဖြစ်ခဲ့တာ။

ကျွန်တော်တက်ရောက်ခဲ့တဲ့ ဆွေးနွေးပွဲမှာ OU စနစ်ကို မြန်မာ့ပညာရေးစနစ်မှာ အကောင်အထည်ဖော်နိုင်ဖို့ တိုင်ပင်ကြတာ။ မဟာဗျူဟာတွေ ဖော်ထုတ်ဖို့ဖြစ်တယ်။ ကျွန်တော်ကတော့ အားပေးချင်တယ်။ အစိုးရအသစ်အနေနဲ့လည်း ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ကြိုးစားပြီး ဆောင်ရွက်နေတာ တွေ့ရတယ်။

အဖွဲ့အစည်းတွေ၊ ပွဲအစီအစဉ်အသစ်တွေ အကောင်အထည်ဖော်ထုတ်နေကြတာ။ ဒါပေမယ့် စနစ်တစ်ခုကို ဖျက်ရတာက လွယ်တယ်။ ဒါကြောင့်လည်း ခေတ်အဆက်ဆက်က ပုံစံမျိုးစုံနဲ့ လုပ်ခဲ့တာ။ စနစ်တကျ ဒါတွေကို ပြန်ပြင်ဖို့က မလွယ်လှဘူး။ ဘယ်ကစပြီး ပြင်ရမလဲဆိုတဲ့ မေးခွန်းက အဖြေခက်တယ်။ အခြေခံပညာရေး၊ အထက်တန်းပညာရေး၊ တက္ကသိုလ်ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေးအားလုံးမှာ ပြင်စရာတွေချည်းပဲ။ အခုလို စဉ်းစားရာမှာ ပညာရေးကို ပညာရေးနည်းတွေနဲ့ ချဉ်းကပ်စေချင်တယ်။ နိုင်ငံရေးနဲ့ မကြည့်စေချင်ဘူး။ ကြည့်ခဲ့လို့မှားခဲ့ပြီ။

ပညာရေးနဲ့ ပတ်သက်လာရင် ရူပါရုံဖော်ထုတ်ဖို့ လိုမယ်။ လာမယ့် နှစ်ပေါင်း ၃၀၊ ၅၀ အတွင်း ပညာရေးစနစ်ကို ဘယ်လိုဖြစ်စေချင်မလဲ။ ပညာရေးလို့ပြောရင် အစိုးရသာမက အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ပုဂ္ဂလိကကဏ္ဍကိုပါ စဉ်းစားဖို့ လိုအပ်တယ်။ လက်ရှိအခြေအနေမှာ ပညာရေးဟာ စီးပွားရေးအခွင့်အရေးတစ်ရပ်ဖြစ်နေပြီး ဒါကို လက်ခံရမယ်၊ အသိအမှတ်ပြုရမယ်။ ပုဂ္ဂလိကကဏ္ဍရဲ့ အင်အားကို အသုံးချဖို့ လိုအပ်တယ်။ ပညာရေးမှာ တာဝန်ယူနေတဲ့သူတွေဟာ ဝန်ဆောင်မှုပေးတဲ့ ပုံစံကတစ်ဆင့် အရည်အသွေးထိန်းချုပ်မှုကို ဦးစားပေးဖို့ လိုအပ်တယ်။

အခုခေတ်မှာ ပညာရေးနဲ့ ပတ်သက်လာရင် အိုင်တီနည်းပညာဟာ အခြေခံပဲ။ နောက်ဆုံးကိန်းဂဏန်းအရ မြန်မာပြည်မှာ လက်ကိုင်ဖုန်းပမာဏဟာ သန်း ၅၀ ကျော်တယ်။ လက်ကိုင်ဖုန်းတစ်ခုဟာ တက္ကသိုလ်တစ်ခုပဲ။ စာကြည့်တိုက်တစ်ခုပဲ။ ခေတ်မီနည်းပညာနဲ့ လူတိုင်း၊ နေရာတိုင်း၊ အချိန်တိုင်းမှာ ပညာဆည်းပူးခွင့်ရှိနေပြီး ဒီနည်းပညာတွေကို အသုံးချတတ်ဖို့ လိုအပ်တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်ရမှာ အခြေခံအကျဆုံးက စိတ်ကူးပဲ။ ပညာရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်နေသူတွေ ရဲရင့်ဖို့လိုတယ်။ သတ္တိရှိရမယ်။ ဖောက်ထွက်ပြီး စဉ်းစားရမယ်။ အတိတ်မှာနေရင် အဆင်မပြေလှဘူး။ အနာဂတ်ကို စိတ်ကူးယဉ်ပြီး ဆောင်ရွက်စရာရှိတာတွေ လုပ်ရမှာ။ ပညာရှင်စစ်စစ်ဖြစ်ဖို့လိုတယ်။ ပြောစရာရှိတာ ပြောရမယ်။ တင်ပြစရာတွေ တင်ပြရမယ်။ အမှန်တရားကို လက်ခံရမယ်။ “အားလုံးကောင်းပါသည်ခင်ဗျား” ဆိုတဲ့ ဉာဉ်ကို ပျောက်ဖို့လိုတယ်။ တစ်ချိန်က ဘာဖြစ်ခဲ့တာတွေကို စားမြုံ့ပြန်ရုံနဲ့ မပြီးဘူး။ ဟုတ်တယ်။ ရန်ကုန်တက္ကသိုလ်ဟာ တစ်ချိန်က အာရှတစ်ခွင်မှာ နာမည်ကြီး။ နောက်နှစ် ၅၀ မှာ ထိပ်ရောက်အောင် စဉ်းစားဖို့လိုအပ်တယ်။ အဝေးသင်ပညာရေးနဲ့ ပတ်သက်ပြီးလည်း စွန့်စားဖို့လိုတယ်။ တီထွင်ဖို့လိုတယ်။ ဦးစားပေးဖို့ လိုအပ်ပါတယ်။ ပညာရေးဟာ လူတိုင်းနဲ့ ပတ်သက်နေတာမို့ အားလုံးမှာ တာဝန်ရှိတယ်။ အားလုံးရဲ့အင်အားကို အသုံးချနိုင်ဖို့ လိုအပ်တယ်။

အဝေးသင်ပညာရေးစနစ်ကို ပညာရေးစနစ်တစ်ခုရဲ့ အရေးပါလှတဲ့ အစိတ်အပိုင်းအနေနဲ့ သတ်မှတ်နိုင်ဖို့ လိုအပ်တယ်။ တိုင်းရင်းသားအများစုနေထိုင်တဲ့ ဒေသတွေမှာ ပိုပြီးလိုအပ်တယ်။

ကျွန်တော်ကိုယ်တိုင်လည်း အဝေးသင်ပညာရေးမှာ ပါဝင်နေတယ်။ နာမည်ကြီးတက္ကသိုလ်မှာ တာဝန်ယူနေတဲ့ ပါမောက္ခတွေရဲ့ ဟောပြောချက်တွေကို လက်ကိုင်ဖုန်းကတစ်ဆင့် လေ့လာသင်ယူနေရတာ။ ကိုယ်ကိုယ်တိုင်လည်း မိမိရဲ့ ဟောပြောချက်တွေကို အင်တာနက်ကတစ်ဆင့် လက်ဆင့်ကမ်းဖြန့်ဝေလျက်ရှိတာ။ အဝေးသင်ပညာရေးဟာ လူတိုင်းအတွက် ဖြစ်တာကို နားလည်ဖို့ လိုအပ်တယ်။ ပုံမှန်အတန်းတွေ မတက်နိုင်လို့ အဝေးက သင်ရတာမျိုးမဟုတ်ဘဲ ပညာကို လိုလားတဲ့သူတိုင်း လက်လှမ်းမီနိုင်တဲ့ ချဉ်းကပ်မှုတစ်ရပ် ဖြစ်ပါတယ်။

အဝေးသင်မှုနဲ့ အနီးကပ်သင်ကြားမှုကို ရောမွှေပြီး ပညာအတွက်ကို မျှဝေနိုင်အောင် ကြိုးစားရမှာသာဖြစ်တယ်။ အဝေးသင်ပညာရေးစနစ်ကို ဒုတိယတန်းစနစ်တစ်ရပ်အဖြစ် သတ်မှတ်တဲ့အမြင်ကို ပြောင်းလဲဖို့လိုတယ်။ မိဘတွေ၊ အလုပ်ရှင်တွေသာမက အဝေးသင်တက်တဲ့ ကျောင်းသားတွေနဲ့ ဆရာ ဆရာမတွေရဲ့ အမြင်တွေ ပြောင်းဖို့လိုအပ်ပါတယ်။ ။

## သာစည်မြို့နယ်မှတောင်သူများအား ကောက်ရိုးထုံးစက်အသုံးပြုမှု သရုပ်ပြ

**သာစည် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မှ တောင်သူများအနေဖြင့် လယ်ယာလုပ်သားရှားပါးမှု ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် လုပ်ငန်းများ လုပ်ဆောင်ရာတွင် အချိန်ကုန်သက်သာစေရန် ရည်ရွယ်ပြီး ကောက်ရိုးထုံးစက် (Round Baler) အသုံးပြုမှု တောင်သူပညာပေးသရုပ်ပြပွဲကို ရွာမွန်သာရွာရှိ တောင်သူတစ်ဦး၏ လယ်မြေ၌ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၆) စက်မှုလယ်ယာစခန်း၏စီစဉ်မှုဖြင့် ဇန်နဝါရီ ၃ ရက်က ပြုလုပ်ခဲ့သည်။



ကောက်ရိုးထုံးစက် အသုံးပြုမှုကို လက်တွေ့သရုပ်ပြနေစဉ်။

သရုပ်ပြပွဲတွင် မိတ္ထီလာခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ သရုပ်ပြပွဲများ ပြုလုပ်ပေးခြင်း၏ ရည်ရွယ်ချက်များ၊ ဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော နည်းပညာပေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စသည်ဖြင့် တောင်သူများအတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကိုရှင်းလင်းဆွေးနွေးသည်။ ထို့နောက် သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မိုးမိုးဌေးက ရာသီဥတုပြောင်းလဲမှုများအကြောင်းနှင့် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနှင့်ပတ်သက်သော ဒေသတွင်း အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ကောက်ရိုးထုံးစက် အသုံးပြုပုံကို လက်တွေ့ပြသသည်။ အဆိုပါ ကောက်ရိုးထုံးစက်ဖြင့် ကောက်ရိုးသိမ်းပါက လယ်တစ်ဧကလျှင် တစ်နာရီခန့်သာ အချိန်ကြာမြင့်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## မကွေး၌ ဆောင်းကာလ ဝင်ငွေရသီးထပ်အဖြစ် ပန်းနှမ်း ဧက ၂၃၀၀ ကျော် စိုက်ပျိုး

**မကွေး ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီးအတွင်း၌ ယခုနှစ် ဆောင်းကာလ ဝင်ငွေရမည့် သီးထပ်သီးညှပ် သီးနှံအဖြစ် ပန်းနှမ်းကို ဧက ၂၃၀၀ ကျော်အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

မင်းဘူးမြို့နယ်တွင် ယခင်နှစ်များက ဆောင်းကာလ ကြားသီးနှံအဖြစ် ကုလားပဲသီးနှံကိုသာ စိုက်ပျိုးခဲ့ကြသော်လည်း ယခုနှစ်တွင် ဈေးကွက်ရှိသည့် ပန်းနှမ်းကို စိုက်ပျိုးရန် စိုက်ပျိုးရေးဌာနက ပညာပေး ဆွေးနွေးခဲ့သည့်အတွက် တောင်သူများက စမ်းသပ်စိုက်ပျိုးလာကြကြောင်း၊ မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း တောင်သူများအား သီးနှံများ အရည်အသွေးကောင်း၍ ဈေးကောင်းရစေရန်၊ ပိုးသတ်ဆေးကို စနစ်တကျ မှန်ကန်စွာ သုံးစွဲတတ်စေရန် ကွင်းဆင်းပညာပေးခြင်း၊ ပိုးသတ်ဆေးဆိုင်များကို သက်တမ်းလွန်သည့်ဆေးများ မရောင်းချစေရန် ကွင်းဆင်းစစ်ဆေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက ဆက်လက်ပြောကြားသည်။

ယခင်နှစ်က မြေပြင်ကွင်းဆင်းလေ့လာမှုအရ မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များနှင့် ဆွေးနွေးညှိနှိုင်းပြီး ရာသီဥတုနှင့်ကိုက်ညီမည့် ရှမ်းပြည်နယ် ဟဲဟိုးနယ်ဘက်မှ ပန်းနှမ်းသီးနှံ မျိုးစေ့များကို မျိုးအဖြစ်မှာယူကာ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ရှိတဲ့ ပန်းနှမ်းကို စိုက်ပျိုးဖို့ စိုက်ပျိုးရေးဌာနက ပညာပေး ဆွေးနွေးခဲ့လို့ ဌာနအကူအညီနဲ့ ဒီနှစ်သုံးဧကလောက် စမ်းသပ်စိုက်ပျိုးခဲ့တာပါ၊ အခုအချိန်မှာ အပင်ရဲ့ရှင်သန်မှုနဲ့ အပွင့်တွေ ပွင့်နေတာကို မြင်ရတာ အားရကျေနပ်စရာတော့ ကောင်းတယ်၊ ဒီနှစ်အောင်မြင်ရင် နောက်နှစ် တိုးစိုက်မှာပါ"ဟု မင်းဘူးမြို့နယ် ရေမျက်ရွာမှ တောင်သူ ကိုဆန်းဝင်းက ပြောသည်။

ပန်းနှမ်းများကို နိုဝင်ဘာ ဒုတိယပတ်အတွင်း စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလလယ်တွင် ရိတ်သိမ်းနိုင်ကြောင်းနှင့် တစ်ဧကလျှင် ရှစ်တင်းမှ ၁၄ တင်းအထိ ထွက်ရှိကြောင်း သိရသည်။ ယခုနှစ် ဆောင်းကာလတွင် ပန်းနှမ်းကို ပခုက္ကူခရိုင်အတွင်း စိုက်ဧက ၉၃ ဧက၊ ဂန့်ဂေါခရိုင်၌ ၂၁၆၁ ဧကနှင့် မင်းဘူးခရိုင်၌ ၆၇ ဧက၊ စုစုပေါင်း ၂၃၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မေသူလွင်(မကွေး)**

# ၂၀၁၉ ခုနှစ်အတွင်း အရေးပါသောကုန်စည်အချို့၏ နှစ်ချုပ် ဈေးကွက်သုံးသပ်ချက်

**စိုက်ပျိုးရေးကို အဓိကထားသည့် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးထွက်ကုန်များ၏ ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေသည် နိုင်ငံ၏ စီးပွားရေးအပေါ် များစွာအကျိုးသက်ရောက်မှုရှိသလို ဆန်အပါအဝင် စိုက်ပျိုးရေးထွက်ကုန်များကို နေ့စဉ် စားသုံးနေရသည့် ပြည်သူလူထုအပေါ်တွင်လည်း စိုက်ပျိုးရေးထွက်ကုန် ဈေးနှုန်းများ၏ အကျိုးသက်ရောက်မှုများက ကြီးမားသည်။ သို့ဖြစ်၍ ကုန်ဆုံးသွားပြီဖြစ်သည့် ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံစီးပွားရေးနှင့် ပြည်သူများအပေါ် အကျိုးသက်ရောက်သည့် အရေးပါသော စိုက်ပျိုးရေးထွက်ကုန်အချို့၏ ဈေးကွက်အခြေအနေ များကို သုံးသပ်ဖော်ပြလိုက်ပါသည်။ ။**

**(၁)မတ်ပဲ**

၂၀၁၉ နှစ်ဆန်းပိုင်း လများတွင် ရန်ကုန် ပဲဈေးကွက်၌ မတ်ပဲအသစ်(RC)တစ်တန်လျှင် ကျပ်ခုနစ်သိန်းဝန်းကျင်သာ ဈေးနှုန်းရှိခဲ့သော်လည်း နှစ်ကုန်တွင် ကျပ် ၁၁၆၃၀၀၀ နှုန်းအထိ မြင့်တက်ခဲ့သည်။ နိုဝင်ဘာ ၅ ရက်တွင် ပေါက်ခဲ့သော ကျပ် ၁၃၃၀၀၀၀ နှုန်းမှာ အမြင့်ဆုံးဈေး ဖြစ်ခဲ့သည်။ ၂၀၁၈ ခုနှစ်က တစ်နှစ်လုံး အမြင့်ဆုံးဈေးနှုန်းမှာ နိုဝင်ဘာ ၆ ရက်က ကျပ် ၉၈၈၀၀၀ နှုန်းဖြစ်သည်။ ၂၀၁၉ ခုနှစ်၏ အမြင့်ဆုံးဈေးဖြစ်သော မတ်ပဲ(RC)တစ်တန် ကျပ် ၁၃၃၀၀၀၀ နှုန်းသည် ၂၀၁၆ နှစ်ကုန်ပိုင်းမှ သုံးနှစ်ဝန်းကျင်အတွင်း အမြင့်ဆုံးဈေးလည်း ဖြစ်ခဲ့သည်။ ၂၀၁၇ ဩဂုတ်လလယ်နောက်ပိုင်းမှစ၍ မြန်မာ့မတ်ပဲ၏အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းမှုကို ယင်းနိုင်ငံမှ ပိတ်ပင်လိုက်ချိန်တွင် မြန်မာ့ပဲဈေးကွက်သည် တည်ငြိမ်မှုပျက်ပြားခဲ့ပြီး ပဲဈေးနှုန်းများ အနိမ့်ဆုံးသို့ ကျဆင်းခဲ့သည်။

၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်များတွင် အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းခွင့် တန်ချိန် ပမာဏများကို ယင်းနိုင်ငံအစိုးရက နှစ်အလိုက် ထုတ်ပြန်ပေး၍ မြန်မာနိုင်ငံတွင်းဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့သည်။

**(၂)ဆန်စပါး**

၂၀၁၉ ခုနှစ်အတွင်း ပြည်တွင်း ဆန်စပါးဈေးနှုန်းသည် ၂၀၁၈ ခုနှစ်ထက် လျော့နည်းခဲ့သည်။ ၂၀၁၈ ဩဂုတ်လဝန်းကျင်က ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ မှ ၆၅၀၀၀ ဝန်းကျင်အထိ မြင့်တက်ခဲ့သော်လည်း ၂၀၁၉ ကာလတူတွင်မူ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ ဝန်းကျင်မှ အများဆုံး ကျပ် ၆၀၀၀၀ ဝန်းကျင်သာရှိခဲ့သည်။ ၂၀၁၉ နှစ်ကုန်ပိုင်း စပါးသစ်ပေါ်ချိန်တွင် ပေါ်ဆန်းဆန်သစ် များသည် တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ ဝန်းကျင်မှ ၃၀၀၀၀ ခန့်သာ ရှိသည်။

၂၀၁၉ နှစ်ကုန်ပိုင်း မိုးစပါးသစ် ထွက်ချိန်တွင် ဆန်ကြမ်းဈေးနှုန်းမှာလည်း တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ မှ ၂၃၀၀၀ ဝန်းကျင်သာ ရှိခဲ့သည်။ နွေဆန်အဟောင်းမှာမူ အနည်းငယ်ဈေးပိုပြီး ကျပ် ၂၇၀၀၀ ဝန်းကျင်ရှိသည်။ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် ဆန်ကြမ်းဈေးနှုန်း ကွာခြားမှုမှာ ပေါ်ဆန်းဆန် ဈေးနှုန်းကွာခြားမှုထက် နည်းသည်။

ပြည်ပပို့ဆန်တန်ချိန် လျော့နည်းခြင်း၊ ပြည်တွင်း၌ ဆန်လက်ကျန်များခြင်းနှင့် ပြည်တွင်းဆန်ကြမ်းဈေးများ နည်းနေခြင်းတို့ကြောင့် ၂၀၁၉ မိုးစပါးအသစ်ထွက်ချိန်တွင် စပါးသစ်များ ဈေးနှုန်းကျဆင်းခဲ့၍ အခြေခံ မိုးစပါးဈေးနှုန်းအဖြစ် စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းဟု အစိုးရက သတ်မှတ်ပေးခဲ့သည်။ စပါးဝယ်ရန် ငွေကျပ် ၁၅ ဘီလီယံကို ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ နိုင်ငံတော်အစိုးရက အတိုးမဲ့ ထုတ်ချေးပေးခဲ့သည်။

**(၃)စားသုံးဆီ**

ပြည်တွင်း၌ မြေပဲဆီ၊ နှမ်းဆီ ဈေးနှုန်းမြင့်၍ စားသုံးမှုနည်းခဲ့ပြီး ဈေးသက်သာသော စားအုန်းဆီကိုသာ စားသုံးမှုပိုများခဲ့သည်။ ၂၀၁၉ နှစ်ဆန်းပိုင်းတွင် မြေပဲဆီ လက်ကား တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဝန်းကျင်ရှိပြီး နှစ်ကုန်ပိုင်းတွင် ကျပ် ၇၀၀၀ ဝန်းကျင်ရှိသည်။

စားအုန်းဆီမှာမူ ၂၀၁၉ နှစ်ဆန်းပိုင်းတွင် လက်ကား တစ်ပိဿာလျှင် ကျပ် ၁၆၀၀ ဝန်းကျင်နှင့် နှစ်လယ်ပိုင်းတွင် ၁၅၀၀ ဝန်းကျင်သာရှိခဲ့ရာမှ နှစ်ကုန် ဒီဇင်ဘာ ၃၀ ရက်တွင် လက်ကားတစ်ပိဿာလျှင် ၂၀၄၅ ကျပ်နှုန်းအထိ စံချိန်တင်မြင့်တက်လာခဲ့သည်။

ပြည်ပပို့ကုန်ရငွေရှိသူများ ပြည်ပမှ စားအုန်းဆီတင်သွင်းခွင့်ကို ရရှိခဲ့သည့် ၂၀၁၁ မေလလယ် နောက်ပိုင်းမှစ၍ ရှစ်နှစ်ကျော်ကာလအတွင်း အမြင့်ဆုံးဈေးနှုန်းသည် ၂၀၁၈ ဩဂုတ်လဆန်းက လက်ကား တစ်ပိဿာ ၁၉၀၀ ကျပ်နှုန်းဖြစ်ခဲ့ရာမှ ၂၀၁၉ ဒီဇင်ဘာ ၃၀ ရက်တွင် ထိုနှုန်းကိုကျော်၍ ၂၀၄၅ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်လာသည်။

**(၄)ကြက်သွန်နီ**

တစ်နှစ်လျှင် တန်ချိန် ၁၀ သိန်းဝန်းကျင် ထွက်ရှိသော ပြည်တွင်းကြက်သွန်နီ ဈေးနှုန်းသည် ၂၀၁၉ စက်တင်ဘာလလယ် နောက်ပိုင်းမှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ရန် အဝယ်ရှိလာပြီး ဈေးနှုန်းမြင့် တက်လာသည်။ ဆောင်းစိုက် ကြက်သွန်နီအသစ်ပေါ်သည့် နွေကာလက လှောင်သမားများ ဝယ်ယူခဲ့ရာတွင် တစ်ပိဿာလျှင် ကျပ် ၄၅၀-၅၀၀ နှုန်း ဖြင့်သာ ဝယ်ခဲ့သော်လည်း စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ် သို့ အပို့ရှိလာ၍ စက်တင်ဘာ လကုန်ပိုင်းမှစပြီး ပြည်တွင်း ကြက်သွန်နီများ ဈေးတက်လာရာ နှစ်လဝန်းကျင်အကြာ ဒီဇင်ဘာ ၃ ရက်တွင် ကြက်သွန်နီ အမျိုးအစားအလိုက် လက်ကား တစ်ပိဿာလျှင် ကျပ် ၂၇၀၀ မှ ၃၆၀၀ နှုန်းအထိ မြင့်တက်ခဲ့သည်။

ယင်းနောက်ပိုင်းတွင်မူ မိုးစိုက်ကြက်သွန်နီအသစ်များ ဈေးကွက်သို့ ဝင်ရောက်လာခဲ့ရာ ဒီဇင်ဘာ ၆ ရက်မှစ၍ အမျိုးအစားအလိုက် ကျပ် ၁၇၀၀ မှ ၂၉၀၀ နှုန်းသို့ လျော့ကျခဲ့သည်။ ဒီဇင်ဘာလအတွင်း ဈေးနှုန်း အတက်အကျများဖြစ်ခဲ့ပြီးနောက် ၃၁ ရက်တွင်မူ အမျိုးအစားအလိုက် ကျပ် ၁၀၀၀ မှ ၁၈၀၀ နှုန်းအထိ ပြန်လျော့ကျခဲ့သည်။ ၂၀၁၈ ခုနှစ် ကာလတူ ဒီဇင်ဘာ ၂၉ ရက် ဈေးနှုန်းမှာ ကျပ် ၃၀၀ မှ ကျပ် ၈၅၀ နှုန်းသာ ရှိခဲ့သည်။

ထို့ကြောင့် ၂၀၁၉ တွင် ကြက်သွန်နီ လှောင်သမားများ အကျိုးအမြတ်ရရှိမှု များပြားသကဲ့သို့ မိုးကြက်သွန်နီ စိုက်ပျိုးခဲ့ကြသည့် တောင်သူများသည်လည်း ၂၀၁၉ တွင် ယခင်နှစ်ထက် အကျိုးအမြတ်များစွာ ပိုမိုရရှိခဲ့သည်။

**(၅)ကြက်သွန်ဖြူ**

ရှမ်းကြက်သွန်ဖြူနှင့် ကြူကုတ်ကြက်သွန်ဖြူများသည် ၂၀၁၉ နှစ်လယ်အလွန်မှစ၍ ဈေးတက်လာသည်။ နှစ်စတွင် ရှမ်းကြက်သွန်ဖြူ အလုံးသေး လက်ကား တစ်ပိဿာ ကျပ် ၆၀၀၊ အလုံးကြီး ကျပ် ၁၅၀၀ နှင့် ကြူကုတ်ကြက်သွန်ဖြူက ကျပ် ၁၁၅၀ ဝန်းကျင် ရှိခဲ့သည်။ ထွက်ချိန်တွင် ဈေးမတက်ခဲ့ သော ရှမ်းကြက်သွန်ဖြူသည် မေလကုန်ပိုင်းမှစ၍ ဈေးတက်ခဲ့ရာ အောက်တိုဘာ ၂၃ ရက်တွင် အမျိုးအစားအလိုက် လက်ကား တစ်ပိဿာလျှင် ကျပ် ၂၇၀၀ မှ ၄၁၀၀ နှုန်းအထိ ရောက်ရှိခဲ့သည်။ နှစ်ကုန်တွင်မူ ကျပ် ၂၂၀၀ မှ ၃၄၀၀ နှုန်း အထိ ပြန်လျော့ကျခဲ့သည်။ ကြူကုတ်ကြက်သွန်ဖြူအသစ် ထွက်ပေါ်ချိန် ဇွန်လကုန်ပိုင်းတွင် ၃၄၀၀ ကျပ်အထိ ဈေးမြင့်ခဲ့ပြီး နှစ်ကုန်တွင်မူ ကျပ် ၃၀၀၀ ဝန်းကျင် ရှိခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်းက ရှမ်းကြက်သွန်ဖြူ အလုံးကြီး တစ်ပိဿာ လက်ကားဈေးသည် ကျပ် ၁၅၀၀ ဝန်းကျင်နှင့် ကြူကုတ်ကြက်သွန်ဖြူက ကျပ် ၁၂၀၀ ဝန်းကျင်သာ ရှိခဲ့၍ ၂၀၁၉ တွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူ နှစ်မျိုးစလုံး ၂၀၁၈ ထက် ဈေးနှုန်းအမြင့်ရခဲ့သည်။

**(၆)အာလူး**

ပြည်တွင်းဈေးကွက်သို့ပြည်ပမှဝင်ရောက်ပြီး ဈေးကွက်ဝေစုကို ရယူနေသော မီးဖိုဆောင်သုံး ကုန်စည်တစ်ခုမှာ အာလူးဖြစ်သည်။ ရှမ်းအာလူးများ ထွက်ပေါ်ချိန် နွေကာလ အလွန်မှ နှစ်ကုန်အထိ တရုတ်အာလူးမျိုးစုံသည် နယ်စပ်မှ တစ်ဆင့် ရန်ကုန်ဈေးကွက်သို့ တွဲကားများဖြင့် ဝင်ရောက်မှု ရှိနေဆဲဖြစ်သည်။ ဈေးနှုန်းမှာ ၂၀၁၉ နှစ်လယ်နောက်ပိုင်းတွင် တရုတ်အာလူး လက်ကား တစ်ပိဿာ ကျပ် ၁၀၀၀ ခန့် ရှိခဲ့သော်လည်း ဒီဇင်ဘာလကုန်ပိုင်းတွင်မူ တစ်ပိဿာလျှင် ကျပ် ၆၅၀ ဝန်းကျင်သာ ရှိသည်။

ရှမ်းအာလူးမှာလည်း အများအားဖြင့် တရုတ်အာလူး ဈေးနှုန်းနှင့် ကွာခြားမှုနည်းသည်။ တရုတ်အာလူး အမျိုးအစားများစွာ အလုံးအရင်း ဝင်နေ၍ရှမ်းအာလူးသည်လည်း နှုန်းအနိမ့်တွင်သာ ရှိနေခဲ့သည်။ ဆင်ဖြူကျွန်းအာလူးများ ထွက်ပေါ်သည့် နွေကာလက တရုတ်အာလူး ဝင်ရောက်မှု နည်းခဲ့သော်လည်း ဆင်ဖြူကျွန်းအာလူးသည် လက်ကား တစ်ပိဿာလျှင် ကျပ် ၆၅၀ ဝန်းကျင်သာ ဈေးရခဲ့သည်။

**(၇)ငရုတ်**

ပြည်တွင်းထွက် ငရုတ်စိုများကို ပြည်ပတင်ပို့မှုများ၍ပြည်တွင်းငရုတ်ဈေး မြင့်တက်လာပြီး ပြည်ပမှ တင်သွင်းလာသော ငရုတ်များသည်လည်း ၂၀၁၉ အတွင်း စံချိန်တင် ဈေးမြင့်တက်ခဲ့သည်။ နွေကာလနောက်ပိုင်းတွင် ပြည်ပသို့ ငရုတ်စိုများ တင်ပို့မှုများခဲ့၍ ပုံမှန် တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဝန်းကျင်သာရှိရာမှ ကျပ် ၈၀၀၀ ဝန်းကျင်အထိ ဈေးတက်ကာ ငရုတ်စိုက်သူများ ဈေးကောင်းရခဲ့သည်။

မြစ်ဝကျွန်းပေါ်ထွက် ငရုတ်ရှည်များသည် နွေကာလအတွင်း တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဝန်းကျင်ဖြင့်သာ ဈေးကွက်သို့ဝင်ရောက်ခဲ့သော်လည်း နှစ်လယ်နောက်ပိုင်း ပျော်ဘွယ်မိုးငရုတ်များထွက်ချိန်တွင် မိုးငရုတ် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဝန်းကျင် ရရှိခဲ့သည်။ အိန္ဒိယငရုတ်ရှည်နှင့် အိန္ဒိယ မိုးငရုတ်တို့မှာလည်း ယခင်နှစ်များက တစ်ပိဿာ လျှင် ကျပ် ၅၅၀၀ ခန့်သာ ဈေးရခဲ့ရာမှ ၂၀၁၉ နှစ်ကုန်ပိုင်းတွင် ကျပ် ၇၀၀၀ နှင့် ကျပ် ၈၀၀၀ နှုန်းအထိ ဈေးမြင့်တက်ခဲ့သည်။

တရုတ်ပြည်မြောက်ပိုင်း အအေးပိုင်းဒေသထွက် စက ငရုတ်ပွများမှာ မိုင်ပေါင်း ၂၀၀၀ ဝန်းကျင်ဝေးသော ရန်ကုန် ဈေးကွက်သို့ ဝင်ရောက်နေပြီး လက်ကား တစ်ပိဿာလျှင် ကျပ် ၄၈၀၀ နှုန်းဖြင့် ရောင်းချနေသည်။ အအေးခန်းထုတ် ပြည်တွင်း ငရုတ်ပွများမှာ လက်ကား တစ်ပိဿာလျှင် ကျပ် ၉၀၀၀ ဝန်းကျင် ဈေးရရှိခဲ့သည်။

**(၈)သကြား**

၂၀၁၉ အတွင်း မီးဖိုဆောင်သုံး ကုန်စည်အများစု ဈေးနှုန်းအမြင့်ရခဲ့သော်လည်း သကြားဈေးနှုန်းမှာ အနိမ့်တွင်ရှိနေပြီး သကြားလုပ်ငန်းလုပ်ကိုင်သူများ အရှုံးပေါ်ခဲ့သည်။ ပြည်ပမှ တင်သွင်းထားသည့် သကြားများ နယ်စပ်အပို့နည်းလာ၍ ပြည်တွင်း၌ လက်ကျန်များနေခြင်း၊ ပြည်ပမှ တရားမဝင် သကြားတင်သွင်းမှု အချို့ရှိနေခြင်း၊ ပြည်တွင်း သကြားစက်ရုံများမှ တစ်နှစ်လျှင် သကြားတန်ချိန် ငါးသိန်းခန့်ထွက်နေပြီး ပြည်တွင်း စားသုံးမှုထက် များစွာပိုလျှံနေသော်လည်း ပြည်ပသို့ အပို့မရှိခြင်းတို့ကြောင့် ရန်ကုန်ဈေးကွက်တွင် သကြား လက်ကား တစ်ပိဿာလျှင် ကျပ် ၉၀၀ ဝန်းကျင် သာရှိခဲ့သည်။ ဈေးကွက်အတွင်း သကြားလက်ကျန် များနေ၍ သကြားစက်ရုံများအနေဖြင့် ကြံဝယ်ရာတွင်လည်း ဈေးနှုန်းလျှော့ချ ဝယ်ယူနေကြသည်။

**(၉)ထန်းလျက်**

၂၀၁၉ တွင် သကြားဈေးနှုန်း အနိမ့်ဆုံးရောက်ခဲ့သော်လည်း ထန်းလျက်ဈေးနှုန်းမှာ အမြင့်ဆုံး ရောက်လာခဲ့သည်။ ၂၀၀၀ မှ ၂၀၁၉ အထိ ဆယ်စုနှစ် အတွင်း ညောင်ဦးဆေးခတ် ထန်းလျက် အမြင့်ဆုံး လက်ကား တစ်ပိဿာဈေးမှာ ကျပ် ၁၇၀၀ ဝန်းကျင်သာ ရှိခဲ့သော်လည်း ၂၀၁၉ ဒီဇင်ဘာ လကုန် တွင် ၁၉၀၀ အထိ မြင့်တက်လာခဲ့သည်။ မလှိုင်ထန်းကြမ်း တစ်ပိဿာလျှင် ကျပ် ၁၉၀၀၊ ပခုက္ကူထန်းကြမ်း ကျပ် ၁၉၅၀ နှင့် သကြားရော ထန်းလျက်များမှာ ကျပ် ၁၃၀၀ ဝန်းကျင် ရှိနေခဲ့သည်။


**ခင်ဆိုင်**

# ၂၀၁၉ အတွင်း Google တွင် ရှာဖွေမှုများမှ မြန်မာနိုင်ငံ၏ Trending Searchs များကို ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇန်နဝါရီ ၅**

ကမ္ဘာအနှံ့မှ အင်တာနက် အသုံးပြုသူများက Google Search ကိုသုံး၍ အင်တာနက်ပေါ်တွင် ပြုလုပ်သည့် ရှာဖွေမှုများကို Google Trends ဝက်ဘ်ဆိုက်က ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် နိုင်ငံအလိုက် ထုတ်ပြန်ကြေညာပေးခဲ့ရာ ယခင်နှစ်များက မြန်မာနိုင်ငံ မပါဝင်ခဲ့သော်လည်း ယခုနှစ်တွင် ပထမဆုံးအနေဖြင့် မြန်မာနိုင်ငံအတွင်းမှ ရှာဖွေမှုများကိုပါ ဖော်ပြကြေညာပေးထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံမှ ရှာဖွေမှုများကို ဖော်ပြရာတွင် Trending Searches, Inidivuals နှင့် Movies & Series ဟု ကဏ္ဍသုံးမျိုးခွဲ၍ ကဏ္ဍတစ်ခုချင်းစီ၏ ထိပ်ဆုံး ရှာဖွေမှု ၁၀ ခုစီကို ဖော်ပြထားသည်ကို တွေ့ရသည်။ လူအများစိတ်ဝင်စားသော အကြောင်းအရာ (Trending Searches) ရှာဖွေမှုတွင် Thanos, Unicode font, Gboard, Call of Duty, PUBG, 9Apps, H5Game, XXXHolic Rei, Redmi Note 7 နှင့် Jung Joon Young ဟု စာလုံး ၁၀ လုံးကို ဖော်ပြထားသည်။ Thanos သည် မေလအတွင်းက ရုံတင်ခဲ့သော စူပါဟီးရိုးရုပ်ရှင် Avengers: Endgame မှ ဇာတ်ကောင်အမည်ဖြစ်ပြီး ဒုတိယနှင့် တတိယနေရာမှ ယူနီကုဒ်နှင့် Gboard ကီးဘုတ် စာလုံးများမှာ စက်တင်ဘာနှင့် အောက်တိုဘာလအတွင်းက ယူနီကုဒ်ပြောင်းသုံးရန် လုပ်ဆောင်ရာတွင် ရှာဖွေမှုများပြားခဲ့သော စာလုံးများဖြစ်သည်။ စတုတ္ထနေရာမှ Call of Duty မှာ ကွန်ပျူတာနှင့် မိုဘိုင်းတွင်ပါ လူကြိုက်များသော နာမည်ကြီးဂိမ်းဖြစ်ပြီး ပဉ္စမနေရာမှ PUBG မှာလည်း မိုဘိုင်းဖုန်းပေါ်တွင် လူအများ ချိတ်ဆက်၍ ကစားရသော သေနတ်ပစ်ဂိမ်းဖြစ်သည်။





၂၀၁၉ တစ်နှစ်လုံးအတွင်း မြန်မာနိုင်ငံမှ ရှာဖွေမှုအများဆုံး စာလုံးများ

တစ်ဦးချင်း Inidivuals ရှာဖွေမှု Xiao Zhan, Htet Yan, Alan Walker, Nang Mwe San, Wang Yibo, Nay Chi, Song Hye Kyo, Yoon Yoon, Aung La Nsang နှင့် Baek Ji Young ဟူသော စာလုံးများကို ရှာဖွေမှုများသည်။ ပထမနေရာမှ Xiao Zhan မှာ မိန်းကလေးပရိသတ် အများစုကြိုက်သည့် တရုတ်နိုင်ငံသား လူငယ်အဆိုတော်ဖြစ်ပြီး ဒုတိယနေရာမှ ထက်ယံမှာ နွေးသွားတယ် သီချင်းဖြင့် နာမည်ကျော်သည့် မြန်မာ လူငယ်အဆိုတော်ဖြစ်ကာ တတိယနေရာမှ Alan Walker မှာ မြန်မာ လူငယ်ပရိသတ်များ ကြိုက်နှစ်သက်ကြသည့် UK မှ ဒီဂျေပညာရှင်ဖြစ်သည်။

ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ Movies & Series ရှာဖွေမှုတွင် Captain Marvel, Hotel del Luna, Avengers Endgame, The Voice Myanmar, Game of Thrones, Sex and the City Movie, Extraordinary You, Love Alarm, Aquaman နှင့် Shazam စသည့် စာလုံးများကို အများဆုံး ရှာဖွေထားကြသည်။ ပထမနှင့် တတိယနေရာမှ Captain Marvel နှင့် Avengers Endgame မှာ ၂၀၁၉ အတွင်း ရုံတင်ခဲ့သော ရုပ်ရှင်နှစ်ကားဖြစ်ပြီး ဒုတိယနေရာမှ Hotel del Luna မှာ ကိုရီးယားရုပ်သံစီးရီးဖြစ်သည်။ စတုတ္ထနေရာမှ The Voice Myanmar မှာ မြန်မာနိုင်ငံမှ သီချင်းဆိုပြိုင်ပွဲ ရုပ်သံအစီအစဉ်ဖြစ်ပြီး ပဉ္စမနေရာမှ Game of Thrones မှာ အမေရိကန် တီဗွီစီးရီး ဖြစ်သည်။

အဆိုပါ ထိပ်ဆုံးရှာဖွေမှု ၁၀ ခုစီအပြင် အခြားသော ရှာဖွေမှုများကိုလည်း Google Trends ဝက်ဘ်ဆိုက်(Trends.google.com) ထဲမှာပင် ကြည့်ရှုနိုင်ပြီး ရလဒ်နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်သည်။ အဆိုပါ နှိုင်းယှဉ်မှုများအရ Thanos ဆိုသော စကားလုံးသည် Avengers: Endgame ရုပ်ရှင် ရုံတင်သည့် မေလထဲတွင် ရှာဖွေမှုအများဆုံးဖြစ်ခဲ့သလို Unicode နှင့် Gboard ဆိုသည့် စာလုံးများမှာ တစ်နိုင်ငံလုံး ယူနီကုဒ်ပြောင်းရန် ပြင်ဆင်ခဲ့သည့် စက်တင်ဘာနှင့် အောက်တိုဘာလအတွင်း ရှာဖွေမှုအများဆုံးဖြစ်ခဲ့သည်ကို တွေ့ရသည်။ ယူနီကုဒ်ဆိုသည့် စာလုံးကို မြန်မာနိုင်ငံမှ ရှာဖွေမှုသည် စက်တင်ဘာနှင့် အောက်တိုဘာ နှစ်လအတွင်း စံချိန်တင် မြင့်တက်ခဲ့သော်လည်း ပုံမှန်အချိန်များတွင် အခြား မြန်မာစာဖောင့်တစ်ခုဖြစ်သော ဇော်ဂျီစာလုံးကို ရှာဖွေမှုက ပိုများနေခဲ့သည်ကို တွေ့ရသည်။




အချိန်ကာလအလိုက် စာလုံးများ ရှာဖွေမှုကို နှိုင်းယှဉ်ဖော်ပြထားသည့် ဂရပ်

Google က ထုတ်ပြန်ကြေညာထားသည့် အဆိုပါ အချက်အလက်များကို အခြေခံ၍ နိုင်ငံအတွင်းမှ အွန်လိုင်းအသုံးပြုသူ အများစု စိတ်ပါဝင်စားသော အချက်အလက်များကို သိရှိနိုင်သဖြင့် အွန်လိုင်းကိုအခြေခံသော မားကတ်တင်းလုပ်ငန်းများအတွက်ဖြစ်စေ၊ ပြည်တွင်း၌ မားကတ်တင်းလုပ်ရန်အတွက်ဖြစ်စေ အသုံးဝင်သော သတင်းအချက်အလက်များ ဖြစ်ကြောင်း ကြော်ငြာလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

**သူရဖြိုး**

# 5G ကွန်ရက်ကို အသုံးပြုနိုင်မယ့် Oppo စမတ်ဖုန်းသစ် RENO 3

Oppo RENO 3 စမတ်ဖုန်းဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၆ ရက်မှာမှ နိုင်ငံတကာမှာ စတင်ပြသရောင်းချခဲ့ပြီး RENO 3 နဲ့အတူ RENO3 Pro စမတ်ဖုန်းကိုပါ ပြသခဲ့ပါတယ်။ ဖုန်းနှစ်မျိုးစလုံးဟာ လက်ရှိအချိန်မှာ ပြည်တွင်းဈေးကွက်ထဲကို ဝင်ရောက်ခြင်း မရှိသေးပါဘူး။ ဒါပေမယ့် ပြည်တွင်းဈေးကွက်မှာ လူကြိုက်များ နာမည်ရထားတဲ့ Oppo RENO စီးရီးရဲ့ အသစ်ထွက်ဖုန်းဖြစ်သလို မကြာခင်မှာ ဈေးကွက်ထဲဝင်လာမှာဖြစ်တာကြောင့် Oppo RENO 3 ရဲ့ အချက်အလက်တွေကို ဖော်ပြလိုက်ပါတယ်။

RENO 3 ဟာ ကွန်ရက်ပိုင်းမှာ 4G အပြင် 5G ကွန်ရက်ကိုပါ အသုံးပြုနိုင်ဖို့ အပြည့်အဝ ထောက်ပံ့ပေးထားတဲ့ စမတ်ဖုန်းဖြစ်ပါတယ်။ ပြည်တွင်းမှာ လက်ရှိအချိန်မှာ 5G နည်းပညာကို မရသေးပေမယ့် အော်ပရေတာတွေက စမ်းသပ်နေပြီဖြစ်တာကြောင့် ရလာတဲ့အခါ အဆင်သင့်ဖြစ်စေမှာ ဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၄ လက်မရှိလို့ အရွယ်အစားကြီးမားပြီး Resolution က 1080x2400 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး ကောင်းမွန်ပါတယ်။ AMOLED screen အမျိုးအစားဖြစ်ပြီး screen ရော၊ ကျောဘက်ကိုယ်ထည်ရော ဖန်သားဖြစ်လို့ ဖုန်းရဲ့ဒီဇိုင်းပိုင်းက သပ်ရပ်လှပပါတယ်။ မျက်နှာပြင်ကိုရော ကိုယ်ထည်ကိုပါ ထိခိုက်မှုတွေက ကာကွယ်နိုင်ဖို့ Gorilla glass 5 နဲ့ ဖုံးအုပ်ထားပါတယ်။

အန်းဒရွိက်ဗားရှင်းက နောက်ဆုံးထွက် 10.0(Pie)ကို Oppo ရဲ့ Color OS 7 နဲ့ တွဲထားပါတယ်။ Chipset ပိုင်းမှာတော့ Mediatek Dimensity 1000L(7nm)ကို သုံးထားပြီး CPU က Octa-core ဖြစ်ပါတယ်။ RAM နဲ့ အင်တာနယ်မင်မိုရီ အနေနဲ့တော့ နိုင်ငံတကာဈေးကွက်မှာ 8GB/128GB နဲ့ 12GB/128GB လို့ နှစ်မျိုး ရောင်းချနေတာတွေ့ရပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ဘက် ကင်မရာဟာ ၆၄ မဂ္ဂါပစ်ဇယ် ပင်မကင်မရာနဲ့အတူ ၈ မဂ္ဂါပစ်ဇယ် (ultra-wide) ကင်မရာ၊ ၂ မဂ္ဂါပစ်ဇယ် (Macro)ကင်မရာနဲ့ ၂ မဂ္ဂါပစ်ဇယ်(depth sensor)ကင်မရာတွေ ပါဝင်တဲ့ Quad Camera ဖြစ်လို့ စွမ်းဆောင်ရည်ကောင်းမွန်ပြီး 2160 pixels အရည်အသွေးရှိတဲ့ ဗွီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာက ရေစက်ပုံ notch ဒီဇိုင်းနဲ့ဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကလည်း ၃၂ မဂ္ဂါပစ်ဇယ်ရှိလို့ အရည်အသွေးကောင်းမွန်ပြီး ဆယ်လ်ဖီဝါသနာရှင်တွေ အကြိုက်တွေ့စေမှာဖြစ်ပါတယ်။

အခြား ထူးခြားချက်တွေအနေနဲ့ ဘက်ထရီဟာ 4025 mAh ရှိတဲ့ Li-Po ဘက်ထရီဖြစ်လို့ အချိန်ကြာကြာ ဂိမ်းကစား၊ အင်တာနက်သုံးတတ်သူတွေအတွက် အဆင်ပြေစေမှာဖြစ်ပြီး အလျင်အမြန် အားပြန်သွင်းနိုင်မယ့် VOOC 4.0 အမြန်အားသွင်းစနစ်လည်း ပါဝင်ပါတယ်။ USB က 3.1 နဲ့ ခေါင်းက Type-C reversible connector ဖြစ်ပြီး On-The-Go စနစ်ကိုလည်း ထောက်ပံ့ပေးထားပါတယ်။ လက်ဗွေစနစ်ကတော့ ဖုန်းမျက်နှာပြင်ထဲမှာပဲ under display အနေနဲ့ ပါဝင်ပါတယ်။

ကိုယ်ထည်အရောင်တွေအနေနဲ့ အဖြူ၊ အနက်နဲ့ အပြာရောင်တွေ ရရှိနိုင်မှာဖြစ်ပြီး ပြည်တွင်းဈေးကွက်ထဲကို မရောက်သေးလို့ ဈေးနှုန်းအတိအကျကိုတော့ မသိရသေးပါဘူး။ နိုင်ငံတကာဈေးကွက်မှာ ကြေညာထားတဲ့ ဈေးနှုန်းက ယူရို ၄၄၀ ဖြစ်လို့ ပြည်တွင်းကို ရောက်လာချိန်မှာ ကျပ်ခုနစ်သိန်းကျော်လောက် ရှိနိုင်ပါတယ်။


**သူရဖြိုး**



# ဟွာဝေး၏ notebook မော်ဒယ်သစ် MateBook 13 ကို မြန်မာနိုင်ငံဈေးကွက်တွင် ပထမဆုံး စတင်ရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၅**

ပြည်တွင်း မိုဘိုင်းဖုန်းဈေးကွက်တွင် နာမည်ကျော်ကြားပြီးသော အမှတ်တံဆိပ်တစ်ခုဖြစ်သည့် ဟွာဝေးသည် မိုက်ခရိုဆော့ဖ် ဝင်းဒိုးစနစ်သုံး note book မော်ဒယ်အမျိုးမျိုးကိုပါ ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်တွင် ရောင်းချနေသော်လည်း ပြည်တွင်းဈေးကွက်၌ ရောင်းချခြင်းမရှိသောကြောင့် ဟွာဝေး အမှတ်တံဆိပ်ဖြင့် notebook များကို လူသိနည်းသည်။ ယခုအခါ ဟွာဝေး၏ အဆိုပါ note-book များထဲမှ မော်ဒယ်သစ်တစ်ခုဖြစ်သည့် MateBook 13 ကို ပြည်တွင်းဈေးကွက်၌ စတင်ရောင်းချနေပြီဖြစ်ကြောင်း ဟွာဝေးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။



ပြည်တွင်းဈေးကွက်တွင် စတင်ရောင်းချသည့် MateBook 13 အမျိုးအစား notebook သည် ဟွာဝေးက ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်တွင် ကျော်ကြားနေသည့် Matebook စီးရီးများအနက် ပထမဆုံး ၁၃ လက်မ အရွယ် မျက်နှာပြင် ပါဝင်သော ultra-portable အမျိုးအစား တစ်ကိုယ်ရည်သုံး ကွန်ပျူတာဖြစ်ကာ ဟွာဝေး၏ တီထွင်ဖန်တီးမှုနှင့် နောက်ဆုံးပေါ်နည်းပညာဖြစ်သည့် Full View display နည်းပညာ ပါဝင်သလို သေသပ်ကျစ်လျစ်ပြီး သယ်ဆောင်ရလွယ်ကူစေသည့် ပေါ့ပါးသော ဒီဇိုင်းနှင့်အတူ ကောင်းမွန်သော Build quality ဖြင့် တပ်ဆင်ထားကြောင်း သိရသည်။

ဟွာဝေး MateBook 13 note-book ၏ Display ပိုင်းသည် Screen-to-body အချိုး ၈၈ ရာခိုင်နှုန်းအထိ ရှိသည့် မျက်နှာပြင် ပါဝင်သော Full View display နည်းပညာဖြင့် တည်ဆောက်ထားသည်။ Light Touch နည်းပညာ ပါဝင်သော touch screen သည် ရုပ်ထွက်အရည်အသွေး 2160x 1440 resolution ရှိသည်။

Processor ကို 8th Generation Core i5 processor နှင့် NVIDIA GeForce MX 250 တို့ဖြင့် အားဖြည့် တပ်ဆင်ထားပြီး RAM 8 GB LPDDR3 2133 MHz ပါဝင်သည်။

စက်အတွင်း အအေးပေးစနစ်ပိုင်းအတွက် MateBook 13 တွင် ဆူညံသံနည်းပါးစေပြီး စွမ်းဆောင်ရည်ကောင်းမွန်သည့် ငါးမန်းတောင်ပုံစံ အအေးပေးပန်ကာကို တပ်ဆင်ထားကြောင်း သိရသည်။

ထို့အပြင် MateBook 13 သည် စမတ်ဖုန်းများနှင့် တစ်ကိုယ်ရည်သုံး ကွန်ပျူတာအကြား ချိတ်ဆက်မှုအတွက် သာမန်ထက် ပိုမိုကောင်းမွန်သော အတွေ့အကြုံသစ်များကိုလည်း ရရှိစေမည့် Intelligent Sharing by OneHop နှင့် Multi-screen Collabo-ration စသည့် နည်းပညာများလည်း ပါဝင်ကြောင်း သိရသည်။

ကျစ်လစ်သေသပ်သည့် ဒီဇိုင်းပိုင်းနှင့်အတူ နေ့စဉ် အသုံးပြုမှုတွင် အကောင်းဆုံးအနေအထားဖြစ်အောင် ထုတ်လုပ်ထားသည့် ဟွာဝေး Mate Book 13 ကို လူငယ် အသိပညာရှင်၊ အတတ်ပညာရှင်များအတွက် အဓိကရည်ရွယ် ထုတ်လုပ်ထားကြောင်းနှင့် ဟွာဝေး Matebook 13 ကို မြန်မာနိုင်ငံဈေးကွက်တွင် ဇန်နဝါရီ ၁ ရက်မှ စတင်ရောင်းချလျက်ရှိကာ ဈေးနှုန်းမှာ ၇၉၉ ဒေါ်လာနှင့်ညီမျှသည့် မြန်မာကျပ်ငွေဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း ဟွာဝေးမြန်မာမှ သတင်းထုတ်ပြန်ထားသည်။

**ကျော်ဇင်ဦး**

## အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) ဖြင့်
(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ကို
ထိုက်ထိုက်တန်တန် ချီးမြှင့် အပ်နှင်းခြင်းခံရပါသော
**ဒေါ်လွင်လွင်ဝေ** (Vice Chairman- A1 Group of Companies)
နှင့်

**သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ကို
ထိုက်ထိုက်တန်တန် ချီးမြှင့် အပ်နှင်းခြင်းခံရပါသော
**ဒေါ်ရည်ဝိုင်းဦး** (Executive Director- A1 Group of Companies)
တို့အား အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။
နောင်တွင်လည်း အမျိုးဘာသာ သာသနာ အကျိုးများကို သက်ရှည်ကျန်းမာစွာဖြင့်
ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း၊လုပ်ငန်းစီးပွားပိုမိုတိုးတက် ဖြစ်ထွန်းအောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**A1-Group of Companies**
**ဝန်ထမ်းမိသားစုများ**



## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် – ၁/၂၀၂၀ အရ
**ဦးနေထက်သိန်းနိုင်**
**(Chairman, First Yoe Yoe Lay Trading Co., Ltd.)** သည်
**သီဟသုဓမ္မမဏိဇောတဓရဘွဲ့**
တံဆိပ်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသဖြင့် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။
နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစု တပည့် သား သမီးများ နှင့်အတူ
နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍
ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်းကောင်းတောင်းအပ်ပါသည်။

First Yoe Yoe Lay Trading Co., Ltd.
Yoe Yoe Lay Hotel (Kyaikhto)
Yoe Yoe Lay Travel & Tour
Yoe Yoe Lay Construction Group
First December Drinking Water
Golden Stone Hotel
Star World Entertainment

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဆေးတက္ကသိုလ်၊ မန္တလေး၊ ၁၉၇၆-၈၂ စာသင်နှစ် ဆရာဝန်များဖြစ်သော **ဒေါက်တာ ဦးစိုးလွင်(ဦးဆောင်နာယက၊ ဝိသုဒ္ဓိမဂ်ဓမ္မလမ်း ဝိပဿနာအဖွဲ့ချုပ်)**သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၀၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် **''မဟာသဒ္ဓမ္မဇောတိကဓဇ'' ဘွဲ့တံဆိပ်တော်** ချီးမြှင့်ခံရခြင်းအတွက်လည်းကောင်း၊ ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆုများအတွက် ဝတ္ထုရှည်ဆုတွင် စာရေးဆရာမဂျူး(ဒေါက်တာတင်တင်ဝင်း) ချီးမြှင့်ခံရခြင်းအတွက်လည်းကောင်း သူငယ်ချင်းများအားလုံးက အထူးလှိုက်လှဲ ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုး၊ စာပေအကျိုးဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သူငယ်ချင်းများ**
**၁၉၇၆-၈၂ စာသင်နှစ် ဆရာဝန်များ**
**ဆေးတက္ကသိုလ်၊ မန္တလေး**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

**သုဓမ္မမဏိဇောတဓရဦးဇော်ဝင်း(ဥက္ကဋ္ဌ/ CEO)**ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်၊ စိန်ရွှေထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီ၊ ချမ်းမြေ့မေတ္တာအထူးကုဆေးရုံ(သန်လျင်)သည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၄)ရက် ရက်စွဲ ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်( ၁/၂၀၂၀)ဖြင့် **"သီရိသုဓမ္မမဏိဇောတဓရဘွဲ့ တံဆိပ်တော်"** ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် နှောင်နှစ်ပေါင်းများစွာလည်းဘာသာရေး၊ လူမှု ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဆတက်ထမ်းပိုးတိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဝန်ထမ်းများ**
**"ဇော်ထက်ပိုင်" အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**"စိန်ရွှေထိပ်တန်း" ဆောက်လုပ်ရေးကုမ္ပဏီ**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် **"ဦးမောင်မောင်ရင်"** ဥက္ကဋ္ဌ (ရွှေသိဒ္ဓိကုမ္ပဏီ နှင့် Lucky Gold ရတနာဆိုင်)အား (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **"သီဟသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ချစ်သောမိသားစုနှင့်အတူ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာ အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုလိုက်ရပါသည်။

ချစ်ဇနီး - ဒေါ်လှလှစိန်
သားကြီး - ကိုဇေယျာစိုး-မအေးမွန်ဆွေ
သမီး - မခင်ငြိမ်းငြိမ်းစိုး-ကိုရန်နိုင်သိန်း
သားငယ် - ကိုချမ်းမြေ့ဟိန်း-မကြည်သာမင်းမွန်
မြေး - မောင်သူရစိုး၊ မောင်သုတစိုး
မပြုံးပန်းဝတ်ရည်မောင်ဘုန်းပြည့်စုံဟိန်း

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) ဖြင့် **''မဟာသဒ္ဓမ္မဇောတိကဓဇ ''** ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသော **'' အရှင်ဘဒ္ဒန္တအာဒိစ္စ''** (ဇေတဝန် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ငှက်ပစ်တောင်ရပ်၊ ညောင်ဦးမြို့)အား အထူးဂုဏ်ယူဝမ်းသာ သာဓုခေါ်ဆိုလိုက်ပါသည် အရှင်ဘုရား

ကျောင်းဒါယကာ၊ ဒါယိကာမ ဖြစ်ကြသော
သီဟသုဓမ္မ မဏိဇောတဓရ ဦးမောင်မောင်ရင်နှင့် ဇနီး ဒေါ်လှလှစိန်
မိသားစု

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် ညောင်ဦးမြို့၊ ငှက်ပစ်တောင်ရပ်၊ ဇေတဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဒါယကာကြီး **"ဦးမောင်မောင်ရင်" (ရွှေသိဒ္ဓိကုမ္ပဏီနှင့်လပ်ကီးဂိုးလ်ရတနာဆိုင်)**အား **"သီဟသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူး ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဆတက် ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုချီးမြှင့်လိုက်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တအာဒိစ္စ**
**ဇေတဝန်ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊**
**ငှက်ပစ်တောင်ရပ်၊ ညောင်ဦးမြို့မှ ဆရာ၊ ဆရာမများ၊**
**ကျောင်းသား၊ ကျောင်းသူများ၊**
**ကျောင်းသား၊ ကျောင်းသူ မိဘများ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၂၀ ရက် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **''သီဟသုဓမ္မ မဏိဇောတဓရ ''** ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသည့် **'' ဦးမောင်မောင်ရင်'' ဥက္ကဋ္ဌ(ရွှေသိဒ္ဓိကုမ္ပဏီ၊ Lucky Gold ရတနာဆိုင်)** အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဒေါ်ခင်မေဝင်းနှင့် မိသားစု(စိန်မေတ္တာ၊ KKEMW Co.,Ltd )**
**ဦးသန်းရွှေ-ဒေါ်မွေးမွေး( Royal နှင့် ပြည်တော်သာ ပုံနှိပ်စက်ရုံ)**
**ဦးမျိုးမြင့်-ဒေါက်တာ ချိုချိုဝင်း ဥက္ကဋ္ဌ( M3 Food Center, Sushi tei Myanmar)**
**မိသားစုများ**

## လိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၀ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် **" ဦးမောင်မောင်ရင်" ဥက္ကဋ္ဌ (ရွှေသိဒ္ဓိ ကုမ္ပဏီ၊ Lucky Gold ရတနာဆိုင်)** အား **" သီဟသုဓမ္မမဏိ ဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးသိန်းတန်-ဒေါ်အေးအေးကြည်(ကရဝိက်သက်န်းတိုက်၊ ပြည်မြို့)**
**ဒေါ်နွဲ့နွဲ့ရီနှင့်သား ဒေါက်တာမြတ်သူ-ဒေါက်တာ လှဲ့ယဉ်မွန်မြတ် မိသားစု**
**(ကရဝိက် သင်္ကန်းတိုက်၊ ရန်ကုန်)**

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)အရ
သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်

## သီရိသုဓမ္မသင်္ဂီဘွဲ့

တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော

## ဒေါ်ကြည်ခင်

**ဒုဥက္ကဋ္ဌ - Original Group of Companies**
**Managing Director - Mount Pleasant Hotel (Nay Pyi Taw)**
**Managing Director - Hotel Nwe Tha Ki (Nay Pyi Taw)**
**Executive Director - My Dear Gems & Jewellery**

အား

အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။
နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့်
မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို
ဆတက်ထမ်းပိုး တိုး၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Performer Area Co., Ltd.**
**Eco Power Co., Ltd.**
**Arts of Beautiful Myanmar Co., Ltd.**
**My Dear Gems & Jewellery**

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်းနှင့်** **"အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

EFD
EXCELLENT FORTUNE
DEVELOPMENT GROUP

**EXCELLENT FORTUNE DEVELOPMENT GROUP**

**(EFD GROUP)**

ဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
## နည်းပြ/သရုပ်ပြရာထူးလျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းနှင့်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များတွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ/သရုပ်ပြ(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးများလစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အခမဲ့ရယူ၍ တိုက်ရိုက်တင်သွင်း လျှောက်ထားနိုင်ကြပါသည်-

| စဉ် | တက္ကသိုလ်/ ဒီဂရီကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| ၁။ | ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း | ၁။ ပညာရေးသဘောတရား(၁)နေရာ၊ ၂။ ပညာရေးစိတ်ပညာ(၁)နေရာ၊ ၃။ သင်ပြနည်း(၁)နေရာ၊ ၄။မြန်မာစာ(၁)နေရာ၊ ၅။သင်္ချာ(၁)နေရာ၊ ၆။သမိုင်း(၁)နေရာ၊ ၇။ ဓာတုဗေဒ(၁)နေရာ၊ ၈။ ရူပဗေဒ(၂)နေရာ၊ ၉။စီးပွားရေးပညာ(၂)နေရာ၊ ၁၀။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာဌာန(၁)နေရာ |
| ၂။ | ဒီဂရီကောလိပ်၊ ရန်ကုန် | ၁။သင်္ချာ(၂)နေရာ၊ ၂။သမိုင်း(၂)နေရာ၊ ၃။ပထဝီဝင်(၁)နေရာ၊ ၄။ဓာတုဗေဒ(၂)နေရာ၊ ၅။ရူပဗေဒ(၂)နေရာ၊ ၆။စက်မှုအင်ဂျင်နီယာ(၂)နေရာ၊ ၇။အီလက်ထရွန်နစ်အင်ဂျင်နီယာ(၁)နေရာ |
| ၃။ | ဒီဂရီကောလိပ်၊ စစ်ကိုင်း | ၁။ မြန်မာစာ(၃)နေရာ၊ ၂။အင်္ဂလိပ်စာ(၃)နေရာ၊ ၃။သင်္ချာ(၂)နေရာ၊ ၄။သမိုင်း(၂)နေရာ၊ ၅။ပထဝီဝင်(၃)နေရာ၊ ၆။ ဓာတုဗေဒ(၃)နေရာ၊ ၇။ရူပဗေဒ(၁)နေရာ၊ ၈။မနုဿဗေဒ(၁)နေရာ၊ ၉။စီးပွားရေးပညာ(၁)နေရာ၊ ၁၀။ကွန်ပျူတာသိပ္ပံ(၂)နေရာ၊ ၁၁။တိုင်းရင်းသားရေးရာ(၂)နေရာ၊ ၁၂။မြို့ပြအင်ဂျင်နီယာ(၁)နေရာ၊ ၁၃။လျှပ်စစ်စွမ်းအား (၁)နေရာ၊ ၁၄။ အလုပ်ရုံဌာန(၂)နေရာ |

၂။ လျှောက်ထားသူသည်-
(က) တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်၊
(ခ) အနိမ့်ဆုံးမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းတွင် ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာနှင့်သင်ပြနည်းဌာနများအတွက် M.Edဘွဲ့၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာဌာနအတွက် M.A(Myan.)၊ M.A(Hist.)၊ M.A(I.R)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်/စစ်ကိုင်းအင်ဂျင်နီယာဌာနများနှင့်အလုပ်ရုံဌာနအတွက် B.E/M.Eဘွဲ့၊ ကွန်ပျူတာသိပ္ပံဌာနအတွက် M.C.Sc/M.I.Sc ဘွဲ့နှင့် တိုင်းရင်းသားရေးရာဌာနအတွက် M.A(Oriental Studies)ဘွဲ့ရရှိရမည်။
(င) ၇-၁-၂၀၂၀ရက်တွင် အသက်(၃၀)ထက်မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ပါကအသက်(၃၅)နှစ်ထက်မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက အသက်(၄၀)ထက်မကျော်လွန်သူဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်၊
(ဆ) လျှောက်ထားသည့်တက္ကသိုလ်/ဒီဂရီကောလိပ်တွင်အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အသေးစိတ်အချက်အလက်များအား နယ်စပ်ရေးရာဝန်ကြီးဌာန web site www.moba.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်နယ်အဆင့်ဦးစီးဌာန(၂)ဌာန၏ ညွှန်ကြားရေးမှူးရုံးတည်ဆောက်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

- ရုံးအဆောက်အအုံပေ(၈၀x ၆၀) နှစ်ထပ် RC (ရေ၊ မီး၊ မိလ္လာ၊ Ground Tank Over Head Tank အပါအဝင်) ရုံးအဝင်လမ်းခင်းခြင်း(ကွန်ကရစ်) အကျယ် ၂၀ ပေ ထု ၈ လက်မ၊ ခြံစည်းရိုးကာရံခြင်း (စုစုပေါင်း အုတ်တံတိုင်းအမြင့် ၅ ဒသမ ၆ ပေ) RC အုတ်တိုင် (အုတ်အမြင့် ၂ ဒသမ ၆ပေ)+သံပန်း အမြင့် (၃ ဒသမ ၃ပေ) (ရုံးအမည်ဆိုင်းဘုတ်အပါ) (ဂိတ်တံခါးမပါ)၊ အဝင်ဂိတ်တံခါး (အကျယ်ပေ ၂၀) အမြင့် ၆ပေ (၂ပေါက်)၊ ကားပါကင်ခင်းခြင်း (၁၅၀၀ sqft) ထု ၈လက်မ (ကွန်ကရစ်)၊ ကားပါကင်ချဉ်းကပ်လမ်းခင်းခြင်း အကျယ် ၁၈ ပေ၊ ထု ၈ လက်မ(ကွန်ကရစ်)၊ ပြင်ပရေသွယ်တန်းခြင်း၊ ပြင်ပလျှပ်စစ်မီးတပ်ဆင်ခြင်း(100 KVA, 11 KV) သွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ မြေဖို့မြေပြုပြင်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ၊

၂။ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များ မည်သူမဆို တင်ဒါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်နေ့ရက်/အချိန်** - ၇-၁-၂၀၂၀ ရက် (အင်္ဂါနေ့)မှ ၃၁-၁-၂၀၂၀ ရက် (သောကြာနေ့)ထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နောက်ဆုံးနေ့ရက်/အချိန်** - ၆-၂-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၄:၀၀ နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၊ မြစ်ကြီးနားမြို့
(ဃ) **တင်ဒါဖွင့်လှစ်မည့်နေ့ရက်** - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဖုန်း-၀၇၄-၂၅၂၂၆၉၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**
**ကချင်ပြည်နယ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရုံး**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် (FDA)အသိအမှတ်ပြုပြီး ဖြစ်သည့် (DRC)ရရှိပြီး အရည်အသွေးပြည့်မီသော ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးဆေးပစ္စည်း Consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၂၀ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၆-၂-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ

**တင်ဒါကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)
## (၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)မှ ၂၀၁၈-၂၀၁၉ပညာသင်နှစ် B.C.Sc/B.C.Tech. ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်သူများအတွက် ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ (၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို မြစ်ကြီးနားတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်ခန်းမ၌ ၁၅-၂-၂၀၂၀(စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၁၆-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာလျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)၏ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်(၃)လအတွင်း ရိုက်ကူးထားသော(၁.၅"x၂") အရွယ်ရောင်စုံဓာတ်ပုံ(၅)ပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ရက်အရောက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကိုကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များမှ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်သည်။

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့်အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)ရှိ ကျောင်းသားရေးရာဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၇၄-၂၅၂၂၄၈၂၊ ၀၉-၄၄၂၄၃၂၂၂၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## နည်းပညာတက္ကသိုလ်(ဟသ္သာတ)
## (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(ဟသ္သာတ) (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နည်းပညာတက္ကသိုလ်(ဟသ္သာတ)ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

| စဉ် | ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် | ကျင်းပမည့်အစီအစဉ် |
|---|---|---|
| (က) | ၈-၂-၂၀၂၀ ရက် (စနေနေ့) | အစမ်းလေ့ကျင့်ခြင်း |
| (ခ) | ၉-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့) | ဘွဲ့နှင်းသဘင်ကျင်းပခြင်း |

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း ခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါစတင်လက်ခံမည့်ရက်** - ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ ရက်
(ခ) **တင်ဒါနောက်ဆုံး လက်ခံမည့်ရက်** - ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက် မွန်းတည့် (၁၂) နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ဘွဲ့နှင်းသဘင် ဓာတ်ပုံနှင့်ဗီဒီယိုတင်ဒါရွေးချယ်ရေးကော်မတီ၊ နည်းပညာတက္ကသိုလ် (ဟသ္သာတ)သို့ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း ဖုန်း-၀၉-၇၆၄၄၅၁၉၄၉ (ဌာနမှူး၊ စီမံ/ဘဏ္ဍာ)၊ ဖုန်း-၀၉-၂၅၀၈၁၈၁၃၆ (မော်ကွန်းထိန်း)သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံနှင့်ဗီဒီယိုတင်ဒါရွေးချယ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(ဟသ္သာတ)**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၂၀ ရက် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နေ ဦးမျိုးမင်းဇော်(ခ)ဦးစိုင်းဘိုဘိုအား **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့ကို ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်အမျိုးဘာသာ၊သာသနာအကျိုးကို ယခုထက်မက ပိုမိုထမ်းဆောင် သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သာသနာ့နုဂ္ဂဟအဖွဲ့**
**လားရှိုးမြို့**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသကြသည့် လူနာများအား ကုသမှုပေးရာတွင် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဓာတ်ဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်များ၊ ဆေးရုံသုံးပစ္စည်းများ (Consumables)နှင့် အောက်ဆီဂျင်တို့အား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၂၀ရက်(အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၂-၂၀၂၀ရက် (သောကြာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ လမ်းအထူးအဖွဲ့(၂၃)
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
## (၂/၂၀၁၉-၂၀၂၀) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ လမ်းအထူးအဖွဲ့(၂၃)၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုလမ်းအထူးပြင်ဆင်ထိန်းသိမ်းခြင်းခွဲဝေရန်ပုံငွေ(အရေးပေါ်အမြဲတမ်းလုပ်ငန်း)ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများတွင် အသုံးပြုမည့် စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံစတင် ရောင်းချမည့်နေ့ရက်** - ၁၄-၁-၂၀၂၀ (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - ၅-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)၊(၁၅:၀၀ နာရီ)
**တင်ဒါဖွင့်မည့်နေ့ရက်/အချိန်** - ၆-၂-၂၀၂၀ (ကြာသပတေးနေ့)၊ (၈:၀၀)နာရီ
**တင်ဒါဖွင့်မည့်နေရာ** - အမှတ်(၃၉၃)၊ လေယာဉ်ကွင်းလမ်း၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တည်ဆောက်ရေး(၂)၊ လမ်းအထူးအဖွဲ့(၂၃)၊ ထားဝယ်မြို့။ ဖုန်း-၀၅၉-၂၀၂၃၈၆၀

တင်ဒါစည်းမျဉ်းစည်းကမ်း၊ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တည်ဆောက်ရေး(၂)၊ လမ်းအထူးအဖွဲ့(၂၃)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၅ လမ်းနှင့် ၅၆ လမ်းကြား၊ အောင်ပင်လယ် (ငင-၅) ရပ်ကွက်နေ ဦးဘသက် ၉/မနတ(နိုင်)၀၃၄၄၇၉-ဒေါ်ကြည်တင် ၉/မနတ(နိုင်)၀၃၄၄၈၀ တို့၏ သမီး မပေါက်(ခ) ပေါက်ပေါက်(ခ)မမော်မော်မြင့်သည် မိဘ၏စကားကို နားမထောင်ဘဲ မိဘကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်ကြေညာလိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

မိဘ - ဦးဘသက်-ဒေါ်ကြည်တင်

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ကမ်းနားလမ်း၊ အကွက်အမှတ်(၇) ဈေးပိုင်း၊ ဦးပိုင်အမှတ်(၂၂၀-က)၊ ဧရိယာ ၀ဒသမ၀၄၁ဧကအား ဦးပိုင်ဦး(ဘ)ဦးစိန်ဒွေး ၁၄/ကကထ(နိုင်)၁၅၆၉၄၆ အမည်ဖြင့် မြေပေးမိန့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း သက်ဆိုင်ရာ အထောက်အထားများ ယူဆောင်လာ၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကန်ကြီးထောင့်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စက်မှုဇုန်အကွက်၊ ဦးပိုင်အမှတ်(A-၂၈၈)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကို ဦးစိုးတင်မြင့် အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4A/1392 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/3092 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/45379 Honda C90 H Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ငွေ ၁၁/ကဖန(နိုင်)၀၃၀၄၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# ကျေးဇူးတင်လွှာ

## ဒေါ်ဒေစီဦး

### အငြိမ်းစား ကျောင်းဆရာမ

### အထက(မိုးကုတ်)

### သာသနာပြုကျောင်း(မြစ်ကြီးနား)

### အထက(၃)မြစ်ကြီးနား

### အလက(၄)မြစ်ကြီးနား

### အထက(၁)ဗန်းမော်

### အသက်(၈၇)နှစ်

ဗန်းမော်မြို့၊ မင်းကုန်းရပ်၊ မ-၁၃၄၊ ဗောဓိလမ်းနှင့် ရန်ကုန်မြို့၊ အမှတ် ၄၄၉/၃(က)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီးနေ (ဦးစောစံလှ)၏ဇနီး၊ ဒေါ်ဝါဝါထွန်း-ဦးသီဟ၊ ဒေါ်စံပါယ်ထွန်း-ဦးသောင်းထွဋ်စိန်၊ (ဦးစောသာထွန်း)၊ ဦးစောပန်းဦး-ဒေါ်မေနှင်းရည်၊ ဒေါ်နော်မူဝါး-ဦးစောမူးလာ၊ ဦးစောအောင်ထွန်းဦး-ဒေါ်ဝေဝေနွယ်တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် ၂၉-၁၂-၂၀၁၉ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၁၂-၂၀၁၉ရက်တွင် မန္တလေးမြို့၊ အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါသည်။ မိခင်ကြီး အသက်ရှင်စဉ် မေတ္တာဖြင့် ပြုစုစောင့်ရှောက်ဆုတောင်းမေတ္တာပြခဲ့ကြသော ဓမ္မအမှုတော်ဆောင်များ၊ တပည့်ဟောင်းများ၊ မိတ်ဆွေသင်္ဂဟများနှင့် မိခင်ကြီး၏ နောက်ဆုံးသောဈာပနဝတ်ပြုခြင်း အစီအစဉ်များတွင် အစမှအဆုံး အထိ ကောင်းမွန်စွာပြီးစီးအောင် မေတ္တာဖြင့်ကူညီဆောင်ရွက်ပေးကြသော အောင်ပင်လယ်ယုဒသန်နှစ်ခြင်းအသင်းတော်၊ ကရင်နှစ်ခြင်းအသင်းတော်၊ မြို့မနှစ်ခြင်းအသင်းတော်၊ ရန်ကုန်မြို့မနှစ်ခြင်းအသင်းတော်၊ ဓမ္မအမှုတော်ဆောင်များ၊ အသင်းသူ အသင်းသားများ၊ ဆွေမျိုးမိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ပျောက်ဆုံးခြင်း

Parts United Group Trading Co.,Ltd. အမည်ဖြင့် အကောက်ခွန် ဦးစီးဌာနမှ ထုတ်ပေးသော ID No 1000 86969142(12/11/18),100067615323 (21/5/18),100089790402(7/12/18) Customs Statement ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၅၂၄၇၇

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ချစ်စိန်

### အသက်(၇၀)

ဒေါ်နီနီသန်း [ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်]၏ မိခင် ဒေါ်ချစ်စိန်သည် ၃-၁-၂၀၂၀ရက်(သောကြာ နေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**DEPARTMENT OF SURGERY**
**UNIVERSITY OF MEDICINE (1),YANGON**

---

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၁၂)၊ ရေဝေအုတ်ကျင်း မြင်းခြံလမ်းဘေးရှိ အကွက်အမှတ်(၁၆/ည)၊ မြေကွက်အမှတ်(၁၂၄)၊ မြေဧရိယာ(၀ဒသမ၀၄၁)ဧကအကျယ်ရှိ မြေကွက်ပေါ်တွင် ဦးအေးသိန်းမှ အဆောက်အအုံဆောက်လုပ်မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးအေးသိန်း**
**၉/မထလ(နိုင်) ၀၆၈၁၁၇**
**ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ကုန်းဘောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၇)၊ လူနေရပ်ကွက်အမှတ် (ကုန်းဘောင်အိမ်ရာ)၊ မြေကွက်အမှတ်(၅)၊ ဧရိယာ(၀ဒသမ၁၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်ကို အမည်ပေါက်ပိုင်ရှင် ဒေါ်မြ သဲညှာမှ အရှုပ်အရှင်းကင်းရှင်းစွာပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်နိုင်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၀) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်နိုင် ၅/ဆလက(နိုင်) ၀၄၉၁၉၀၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင့်ဝါထွန်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၁)**
**ဖုန်း-၀၉-၄၃၀၄၉၈၂၉**

---

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၃) ဟုခေါ်တွင်သော နေအိမ်နှင့် ဦးပိုင်နံပါတ်(၁၂၆)၊ ပန်းခြံကွက် ဧရိယာ(၀ဒသမ၀၈၃)ဧကရှိမြေကွက် ဂရန်အမှတ်-112 V 1996-1997 ၏ အကျိုးခံစားခွင့်အားလုံးကို အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်မာလာ၊ ဒေါ်သီတာ၊ ဦးမေတ္တာတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာဦးဝင်းခင်-ဒေါ်ခင်လေးမူတို့က ဝယ်ယူရန် စရန်ငွေများပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစောဝင်း(LL.B)** | **ဒေါ်ဇာနည်ငွေ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၉၆၁/၁၉၈၉)ဖုန်း-၀၉-၂၅၄၁၄၃၃၇၁** | **(စဉ်-၄၆၉၇၆/၂၀၁၆)** |

**ရုံးခန်း-ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**

---

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဝေဇယန္တာလမ်းနှင့် သစ္စာလမ်းထောင့်၊ သစ္စာဥယျာဉ်အိမ်ရာ စီမံကိန်း၊ တိုက်အမှတ်(C)၊ အခန်း အမှတ်(001)၊ (မြေညီထပ်)၊ စတုရန်းပေ(၁၅၇၅) အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို ဣန္ဒိတံကုမ္ပဏီလီမိတက်မှ ရောင်းချသည့် (၁၅-၃-၂၀၁၁)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝေဖြိုး ၉/မရမ(နိုင်)၀၈၈၀၉၈က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ) ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**

| | |
|---|---|
| **ဦးဇော်ဝင်းနိုင်(LL.B)** | **ဒေါ်ကြည်ကြည်ထွေး(LL.B,D.B.L)** |
| **(စဉ်-၇၈၄၇)** | **(စဉ်-၁၂၃၀၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၁၇၊ (၄)လွှာ၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၂၀၁၆၉၉၈၊ ၀၉-၄၂၀၀၅၈၅၅၃**

---

# ခရစ်တော်၌အိပ်ပျော်ခြင်း

## Pa Kam Ngo Thang(Navy -Rtd)

### အသက်(၆၅)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Tuivial ရွာနေ(Pu Thang Kang-Pi Zel Za Dim)တို့၏ ဒုတိယမြောက်သား၊ Pa Suak Khan Khai-Nu Vung Khaw Dim တို့၏ညီ၊ Pa Ngin Za Tuang-Nu Nem Kang Cing, Pa Cin Mung-Nu Dim Sian Huai, Nu Kiim Khaw Man -(Pa Thang Khaw Zam), (Pa En Za Khual)-Nu Awi Khan Luan, Nu Zam Luan Cing-Pa Pau Khan Thawn တို့၏ အစ်ကို၊ Pa Kang Khan Mang (B.Sc, Food Technology, Engg;၊ အရက်ဦးလူမှုဖွံ့ဖြိုးရေးအသင်း)-Nu Wai Wai Lwin (B.A,Myan;) , Dr.Kang Za Khai (B.D.S,Ygn 1 st M.D.Sc,Cons;), Lia Dim Deih Bawi (B. Sc,Chem,Hons)တို့၏မွေးသဖခင် ကျေးဇူးရှင်၊ Tg Thang Khen Mung နှင့် Tg Khai Sian Muan Sang တို့၏ချစ်လှစွာသောအဘိုး၊ Nu Nem Ngaih Niang ၏ချစ်လှစွာသောခင်ပွန်းသည် ၅-၁-၂၀၂၀ရက် နံနက် ၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၁-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဆူးလေ ဓမ္မ နွေလဘုရားကျောင်းရှေ့၊ ယုဇနဥယျာဉ်မြို့တော် ပိတောက်ကွေ့၊ တာမွေ Orange ရှေ့၊ မင်္ဂလာဒုံ(ဝါယာလက်)နှင့် Pa Kam Ngo Thang နေအိမ်တို့မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း(ငြိမ်း)(ခ)ဒေါ်လာဖေ

### စစ်တက္ကသိုလ် အမှတ်စဉ်(၃၅/၃၆)

### အသက်(၄၉)နှစ်

ညောင်ရွှေမြို့၊ အင်းလေးခေါင်တိုင်နေ (ဦးတင်ဖေ)-ဒေါ်သန်းညွန့်တို့၏သား၊ ဟိုပုန်းမြို့၊ အနောက်ရပ်၊ သီရိမင်္ဂလာလမ်းနေ ဦးမြင့်ဦး-ဒေါ်နန်းမြစိန်တို့၏ သားသမက်၊ ဟိုပုန်းမြို့၊ အနောက်ရပ်၊ သီရိမင်္ဂလာလမ်းနေ ဒေါ်ဆွေဇင်လှိုင်၏ခင်ပွန်း၊ မောင်မင်းခန့်သူ (Grade-10, C.A.E၊ နေပြည်တော်)၊ မောင်လင်းထက်စံ(Grade-6) (အလက-၃၊ ဟိုပုန်း)တို့၏ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း (ငြိမ်း)သည် ၅-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၃:၀၅နာရီတွင် Grand Hanthar ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း(ငြိမ်း)(ခ)ဒေါ်လာဖေ

### စစ်တက္ကသိုလ် အမှတ်စဉ်(၃၅/၃၆)

### အသက်(၄၉)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း(ငြိမ်း)သည် ၅-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၅)မှသူငယ်ချင်းများနှင့် မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း (ငြိမ်း)(ခ)ဒေါ်လာဖေ

### စစ်တက္ကသိုလ် အမှတ်စဉ်(၃၅/၃၆)

### အသက်(၄၉)နှစ်

ဟိုပုန်းမြို့၊ အနောက်ရပ်၊ သီရိမင်္ဂလာလမ်းနေ ဒေါ်ဆွေဇင်လှိုင်၏ ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း(ငြိမ်း)သည် ၅-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၃:၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှညီငယ်များနှင့်မိသားစုများ**

---

## ကန်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ ပိတောက်လမ်း၊ မြေကွက်အမှတ်-၁၀၆၊ အကျယ်အဝန်း-(၄၀' x ၆၀') ရှိ **ဒေါ်ခိုင်ချိုဦး** အမည်ပေါက် **ပါမစ်မြေ**ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်နန့်ရှုဂေးခလိန် ( LL.B )
တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၀၃၅/၁၂)
အမှတ်-၁၀၃၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်။ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၆၁၃၅၄၊ ၀၉-၇၈၆၅၂၄၅၁၉

---

# သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

## ဦးကုန်း(ကော့သောင်း)

### အသက်(၈၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ရွှေပြည်စိုးကျေးရွာအုပ်စု၊ (၇)မိုင်ကျေးရွာနေ ဒေါ်ရှုမရီ၏ခင်ပွန်း၊ (ဦး ရင်းဝါ)-ဒေါ်ကြီးလတ်၊ (ဦးအလင်-ဒေါ်သိန်းရင်)၊ ဦးခရမ်း-ဒေါ်ဆေးဘူးတို့၏ အစ်ကို၊ ဦးငွမ်(ခ)ဦးတင်လှ-ဒေါ်ချိုအေးထွန်း(ခ)ဘုတ်ဘုတ်၊ မရှုကျင်(ခ)မမွှေ့၊ [ဦးထွန်းထွန်းဦး(ခ) ဦးပေါက်စ]-ဒေါ်လှကျင်(ခ)မအင်း၊ ဦးမောင်ထွေး-ဒေါ်နှင်းဆီ(ခ)မငှက်၊ ဦးတင်စိုး(ခ) ကိုလေး-ဒေါ်မိုးမိုးမြင့်၊ ဦးတင်အေး(ခ)ဦးပင်း-ဒေါ်ဝင်းဝင်းစိုး၊ ဦးတင်မိုး(ခ)ဦးချွန်-ဒေါ်ဇာခြည်၊ ဦးကျော်သူရ-ဒေါ်စပယ်ဖြူထွေး(ခ)မ ဆောင်းတို့၏ဖခင်၊ မြေး ၂၇ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီ တွင် ထိုင်းနိုင်ငံ၊ ရနောင်းမြို့ သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသား/ အသင်းသူများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညွန့်ညွန့်(တာမွေ)

### အသက်(၈၁)နှစ်

ကိုညီညီကျော် (English Guide)၏မိခင်ကြီး ဒေါ်ညွန့်ညွန့် အသက်(၈၁)နှစ်သည် ၄-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကိုအောင်၊ မအေး၊ ကိုဇာနည်**
**Adventure Myanmar Tours & Incentives (မိသားစု)**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးသာထွေး

### မြို့နယ်တရားသူကြီးဟောင်း၊ အောင်ဆန်း(၇)

### အသက်(၇၅)နှစ်

အောင်ဆန်း(၇)တရားရေးအရာရှိသင်တန်းဆင်း သူငယ်ချင်း ဦးသာထွေးသည် ၃-၁-၂၀၂၀ရက်တွင် ကျောက်ဆည်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇) တရားရေးအရာရှိ သင်တန်းဆင်းသူငယ်ချင်းများ**

---

## ဦးသိန်းကျော်

## ရမ်းဗြဲ

### အသက်(၇၂)နှစ်

(ဦးဖိုးစိန်-ဒေါ်စိန်ယုံ)တို့၏သား၊ (ဦးမောင်လှအောင်-ဒေါ်အေးဖြူ)တို့၏သားသမက်၊ ဦးစောနောင်-ဒေါ်တင်စိန်တို့၏ မောင်၊ ဦးသာလှိုင်-ဒေါ်ဝိုင်းတင်တို့၏အစ်ကို၊ ဒေါ်လှဖြူ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဖြူဖြူကျော်၊ ဆန်းဖြိုးကျော်(ခ)မောင်ပုတုတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၅-၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ ဓမ္မသုခအတွင်းလမ်း၊ အမှတ်(၁၀၅) နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါ မည်။)

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နန်းစန်းညွန့်(နမ့်ဆမ်မြို့)

### အသက်(၇၂)နှစ်

ဒေါ်နန်းစံဟွန်း(English Guide) ၏မိခင်ကြီး ဒေါ်နန်းစန်းညွန့်သည် ၄-၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုအောင်၊ မအေး၊ ကိုဇာနည်**
**Adventure Myanmar Tours & Incentives (မိသားစု)**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒု-အရာခံဗိုလ်အောင်နိုင်(ငြိမ်း)(ခ) ဦးကာဟင်း

### ရေ/၁၄၄၉၅ မြောင်းမြ

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂျွန်ရပ်ကွက်၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာအိမ်ရာ၊ တိုက်(၂)၊ အခန်း(၄၀၄)နေ (ဦးစစ်ရုံ-ဒေါ် ချစ်စိန်)တို့၏သား၊ (ဦးကင်မီရာ-ဒေါ်ရှောက်ဝါ)တို့၏သားသမက်၊ ဦးသန့်ဇော်ဦး-ဒေါ်ခိုင်ဇင်ဦး၊ ဦးစိန်လွင်-ဒေါ်သဇင်အေးနိုင်၊ ဦးကျော်ဘုန်းဝင်း-ဒေါ်ရည်မွန်မြင့်တို့၏ချစ်လှစွာသောဖခင်၊ မဖြူဖြူကျော်သန့်၊ မသန္တာထွန်း၊ မောင်သော်ဇင်၊ မောင်လင်းထက်၊ မမေဘုန်းပြည့်၊ မရွှန်းလဲ့ရတနာတို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်အေးအေးရီ၏ချစ်လှစွာသောခင်ပွန်း ဦးအောင်နိုင်သည် ၄-၁-၂၀၂၀ရက် (စနေနေ့) ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီ တွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးစန်းငွေ

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ အမှတ် ၁၁၅၁နေ (ဦးမောင်မောင်-ဒေါ်အေးကြိုင်)တို့၏သား၊ မိုးကုတ်ဓမ္မကထိက ဆရာကြီး (ဦးလှဖေ-ဒေါ်ကျင်ငွေ)တို့၏သားသမက်၊ နိုင်ငံကျော် ဓမ္မကထိက ဆရာကြီး ဦးစော အောင်-ဒေါ်သန်းသန်းလွင်၊ (ဦးကျော်)-ဒေါ်တင်ကြည်တို့၏တူ၊ (ဦးဟန်ထွန်း-ဒေါ်မြရှိန်)၊ (ဦးဘမြင့်)-ဒေါ်အုန်းနုတို့၏ညီ၊ ဒေါ်တင်သန်း ၏ မောင်၊ ဆရာမ ဒေါ်နုနုရီ [ကထိက၊ဓာတုဗေဒဌာန၊DSTA(တပ်မတော်နည်းပညာတက္ကသိုလ်)] ၏ဖခင်၊ ဒေါ်သန်းအေး(အငြိမ်းစား၊ (ဥက္ကလာဘီစကစ်စက်ရုံ)၏ချစ်လှစွာသောခင်ပွန်းသည် ၄-၁-၂၀၂၀ ရက် ည ၈:၃၅ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ရှင်ဗွေယန်၊ တံတားဦး၊ မိုးမိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာ » ၁၃

ထရီပိုလီမြို့ရှိ စစ်ဘက်လေ့ကျင့်ရေးကျောင်း စီးနင်းတိုက်ခိုက်ခံရမှုကြောင့် ၂၈ ဦးထက်မနည်းသေဆုံး

စာ » ၁၄

အီရတ်နိုင်ငံရှိ အမေရိကန်သံရုံးအနီးတွင် ဒုံးကျည်များ ကျရောက်

စာ » ၁၅

# ၂၀၂၀ ချာရတီဖလားပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၀ ရာသီ MFF ချာရတီဖလားပြိုင်ပွဲကို ယနေ့ညနေပိုင်းက YUSC ကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း ဗိုလ်စွဲခဲ့သည်။

ဘောလုံးပွဲမစတင်မီ R ဇာနည်၊ ဖြိုးကြီး၊ လွှမ်းပိုင်၊ မိုးမိုးစသည့် နာမည်ကြီးအနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး ပရိသတ်များအတွက် ကံစမ်းမဲအစီအစဉ်လည်း ထည့်သွင်းပြုလုပ်ပေးခဲ့သည်။

ချာရတီဖလား ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေနှင့် တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်သည်။

ချာရတီဖလားပြိုင်ပွဲတွင် ရှမ်းယူနိုက်တက် အသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻



ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ- ဖိုးသော်ဇင်

# ဖျာပုံမြို့၌ ကျင်းပသည့် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ ပြိုင်ပွဲဝင် ၁၁၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်

ဖျာပုံ ဇန်နဝါရီ ၅

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် Pyapon Cycling Group က ကြီးမှူးကျင်းပသည့် မြန်မာတစ်နိုင်ငံလုံး ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ ကျင်းပရာ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင် ၁၁၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို အသက် (၁၈) နှစ်မှ (၃၅) နှစ်အထိ၊ အသက် (၃၅) နှစ်အထက်နှင့် အလွတ်တန်းဟူ၍ အတန်း သုံးတန်း ခွဲခြားကျင်းပပေးခဲ့ပြီး ပြိုင်ပွဲဝင်များသည် ဖျာပုံ-ဘိုကလေး ကားလမ်းမမှ ဘန်ဘွေးစုကျွန်းပတ်တာ (လမ်းကြမ်း) တစ်ပတ်၊ ထိုမှတစ်ဆင့် ကိုးအိမ်တန်းကျေးရွာ၊ မမိုးကျေးရွာ၊ ဖျာပုံတမံကျေးရွာ၊

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍



ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲဝင် အားကစားသမားများအား တာလွှတ်ပေးရန် ပြင်ဆင်နေစဉ်။

# အင်္ဂလန်အက်ဖ်အေဖလား တတိယအဆင့် ပွဲစဉ်များယှဉ်ပြိုင် မန်စီးတီးနှင့် လက်စတာနိုင်ပြီး မန်ယူသရေကျ

အင်္ဂလန်အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များကို ဇန်နဝါရီ ၅ ရက် တနင်္ဂနွေနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အီတီဟတ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် မန်စီးတီးနှင့် ပေါ့ဗယ်လီပွဲတွင် လေးဂိုး-တစ်ဂိုးဖြင့် မန်စီးတီးအသင်းက အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်မန်စီးတီးသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ပေါ့ဗယ်လီသည် ၄-၄-၂ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပွဲချိန် ၁၉ မိနစ်တွင် ကွင်းလယ်ကစားသမား ဇင်ချန်ကိုက မန်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၃၅ မိနစ်တွင် ပေါ့ဗယ်လီတိုက်စစ်မှူး ပိုပီက ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ မန်စီးတီးအတွက် အနိုင်ဂိုးများကို ပွဲချိန် ၄၂ မိနစ်တွင် အဂူရို၊ ၅၈ မိနစ်တွင် ဟားဝုဒ်ဘယ်လစ်နှင့် ၇၆ မိနစ်တွင် ဖိုဒန်တို့က သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် ပရီမီယာလိဂ်ထိပ်သီးအသင်းနှင့် လိဂ်(၂)မှ ကလပ်အသင်းတွေ့ဆုံမှုမှာ ခြေစွမ်းကွာခြားမှုရှိခဲ့ပြီး ပေါ့ဗယ်လီသည် ဂိုးသွင်းခွင့် တစ်ကြိမ်သာရရှိခဲ့ကာ ယင်းအခွင့်အရေးကို အကောင်းဆုံးအသုံးချ၍ ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❒

စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .
ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။